www.burmeseclassic.com

ကြယ်ပွင့်စာပေ

# ဝေမှူးသွင်

# အလင်းခက်ဆစ်

လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အလင်းစက်ဆစ်

## ဝေမှူးသွင်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| တာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၆၃၂၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၅၁၅၀၅၀၉ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဖွန်လ၊ ၂၀၀၉ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | သားကျော် |
| အဖုံးဖလင် | – | EMPIRE |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်အေးမြင့် (၀၅၉၀၁) |
| မျက်နှာဖုံးပုံနှိပ် | | ရာပြည့်ပုံနှိပ်တိုက်<br>တိုက်ခွဲ ၁၉၉၊ လမ်း၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးကျော်ဟင်း<br>ယုံကြည်ချက်စာပေ (မြဲ–၀၉၁၀)<br>အမှတ် ၁၁၁ ၊ ၃–ထပ် (ညာ)၊<br>၃၃လမ်း၊ ကျောက်တံတားမြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

ဝေမှုံးသွင်

အလင်းခက်ဆစ် / ဝေမှုံးသွင် – ရန်ကုန်။

ယုံကြည်ချက်စာပေ၊ ၂၀၀၉။

၁၉၆ – စာ ၁၂ စင်တီမီတာ x ၁၈ စင်တီမီတာ။

BURMESE CLASSIC .com

## (၁)

ပြတင်းတံခါးအဖွင့်တွင် လိမ္မော်ရောင် အလင်းတန်းများကို အကြိုထောက်နေသော နံနက်ခင်းတစ်ခုက သူ့အားကြိုဆိုလျက်ရှိပါသည်။ ပြာရီရှင်းလက်နေသည့် ကောင်းကင်ကို ငေးမောကြည့်ရင်း သူတစ်ချက်သန်းဝေလိုက်မိ၏။ ထို့နောက် သူက လတ်ဆတ်ဆွတ်ပျံ့သော လေနုတို့ကို အဆုတ်ထဲသို့ တဝကြီး ရှိုက်သွင်းပစ်လိုက်ပြန်သည်။

သူ့နာမည်က.အလင်းရောင်။ ဒီအဆောင်မှာ အလင်းရောင်တစ်ယောက် အခုလို အစောကြီးအိပ်ယာထဖြစ်နေတာက အကြောင်းရှိသည်။ အိပ်ယာထနောက်ကျလျှင် အဆောင်ကကောင်များနှင့် အိမ်သာလုရမည်။ သွားတိုက်ဆေးဗူးကို အတွင်းအားသုံးရမည်၊ အဆိုးဆုံးက ဟိုကောင်တွေ မျက်နှာသစ်ပြီး သုတ်ထားသည့် တဘက်စိုစိုကြီးနှင့် ကိုယ့်မျက်နှာကို ထပ်မသုတ်ချင်၊ ရွံသည်၊ နောက်တစ်ချက်က မနက်ခင်းလေးများ၏ မရှိုးနိုင်သောအလှကို သူက ဝိရိယနှင့် ပေး



www.burmeseclassic.com

www.burmeseclassic.com



[illegible]ရနေခြင်း ဖြစ်သည်။

"ကြည့်ပါဦး . . . အပ်ချည်ရာ၊ မနက်ခင်းလေးဟာ အသံမပါတဲ့ သီချင်းလေးလို၊ တိတ်ဆိတ်မှုက ပြုံင်ဘက်ကင်းမဲ့နေလေရဲ့ကွာ၊ [illegible]လောက်များ လှပလိုက်သလဲ"

"အေးကွာ၊ ခလုတ် မင်းဟာလေ ကဗျာဆရာလို့ မပြောရဘူး၊ ဒီလိုစိတ်ကူးလေးတွေ အမြဲကွန့်မြူးနေတာပဲ"

သူခံစားနေသော စကြာအာရုံကို အပ်ချည်နှင့်ခလုတ်တို့၏ အုံကြောင်ကြောင် စကားသံများက ရုတ်တရက် ဖျက်ဆီးပစ်လိုက်၏။ ခရံတာမှာရပ်နေသည့် အလင်းရောင်ကိုတွေ့တော့ ဖောင်းပွနေသော မျက်နှာကြီးနှင့် ခလုတ်က ပြုံးကာလှမ်းနှုတ်ဆက်ပါသည်။

"ဒိုး . . ငါ့ကောင်က အစောကြီးနိုးနေပြန်ပြီ၊ နောက်နေ့ကစပြီး အစောဆုံးထတဲ့လူ လက်ဖက်ရည်တိုက်ကြေး လုပ်ရတော့မယ် ထင်တယ်"

ခလုတ်စကားကြောင့် အလင်းရောင်က မျက်မှောင်ကုတ်ရင်း . . .

"အောင်မာ . . ကိုယ့်ဟာကိုယ် စောစောထတာ၊ ဘာဖြစ်လို့ မင်းတို့ကို လက်ဖက်ရည်တိုက်ရမှာလဲ အဝေးကြီး . . ."

"ဟေ့ကောင် ပုလင်း . . မသိချင်ယောင်ဆောင်ပြီး လူလည်လိုလို၊ ပန်ကာလိုလို လုပ်မနေနဲ့၊ မင်းနေ့တိုင်း အစောကြီးထပြီး သွားတိုက်ဆေးတွေ ဖျစ်ညှစ်သုံးတယ်၊ အခု အိမ်သာရေကို မင်းသုံးတာ ဖင်ကပ်ပဲကျန်တော့တယ်ကွ၊ ပြီးရင် ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ မီးပူကျအင်္ကျီတွေကိုရွေးပြီး ဝတ်သွားဦးမယ်၊ မသိတာကျနေတာပဲ"

သူ့ကို ယောက်ျားလေးသူငယ်ချင်းများက ပုလင်းဟု နာမည်ခြောင်ခေါ်၍ ကောင်မလေးများက အလင်းဟုခေါ်ကြသည်။ ခုလည်း [illegible]အပြောက မှန်သင့်သလောက်မှန်နေသဖြင့် အလင်းရောင်က





[illegible]နဲ့ရယ်ပြုပြီး . . .

"ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ ငါက ခုမှစောစောထတတ်တာ မဟုတ်တာ၊ မင်းတို့လည်း အသိပဲလေ၊ ပြီးတော့ ငါက မင်းတို့လောက် မချောတော့ အဝတ်အစားလေး၊ ဘာလေး ကူရတာပေါ့ကွ . . ဟဲ . . ဟဲ . . ."

တမင်ပြောက်မှန်းသိသော်လည်း ခလုတ်မှာ အပြောက်မခံနိုင်။ အင်္ကျီကော်လံလေးကိုထောင်၍ ကိုယ့်ရုပ်ကိုမှ အားမနာဘဲ ဘဝင်လေဟပ်သွား၏။

"ကုသိုလ်ပေါ့ကွာ၊ ကုသိုလ်ကောင်းလို့လည်း ခုလို . . ."

စကားပင်မဆုံးလိုက်ချေ။ အပ်ချည်က ကြည့်မရတော့သဖြင့် ဝင်ပြီးတွယ်တော့၏။

"စောင်းနေတာလေ . . မင်းမျက်လုံးကြီးက၊ တော်ကွာ ခလုတ်၊ မင်းဟာလေ ပြောက်ပေးလို့ပေးမှန်းလည်း မသိဘူး၊ ငပေါ"

အပ်ချည်အပြောက ခလုတ်၏ရင်ဘတ်ကို ကြိမ်နှင့်ဖြတ်ရိုက်လိုက်သလိုဖြစ်သွား၍ ဆွေ့ဆွေ့ခုန်ကာ . . .

"ဟေ့ကောင် အပ်ချည်၊ မင်းဘာစကားပြောတာလဲ၊ ခုနကတော့ ငါ့စိတ်ကူးလေးတွေက အမြဲကွန့်မြူးလန်းဆန်းနေတာဆို၊ ခုမှ မင်းက အပုတ်ချတာလား"

"ထင်ချင်သလိုထင်ကွာ၊ မင်းနဲ့ စောစောစီးစီး သောက်စကားမများချင်လို့ ငါက မင်းရဲ့အကြောင်းကြောင် ကာရံနဘေတွေကို ထောက်ခံလိုက်တာ၊ မင်းကိုယ်မင်း သိပ်ဟုတ်လှပြီ မထင်လိုက်နဲ့ . . ."

"တောက်! . . အပ်ချည်၊ မင်းကွာ . . မင်း . . မင်း . . ."

နှစ်ဦးစလုံး ဒေါသတွေ အထွတ်အထိပ်ရောက်လာသောကြောင့် သဲကြီးမဲကြီးမဖြစ်ခင် အလင်းရောင်ကပဲ လက်ဖက်ရည်ဖိုး အကုန်ခံပြီး ရင်ကြားစေ့ပေးလိုက်ရပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ထဲ . . တော်ကြပါတော့ကွ၊ လာကြ . . လာကြ ငါမင်းတို့ကို လက်ဖက်ရည်တိုက်ပါ့မယ်"

လက်ဖက်ရည်ဆိုင်ရောက်တော့ တစ်မြို့တစ်ရွာကလာကြသည့် အဆောင်နေသူငယ်ချင်းများ၏ ထုံးစံအတိုင်း ခုနက ဘာမှမဖြစ်ခဲ့သည့် တယီးဟီး၊ တဟားဟားနှင့်၊ အဆောင်နေသူငယ်ချင်းဘဝသည် ဘယ်နေရာမှာမဆို ထိုတဲ့သို့ပင် ဖြစ်ပါသည်၊

အဆောင်သားများစွာအနက် သူတို့သုံးဦးမှာ မေဂျာတူ အဆောင်တူတွေမို့ ပိုပြီးတွဲဖြစ်နေကြခြင်း ဖြစ်သည်။ ခလုက်သည် ရှိုင်းပြည်နယ်သံတွဲမြို့မှဖြစ်ပြီး သူ့မိဘတွေမှာ အုန်းခြံတွေ၊ ငါးဖမ်းစက်လှေတွေ ပိုင်ကြောင်းကို သူက အမြဲပြောပြလေ့ရှိ၏။ ဟုတ်မဟုတ်တော့ ဘယ်သူမှ သေချာမသိပါ။ ထမင်းဆိုင်လခနှင့် အဆောင်လခကိုတော့ နှစ်လမှတစ်ခါပေါင်းရှင်းတာ တွေ့ရသည်။ ကျောင်းမှာလည်း ကဗျာဆရာဆိုပြီး ဟိုလူ့ဆီက၊ ဒီလူ့ဆီက လက်ဖက်ရည် အမြဲကပ်သောက်၏။ အဆောင်မှာဆိုလည်း ဇာတ်က အမြဲနာပြသည်။ မူးလျှင် အသံဝါဝါကြီးနှင့် ကဗျာတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ရွတ်တတ်သည့်ကိစ္စမှာ အဆိုးဆုံးဖြစ်သည်။ သူငယ်ချင်းများအဖို့ အတော်အောင့်အီးသည်းခံ ပေါင်းသင်းရလောက်အောင် ခလုတ်က စွမ်း၏။ သူ့နာမည်အရင်းက အောင်မျိုး။ တစ်ကိုယ်လုံးမှာ ဘယ် ခလုတ်နှိပ်နှိပ် ကဗျာတွေပဲထွက်သည်ဟု ခဏခဏပြောလွန်းသောကြောင့် ခလုတ်ဆိုပြီး နာမည်ပြောင် တွင်သွားရသည်။

အပ်ချည်ကျတော့ မကွေးဇာတိ . .။ အညာသား၊ အသားမဲလှသည်။ ဒီကောင်ကလည်း တစ်ဘာသာဖြစ်သည်။ ကိုယ်နှင့်ဆိုင်ဆိုင်၊ မဆိုင်ဆိုင် နေရာတကာ ဝင်ရှုပ်တတ်သဖြင့် တစ်ယောက်ယောက်နှင့် အမြဲလုံးထွေးနေတတ်သည်။ ထို့ကြောင့် အပ်ချည်ဟူ၍ အမည်တွင်၏။ နာမည်အရင်းမှာ ဇင်ထွန်းဖြစ်သည်။





အလင်းရောင်က ပြည်သားဖြစ်သည်။ ပြည်သားဆိုတော့ ပျားသေပေါ့။ အလင်းရောင်မှာက အမေမရှိတော့။ အဖေတစ်ခု သားတစ်ခု။ သူ့မှာလည်း ဒီလိုရန်ကုန်မှာ ကျောင်းလာတက်ခွင့်ရအောင် အဖေ့ကို မနည်းအတိုက်အခံလုပ်ထားရသည်။ အဖေက ပြည်မှာ စီးပွားရေးလုပ်ငန်းတွေရှိသဖြင့် အိမ်အလုပ်ဝိုင်းကူလုပ်ရင်း သူ့ကို အဝေးသင်တက္ကသိုလ်ပဲ တက်စေချင်၏။ အလင်းရောင်က ရန်ကုန်မှရန်ကုန်ဖြစ်နေ၍ အဖေဖြစ်သူခမျာ လက်လျှော့ထားရသည်။ အလင်းရောင်ကိုလည်း သူငယ်ချင်းတွေက တစ်ခါတစ်ရံ နာမည်ပြောင် ပုလင်းထောင်ဟုခေါ်ကြ၏။

ခြောက်မိုင်ခွဲရှိ သူတို့နေသော အဆောင်တွင် ကျောင်းသားနှင့်အလုပ်သမား စုစုပေါင်း နှစ်ဆယ်လောက်ရှိသော်လည်း၊ သူတို့သုံးဦးမှာ ကျောင်းသားချင်းလည်းဖြစ်၊ တစ်နှစ်ထဲ၊ တစ်မေဂျာထဲလည်းဖြစ်၍ အမြဲလိုလို တွဲဖြစ်နေလေသည်။ ဘာလုပ်လုပ် တကျိတ်ထဲ၊ တညာဏ်ထဲ ရှိတတ်၏။ ကျောင်းသားဘဝ၏ ပျော်ရွှင်လှိုက်မောဖွယ် ဖြတ်သန်းမှုတွေကို အပြည့်အဝ စားသုံးနေရပေမယ့်လည်း တက္ကသိုလ်ကျောင်းသားဘဝတွင် အရေးပါဆုံး ကိစ္စတစ်ရပ်ဖြစ်သည့် ရည်းစားထားခြင်းအလုပ်ကိုတော့ သူတို့သုံးဦးစလုံး အခုထိ မေ့လျော့နေမိကြသည်။ တခြားလူတွေသာ ရည်းစားကိုယ်စီရသွား၏။ သူတို့သုံးယောက်မှာတော့ ဟေးလားဝါးလားနှင့် တစ်နှစ်ကုန်လွန်ခဲ့ပြီး၊ အခုဆို ဒုတိယနှစ်သို့ပင် ရောက်လာခဲ့ပြီ။

မတော်တဆများဖြင့် ကျွမ်းကျင်စွာ ပြုလုပ်ထားသော အရာဘို့တွင် အချစ်သည် တစ်နေရာရာ၌ ရပ်စောင့်နေတတ်မှန်းကို သူတို့လည်း သိပါသည်။ သို့သော်လည်း သူတို့က သိသိကြီးနှင့် တမင်တကာ ဥပေက္ခာပြုထားကြခြင်း ဖြစ်လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ဒီနေ့က တနင်္ဂနွေပိတ်ရက်မို့ အဆောင်မှာ လူစုံလျက်ရှိသည်။

"လိုက်ခဲ့ပါ အလင်းရာ၊ စံပယ်က အမိက မင်းကိုဦးတည်ပြီး ဖိတ်လိုက်တာကို . . ."

သူ့တို ခလုတ်က အတင်းခေါ်နေ၏။ အလင်းရောင်က စိတ်ညစ်စွာဖြင့် ခေါင်းကုတ်ဖင်ကုတ်လုပ်ရင်း . . .

"ဖိတ်တော့ ဖိတ်တာပဲလေ၊ ဒါပေမယ့် ငါမှမသွားချင်တာ၊ မင်းတို့ပဲ သွားလိုက်ကြပါကွာ"

"မရဘူးကွာ . . လိုက်ရမယ်၊ မင်းမလိုက်ရင် နောက်နေ့ အကျိုးအကြောင်းမေးတဲ့အခါ မင်းမလိုက်ချင်လို့ ငါတို့လည်းမရောက်တာလို့ စံပယ်ကို ပြောလိုက်ရုံပဲ၊ ရတယ် ဓော့ကောင်"

မကျေမနပ်ပြောရင်း ဝတ်ထားသော အကျီကိုပြန်ချွတ်ကာ အပ်ချည်က တိုက်စစ်ကိုဖွင့်လိုက်၏။ ဒီလိုဆိုတော့လည်း အလင်းရောင်





မှာ မငြင်းနိုင်တော့ချေ။ တော်ကြာ ကိုယ့်ကြောင့်တခြားလူတွေပါ လူမှုရေးပျက်ကွက်သလို ဖြစ်ရဦးမည်။ နောက်ပြီး သူငယ်ချင်းမလေးတွေ စိတ်ဆိုးရင် ပိုက်ဆံချေးလို့မရ ဖြစ်တတ်သည်။ မဟုတ်ပါလား။ ထို့ကြောင့် အလင်းရောင်လည်း လေပူကြီးကို မှုတ်ထုတ်ပစ်လိုက်ပြီး-

"ကဲပါကွာ၊ လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် ခဏပဲနော်၊ စားပြီးရင် ချက်ချင်းပြန်မယ်"

"အောင်မာ . . စားပြီးရင် ပြန်ရမှာပေါ့ကွ၊ မင်းကိုလည်း စံပယ်က သူ့အိမ်မှာ ခေါ်မထားပါဘူး"

အပ်ချည်က ဟောက်လိုက်သော်လည်း စံပယ်သည် အားလုံးထဲမှာ အလင်းရောင်ကို အရေးပေး၍ဆက်ဆံမှန်း သူသိပါသည်။ စံပယ်လို ရုပ်ချောသဘောကောင်းလေးကိုပင် ဒီပုလင်းထောင်က စိတ်မဝင်စား။ ခပ်တည်တည်နှင့် မသိသလိုပင်။ ခုလည်း ဒီကောင်မသွားချင်တာကို ရိပ်မိကြ၏။ သူတို့ကတော့ ပုလင်းကိုမှီပြီး ကြဲစုပ်ရမည်မို့ ဒီကောင့်ကိုရအောင်ခေါ်ကာ တက်ကြွစွာ လာခဲ့ကြပါသည်။

ခြံထဲရောက်သောအခါ သူတို့ထင်ထားတာထက် စံပယ်သည် ပိုပြီးချမ်းသာမှန်း အကဲခတ်လိုက်မိကြ၏။ မျှော်နေပုံရသော စံပယ်က အလင်းရောင်တို့ကိုမြင်မြင်ချင်း အိမ်ဝသို့ အပြေးလေး ထွက်လာကာ ကြိုရှာသည်။

"ဟယ် . . အလင်းတို့ပါလား၊ လာလာ . . အပေါ်တက်ခဲ့၊ ငါက နင်တို့တွေ မလာတော့ဘူးလားလို့"

စံပယ်က ခပ်ချွဲချွဲအသံလေးနှင့် အရေးတယူပြောနေမှန်း သိ၍၊ အပ်ချည်က ထုံးစံအတိုင်း တဟဲဟဲရယ်ရင်း ဝင်ထွေးပါတော့သည်။

"အမလေး . . စံပယ်ရာ၊ ဒီကောင်လား မလာမှာ၊ ငါတို့ မလိုက်ရင်တောင် တစ်ယောက်ထဲ နင့်ဆီသွားမယ်ချည်းပဲလုပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



အပ်ချည်တို့က စပြီ။ အလင်းရောင်စိတ်ထဲမှာ အပ်ချည်အား တစ်တစ်ခွခွကျိန်ဆဲရင်း စံပယ်ကိုတော့ မချိပြုံးလေးသာ ပြုံးပြလိုက်ရ၏၊ အရေးထဲ စံပယ်က ရှက်သလိုလို လုပ်ပြနေသေးသဖြင့် အလင်းရောင်လည်း မအီမလည်ကြီး ဖြစ်သွားရ၏။ စိတ်လေလေနှင့် အလင်းရောင်သည် သူ့ (scholl) ဖိနပ်လေးကို အပေါက်ဝမှာချွတ်ပြီး အပေါ်ထပ်သို့ လိုက်တက်လာခဲ့သည်။

စံပယ်တစ်ယောက် နောက်ဖေးမှာ စားစရာတွေ သွားဝင်ယူတော့မှ အလင်းရောင်က အပ်ချည်ကို ခြေထောက်နှင့်လှမ်းကန်၍-

"ဟေ့ကောင် . . လျှောက်ကျပ်မနေနဲ့၊ တော်ကြာ စံပယ်က တစ်မျိုးထင်နေဦးမယ်"

"တစ်မျိုးထင်သွားလည်း အဆိုးမမြင်နဲ့ပေါ့ကွာ၊ မင်းအချိုးပြင်လိုက်ရင် ပြီးပြီပေါ့ ပုလင်းရ . . ."

ခလုတ်က ဝင်ပြောလိုက်ခြင်းဖြစ်၏။ အရေးထဲ ဒီကဗျာဆရာကတစ်မျောက်။ မဟာကဗျာကဝိကို သူလည်း ဘယ်လိုဆုံးမသွန်သင်ရမှန်း မသိချေ။ ပြောလိုက်ရင် နဘေတွေက ပါသေးသည်။ အလင်းရောင်မှာ လေအကုန်မခံတော့ဘဲ ရောက်ရှိလာသည့် စားစရာတွေတိုသာ ဒါနမြောက်အောင် သွတ်သွင်းနေ ပိုက်သည်။ အားလုံးစားသောက်လို့ပြီးသွားမှ သူက . . .

"စံပယ်ရော့ . . နင့်အတွက် မွေးနေ့လက်ဆောင်၊ ခဏနေရင် ငါတို့လည်း ပြန်ဦးမယ်"

ဟိုနှစ်ကောင်ကတော့ သူ့လိုမွေးနေ့လက်ဆောင်ကို အပြိုင်လိုက်မပေးကြပါ။ တခြားသည့်သည်တွေကို မမြင်ဖူးဟန်ဖြင့် လျှောက်ငေးကြည့်နေလေသည်။ ထိုအပြုအမူမျိုးကို ရှူချင်ယောင်ဆောင်ခြင်းဟု ခေါ်နိုင်ပါသည်။

စံပယ်က သူပေးသော လက်ဆောင်ကိုလှမ်းယူရင်း မျက်နှာ





ညှိုးငယ်စွာ ပြောလိုက်၏။

"ဟင် . . နင်တို့ကလည်း နေပါဦးဟာ၊ ချက်ချင်းကြီး . . ."

"အေးဟ . . ပြန်တော့မယ်၊ ငါ့မှာ သွားစရာလေးရှိသေးလို့ပါ၊ ကျေးဇူးပဲနော် စံပယ်"

"ရပါတယ် . . အလင်းရာ . . ."

"ဟုတ်တယ်ဟ . . ဒီကောင် အလင်းရောင်က မအားတဲ့ကြားထဲက နင့်မွေးနေ့မို့သာ လာတာ . . ."

ခလုတ်က နောက်ဆုံးပိတ်အိပ်နဲ့လွယ်သည်။ လုံးဝမဖြစ်တော့ . . .။ ဆက်ထိုင်နေလျှင် ဒီကောင်တွေကို လူကြားထဲ နရင်းထအုပ်မိပေလိမ့်မည်။ စံပယ်ကို နှုတ်ဆက်ပြီး သူအိမ်ပေါ်က ဆင်းလာခဲ့၏။

မွေးနေ့အလှူပွဲမှာ လူတွေများလှသော်လည်း ချမ်းသာသောအသိုင်းအဝိုင်းဖြစ်သောကြောင့် သူ့ (scholl) ဖိနပ်လေးကို ကျန်းကျန်းမာမာ ပြန်လည်တွေ့ရပါသည်။ ဒါတောင် နေရာနည်းနည်း လွဲချင်နေသေး၏။ လူတွေကများတော့ တိုးမိ၊ တိုက်မိပြီး ရွေ့သွားတာ ဖြစ်မှာပေါ့။ ထိုအတွေးနှင့် အလင်းရောင်က ဖိနပ်လေးကို စီးလိုက်၏။

"ဟင် . . ."

ဘယ်လိုဖြစ်သွားတာပါလိမ့်။ ဒီဖိနပ်၊ ဒီတံဆိပ်၊ ဒီအရောင်၊ ဒီတစ်ရုံထဲ၊ ဒီနေရာမှာ ချွတ်ထားတာမို့ ဘယ်လိုမှ မှားစရာမရှိပေ။ ခုတော့ ဖိနပ်က သိသိသာသာကြီးကျပ်နေ၏။ ခြေထောက်ကို မနည်းထိုးသွင်းယူရသည်။ ကိတ်မုန့်နှစ်ချပ်၊ ရေခဲမုန့်တစ်ခွက် စားလိုက်ရုံနှင့် သူ့ခြေထောက်တွေ ဒီလောက်ကြီးသွားပြီလား။ မဖြစ်နိုင်ပါ။ အနီးအနားမှာလည်း သူ့ဖိနပ်နှင့်တူသည့်ဖိနပ်က ခပ်ဆင်ဆင်ပင်မရှိချေ။ အလင်းရောင်တစ်ယောက်ထဲ တွေဝေနေစဉ်မှာ ခလုတ်နှင့် အပ်ချည်တို့က ခြံဝသို့ရောက်နေလေပြီ။ သူလည်း မထူးတော့ပြီမို့ ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖိနပ်ထဲရသလောက်ထိုးသွင်းပြီး နောက်ကနေ ပြေးလိုက်သွားရတော့သည်။

သူခြံဝနားရောက်ခါနီးမှာ . . .

"အမလေး . . ကုန်ပါပြီဟယ်၊ ငါ့ဖိနပ်သေးသေးလေးကို သူ့ခြေထောက်ကြီးနဲ့မျှ ရအောင်ဖြကားစီးလာသေးတယ်၊ ငါ့ဖိနပ်ပြန်ပေး၊ နင်ကိုယ့်ဖိနပ်မဟုတ်မှန်း မသိဘူးလား"

ရုတ်တရက် ကောင်မလေးတစ်ယောက်က အလင်းရောင်ခြေထောက်ကိုကြည့်၍ အော်လိုက်ခြင်းဖြစ်၏။ အလင်းရောင်မှာ ကြောင်အအနှင့် . . .

"ဟင် . . ဒါမင်းဖိနပ်လား၊ ထင်တော့ထင်သားပဲ၊ ဒီလောက်ကျပ်နေတာဆိုတော့ ငါက မှားပြီလို့ထင်နေတာ . . ."

"ထင်နေရင်လည်း ဘာလို့စီးလာသေးလဲ၊ အံ့ပါရဲ့ . . ကြောင်တောင်တောင်နဲ့၊ အခုပေး ငါ့ဖိနပ် . . ."

လှတပတရုပ်လေးနှင့် သူ့ကို ဂွတီးဂွကျ ရန်တွေ့နေသောကောင်မလေးတစ်ယောက် . . .။ အလင်းရောင်က အူတူတူနှင့်ဖိနပ်ကို ချွတ်ပေးလိုက်ပါသည်။ ကြည့်လိုက်တော့ သူ့ဖိနပ်ကို သူမခြေထောက်မှာ စီးထားတာတွေ့ရ၏။ ကောင်မလေးက ချက်ချင်းပဲ အလင်းရောင်ဖိနပ်ကို ပြန်ချွတ်ပေးကာ . . .

"ရော့ . . ဒီမှာ နင့်ဖိနပ်၊ တော်သေးတာပေါ့၊ ငါ့စိတ်ထဲ ချောင်နေပါတယ်ဆိုပြီး သတိထားကြည့်လိုက်မိလို့၊ မဟုတ်ရင်တော့ သွားပြီ၊ နင်လည်း နောက်တစ်ခါဆို ကိုယ့်ဟာဟုတ်မဟုတ် ကြည့်ပြီးစီးလာ . . သိတာသွားကြမယ်"

စူပွစူပွနှင့် နင်တွေ၊ ငါတွေသုံး၍ သူမချည်းပဲ ပြောသွားသည်။ ဘယ်လိုဟာလေးမှန်းကို မသိချေ။ သူက ကိုယ်နှင့်တမ်ရာထာန်ရော ဖိနပ်ကိုပြန်ရ၍ ကြည်နူးနေမိသည်။ ဖိနပ်ကို လေးနက်စွာ





စီးစွပ်ရင်းမှ သူစဉ်းစားမိ၏။

ငါက မှားတာလား၊ သူမှားတာလား။ ဘယ်သူအပြောခံလိုက်ရတာလဲ။ ငါဖိနပ်စီးတော့ အနားမှာ ဒီ (scholl) ဖိနပ်က တစ်ရံထဲရှိတာ။ ဟာ . . ဒါဆို . . .။ သူမက စမှားပြီး ကိုယ်ကိုကျတော့ နှစ်ပြားမတန်အောင် ပြောသွားသည်။ ခုနက ကိုယ့်ဖိနပ်ကိုယ်ပြန်ရပြီဆိုပြီး ပျော်နေ၍ သူသတိမထားမိလိုက်။ သိလိုက်ရချိန်မှာတော့ အားလုံးပြီးဆုံးသွားခဲ့ပြီ။ တောက်! သိမယ် . . .။ ခွေးစုတ်ဖွားမ။

သူလည်း ဘာလုပ်ရမှန်း မသိတော့သဖြင့် ခလုတ်တိုက်ဆိုအားကိုးတကြီး လှမ်းကြည့်လိုက်၏။ နှစ်ယောက်စလုံး တစ်ယောက်မှ မရှိတော့ . . .။ အလင်းရောင်မှာ ပြန်၍အားကိုးမဲ့သွားရှာလေသည်။

* * * *

www.burmeseclassic.com

## (၃)

နောက်နေ့ကျောင်းရောက်တော့ ကင်တင်း၌ ခလုတ်တို့ပြောသမျှကို အလင်းရောင် ခံနေရပါသည်။ သူက ပါးစပ်ဆတ်ဆော့ပြီး ဟိုကောင်မလေးနှင့် ဖိနပ်မှားသည့်ကိစ္စကို သွားပြောပြမိသည်ကိုး။ အပ်ချည်နှင့် ခလုတ်တို့က ဒါမျိုးဆိုရင် ကောင်းကောင်းကြီး နှိပ်ကွပ်ရန် တာဝန်ကျေသည်။ တစ်ယောက်တစ်လှည့် ရယ်လိုက်၊ လှောင်လိုက်နှင့် နှစ်ယောက်သား အတွဲညီလှ၏။ ခဏကြာတော့ သူတို့ပြောဆိုလို့ အားရသွားပုံရသည်။ ဒါတောင်မှ ခလုတ်က အလင်းရောင်ကို စပ်ဖြဲဖြဲ ကြည့်ရင်း နောက်ဆုံးအနေနှင့် ဆော်လိုက်သေးသည်။

"ကောင်းလိုက်တာကွာ၊ လူပါးပုလင်းထိပဲ ကြားဖူးခဲ့တာ၊ ခုမှ ပုလင်းကို 'လူမ' က ရိုက်ခွဲသွားတာ . . ."

အပ်ချည်သည် သူ့ကို မထီတရီလေးကြည့်နေရာမှ တစ်စုံတစ်ရာကို သတိရသွားပြီး လှမ်းခေါ်လိုက်ပါသည်။





"အလင်း . . ."

"ဘာလဲ . . ."

မကျေမနပ်လေသံဖြင့် ပြန်ထူးသဖြင့် အပ်ချည်က မျက်နှာကို မဲ့လိုက်၏။ ပြီးမှ . . .

"မင်းကလဲကွာ၊ ငါ မင်းကို ပြောစရာရှိသေးတယ်ကွ၊ မနေ့က မင်းအဲဒီလိုဖြစ်တော့ နောက်မှာကျန်ခဲ့တယ် မဟုတ်လား၊ အေးကွာ . . ငါတို့နှစ်ယောက် အဆောင်ပြန်ရောက်တော့ ဒီကောင့်ကို မမော်ကြီးက ဆီးပြီးပြောတော့တာပဲ"

"ဟော့ကောင် . . ."

ခလုတ်က လှမ်းတားသော်လည်း အပ်ချည်မှာ ဘရိတ်အုပ်လို့ မရတော့။ မမော်ကြီးဆိုသည်မှာ အဆောင်ပိုင်ရှင် အဖိုးကြီး ဦးတင်မောင်၏ တစ်ဦးတည်းသောသမီး၊ အပျိုကြီးမမ ဖြစ်သည်။ ကြဲ့တုန်း၊ ကြဲခိုက် မမော်ကြီး၏ ဣန္ဒြေသိက္ခာရှိပုံကို ပြောပြရဦးမည်။ သူမအား ဒီအဆောင်သား တစ်ယောက်ယောက်က မတော်တဆ ယောင်မှား၍ ချစ်ကြိုက်မိပြီဆိုပါစို့။ သူမအနေနှင့် မည်သူ့ကိုမဆို လက်ခံမည့်အနေအထားမျိုး ရှိပါသည်။ သို့သော် မမော်ကြီးကို ဘယ်သူကမှ မကြိုက်ကြပေ။ ခုလည်း ခလုတ်နှင့် ဘာတွေဖြစ်ပြန်ပြီမသိ။ အပ်ချည်ကတော့ ခလုတ်ကို ဖွလေပြီ။ သူက အပ်ချည်ကို စကားထောက်ပေးလိုက်၏။

"ဟုတ်လား၊ ဘယ်လို ဆီးပြောတာလဲ"

"ဩော် . . ဒီကောင့်ဆီက အဆောင်လခ နှစ်လခကျန်တာ ဆောင်းတာလေကွာ၊ အဲဒါကို ဒီကောင်က ခဏလောက်နေပါဦး၊ နယ်က သူ့အဖေ ပိုက်ဆံမပို့သေးလို့ပါ ဘာညာဆိုပြီး တောင်းပန်တာ အပျိုကြီးက ဒီကောင်ဘယ်လိုပြောပြော လက်မခံဘူး၊ မင်းလည်း သိသားပဲ ပုလင်းရာ၊ သူ့အိမ်က ပို့လိုက်တဲ့ပိုက်ဆံဆိုတာ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



သုံးလိုက်ကုန်တာ ကြာလှပြီ။ အဲဒါနဲ့ ငါက . . .”

“ဟော့ကောင် အပ်ချည်တော်ကွာ”

ခလုတ်မှာ မျက်နှာတော်တော်ပျက်နေပြီ။ အပ်ချည်ကလည်း လုံးဝမရပ်ချေ။ အရိုးကြေကြေ အရေခမ်းခမ်း ရအောင်ဆက်ပြောမည့် ပုံပေါက်သည်။ အပ်ချည်သည် သူ့စကားအား လိုက်ဟန့်နေသော ခလုတ်ကို မကြည့်တော့ဘဲ အလင်းရောင်ဘက်လှည့်ပြီး စကားကို ဆက်၏။

“အဲဒါနဲ့ကွာ . . အဲဒါနဲ့ ငါကပဲ ကြားဝင်ပေးရတာပေါ့ . . မမော်ကြီးလို့ ဟိုတစ်ရက်က ဒီကောင့်အဖေဆီ ဖုန်းဆက်သေးတယ်လို့ အဲဒါ သူ့အဖေက ဖုန်းထဲကနေ ဒီလောက်တောင် မင်းတို့အဆောင်က ပိုက်ဆံတောင်းနေရင် အဆောင်ပိုင်ရှင်သမီးကိုပဲ ယူလိုက်တော့လို့ ပြောတယ်ဆိုပြီး ငါလည်း ဝင်ပြောပေးလိုက်တယ်”

“အဲဒီတော့ မမော်ကြီးက . . .”

အလင်းရောင်က မြန်မြန်ဝင်မေးလိုက်ပါ၏။ မျှားဦးမှာ ကိုယ့်ဘက်မှ ခလုတ်ဆီရောက်သွားပြီ။ အပ်ချည်လည်း အောင်မြင်သော အပြုံးကြီးနှင့် ဆက်လက်ဖော်ကောင်လုပ်လေတော့သည်။

“ဟဲ . . ဟဲ . . ဘာဖြစ်ရမလဲကွာ၊ အပျိုကြီးရင်တွေဖိုပြီး အိုးတွေ၊ ဟင်တွေ၊ မောင်လေးရေတွေ ဖြစ်ကုန်တာပေါ့၊ သံတွဲဆိုတော့ အိမ်က ဝေးတာပဲတဲ့၊ ဘယ်နှစ်လဖြစ်ဖြစ် အဆင်ပြေမှပေးပါတဲ့၊ ချက်ချင်းကိုပဲ မမော်ကြီးက ခလုတ်ပေါ် ပြောင်းလဲသွားတာကွာ၊ သိလား”

“အေပေး . . .”

“ဟား . . ဟား . . ဟား . . ဟား . . .”

ဝိုင်းရယ်နေသော သူတို့နှစ်ယောက်ကို ခလုတ်က နည်းမျိုးစုံသုံး၍ ကျိန်ဆဲတော့သည်။ အပ်ချည်က အရယ်ကိုရပ်လိုက်ပြီး ပြောမြန်သည်။





“အောင်မာ . . ငါက မင်းအတွက် ဖန်တီးပေးတာ၊ အခုဆို ဘယ်လောက်မိုက်လဲ၊ ကွက်တိပဲနော် အလင်း . . .”

“တော်ကြပါတော့ကွာ၊ အဲဒါကြီးနဲ့တော့ မလုပ်ကြပါနဲ့”

ခလုတ်မျက်နှာလေးမှာ ငိုရှက်လောက်သော ရှိတော့သည်။ ထိုအခြေအနေမှ ခလုတ်က ရုတ်တရက် ဝုန်းခနဲ မတ်တပ်ရပ်လိုက်၍ အလင်းရောင်နှင့်အပ်ချည်တို့ ကြောင်သွားကြ၏။ အလင်းရောင်က ဖွန်ဖြေပေးသည့်အနေနှင့် . . .

“ဟ . . ဘာဖြစ်တာလဲ၊ မင်းက စိတ်ကောက်တာလား၊ ခလုတ်ရာ ယောကျ်ားကြီးတန်မဲ့ . . .”

“ဟော့ကောင်တွေ . . ငါမင်းတို့ကို အချိန်ကုန်ခံပြီး အားအားယားယား စိတ်ဆိုးမနေနိုင်ဘူး၊ အခုဟာက ငါသွားစရာရှိသေးလို့”

“ဘယ်သွားမှာလဲ၊ အိမ်သာလား၊ သွားစားလေ၊ သွား . . ငါတို့ မလိုက်တော့ဘူး”

အလင်းရောင်က စလိုက်သော်လည်း ခလုတ်မှာ လေးနက်သည့် အသွင်အပြင်ဖြင့် . . .

“ငါ ဒီနေ့ မင်းတို့နဲ့ထိုင်ပြီး အချိန်ဖြုန်းနေရလို့ မဖြစ်ဘူးကွ၊ Chemistry ဖက်ကို သွားစရာရှိတယ်၊ မင်းထက်တို့က ကဗျာစာအုပ် ထုတ်မလို့တဲ့၊ အဲဒါ ငါ့ဆီက ကဗျာတောင်းထားတယ်၊ တော်ကြာ ငါ့ ကဗျာကိုစောင့်ရင်း စာအုပ်က ထွက်တာနောက်ကျသွားရင် မကောင်းဘူး . . .”

ပြောနေပုံက သူ့ကဗျာမပါရင်ဘဲ ထိုကဗျာစာအုပ်မှာ သိမ်ငယ်သွားမည့် အပေါက်မျိုးဖြစ်သည်။ ဒီတစ်ခါတော့ သူတို့နှစ်ယောက်စလုံး စိတ်ကောင်းဝင်ပြီး ခလုတ်၏အနုပညာကို လေးစားပေးရန် ဆုံးဖြတ်လိုက်ကြ၏။

“ဒါဆို . . ငါတို့လည်း လိုက်ခဲ့မယ်ကွာ၊ မင်းရဲ့အောင်မြင်မှု

www.burmeseclassic.com



အသီးအပွင့်တွေကို လိုက်ခံစားကြတာပေါ့"

အလင်းရောင်၏ မြောက်ထိုးပင့်ကော် အပြောကိုပင် ခလုတ်က ဘဝင်လေဟပ်ပြီး မိန့်မိန့်ကြီး မြုံးလိုက်ပါသည်။

"ဩော် . . မင်းတို့တောင်မှ ငါ့သူငယ်ချင်းဆိုတဲ့ အရှိန်အဝါကို အသုံးချရကောင်းမှန်း သိနေပြီကိုး . . ."

ဟုဆိုသို့ပြောပြီး ခလုတ်က ရင်ကော့ကာ ထွက်သွားလေသည်။ အလင်းရောင်ခမျာ ဘာမှမတတ်နိုင်ဘဲ ခံလိုက်ရ၏။ သွားမြှောက်ပေးမိသည်ကိုး ခံပေါ့ . . .။

Chemistry ကင်တင်းကိုရောက်တော့ မင်းထက်တို့က မရောက်ကြသေး . . .။ ကျောင်းသားတွေဖြစ်ပြီး အချိန်မလေးစားတာကို အလင်းရောင် လုံးဝမကြိုက်ပါ။ အခုမှတော့ စောင့်နေရုံသာ ရှိတော့သည်။ သူတို့လည်း ထိုင်စောင့်ရန် ကင်တင်းထဲမှ စားပွဲဝိုင်းများကို မျက်စိကစားကြည့်လိုက်၏။ ဟော . . တွေ့ပါပြီ။ မင်းထက်တို့တော့ မဟုတ် . . .။ သူနှင့် ဖိနပ်ချင်းမှားသွားသော ကောင်မလေး။ ဒီကင်တင်းမှာ ထိုင်နေပုံထောက်လျှင် ဓါတုဗေဒက ဖြစ်နိုင်သည်။ ဟိုနေ့က အကြောင်းကို ပြန်တွေးပြီး သူ့မခံချိမခံသာ ဖြစ်နေမိ၏။ ဒါပေမယ့် အလင်းရောင် ဘာမှမတတ်နိုင်ပေ။ ရန်သွားတွေ့ရအောင်လည်း ကိုယ်က ယောက်ျားလေး၊ သူမက မိန်းကလေးဆိုတော့ မသင့်လျော်ပြန် . . .။ ခက်လှပါလား။

သူတွေဝေနေစဉ် ခလုတ်နှင့်အပ်ချည်တို့က စားပွဲလွတ်တစ်လုံးမှာ နေရာယူလိုက်ကြ၏။ အလင်းရောင်လည်း နီးရာကုလားထိုင်မှာ ဝင်ထိုင်လိုက်ပြီး ခလုတ်ကို ခပ်တိုးတိုး လှမ်းပြောလိုက်ပါသည်။

"ဟော့ဟိုကောင် ခလုတ်၊ မင်းနဲ့တည့်တည့်ဝိုင်းက ဆံပင်အရှည်နဲ့ ကောင်မလေးကိုတွေ့လား၊ သူပေါ့ကွ၊ ဖိနပ်ချင်းမှားပြီး ငါ့ကို ရှုန်တောင်သွားတာ . . ."





အလင်းရောင်စကားကြောင့် ခလုတ်တင်မကဘဲ အပ်ချည်ကပါ ဇက်ကြီးကိုစောင်း၍ လှည့်ကြည့်လေ၏။ နောက် . . အပ်ချည်က သူ့ဘက်သို့ ပြန်လှည့်လာပြီး . . .

"စွာတယ်ဆိုတာ မင်းပြောလို့သာ ယုံရမှာ၊ သူ့ပုံစံက ဆံပင်ရှည်ရှည်လေးနဲ့ ချစ်စရာလေးနော် . . အဟီး"

အလင်းရောင်မှာ နှုတ်ခမ်းကို အသာမဲ့ပြလိုက်သည်။ ကိုယ့်ဝမ်းနာ ကိုယ်သာသိသည် မဟုတ်ပါလား။ သူမ၏စွာတေလန်တာကို မခံစားဖူးတော့ ကိုယ်ချင်းမစာနိုင်သော ခလုတ်ကလည်း . . .

"အေးကွ . . အချောလေးတွေချည်းပဲ၊ သူ့ဘေးက ဆံပင်အဖြောင့်နဲ့ ကောင်မလေးလည်း မိုက်တယ်၊ ကြည့်ရတာ နှစ်ယောက်စလုံး အနေအေးမယ့်ပုံပါ"

ပြောလိုက်မိမှပဲ သူတို့က တက်ညီလက်ညီ နှာဘူးကျနေကြပြန်၏။ အလင်းရောင်က ခေါင်းကိုရမ်းပြီး လှမ်းအကြည့်၊ စွာကျယ်မလေးနှင့် မျက်လုံးချင်းဆုံသွား၏။ ကောင်မလေး၏ မျက်ဝန်းထဲမှာ တစ်မျိုးဖြစ်သွားတာမို့ သူလည်း ဘာလုပ်ရမှန်းမသိဘဲ ဟီးခနဲ လှမ်းရယ်ပြလိုက်သည်။ ကောင်မလေးက ပြန်မရယ်ပြဘဲ မျက်နှာကို စူပုတ်၍ အကြည့်လွှဲသွား၏။ ဒါဆိုရင် သူ့ကိုမှတ်မိလို့ပဲ ဖြစ်ရမည်။

ခဏနေတော့ အလင်းရောင်မှာ မနေနိုင်ဘဲ ထပ်ကြည့်မိပြီး စိတ်ထဲတွင်လည်း တစ်မျိုးဖြစ်သွားမိသည်။ ရင်းရင်းနှီးနှီးရှိသော အသိတစ်ယောက်နှင့် တူလှချည်လား။ ဘယ်သူနဲ့တူသလဲဆိုတာကိုတော့ သူ့လုံးဝစဉ်းစားမရဘဲ ဖြစ်နေ၏။ အလင်းရောင်က မကျေမနပ်နှင့်-

"ခလုတ် . . . မင်းနေရာက ရှေ့တည့်တည့်ဆိုတော့ အဲဒီကောင်မလေးကို သေချာလေး ထပ်ကြည့်ကွာ၊ ကြည့်လိုက် . . ."

"ဟေ . . ဘာဖြစ်လို့လဲ၊ ဘာမြင်ရလို့လဲ . . ."

ခလုတ်စကားကြောင့် ဘေးနားမှာထိုင်နေသည့် အပ်ချည်ပါ



www.burmeseclassic.com

www.burmeseclassic.com



လှပ်လှပ်ရှားရှား ဖြစ်သွား၏။ နှစ်ယောက်စလုံးကို အလင်းရောင်က ခပ်တိုးတိုးဆဲရေးလိုက်ရင်း . . .

"ဟာကွာ . . မင်းတို့ကလည်း . . ငါပြောတာက ငါနဲ့ဖိနပ်မှားတဲ့ ကောင်မလေးမျက်နှာကိုကွ၊ အစကတော့ ငါလည်း အမှတ်တမဲ့ပဲ၊ ဒါပေမယ့် ကြည့်ရင်းနဲ့ ငါ့အသိတစ်ယောက်နဲ့ တူသလိုလို ဖြစ်လာတယ်၊ ဘယ်သူနဲ့တူမှန်းတော့ မသိဘူး"

အလင်းရောင်က ထိန်းထိန်းသိမ်းသိမ်းလေး ရှင်းပြလိုက်ခါမှ၊ အလိုက်ကမ်းဆိုးမသိသော ဟိုသတ္တဝါနှစ်ကောင်က ပြုံးပြုံးကြည့်၍ ပေါ်တင်ကြီး ရှိုးတော့သည်။ ထိုအခါ ကောင်မလေးနှစ်ယောက်လည်း အနေရ၊ အထိုင်ရခက်ပြီး တိုးတိုး,တိုးတိုးတွေ ဖြစ်ကုန်၏။

နှစ်ကောင်သား အငမ်းမရကြည့်လို့ အားရသွားတော့ သူ့ဘက် ပြန်လှည့်လာသည်။ ခလုတ်က ခေါင်းကို အရင်ခါလိုက်ပြီး ပြော၏။

"အေးကွ . . တစ်ယောက်ယောက်နဲ့တော့ တူသလိုပဲ၊ ဘယ်သူနဲ့မှန်းလဲ မသိဘူး"

ခလုတ်ပြောလိုက်တာကို အပ်ချည်ကလည်း ဝင်ရောက်ထောက်ခံသည်။

"တူတာတော့ တူတယ်ကွ၊ ငါ ဒီလောက်ပြုံးပြကြည့်ပြီး စဉ်းစားတာတောင် အဖြေက မရဘူး"

ဒီလိုနှင့် သုံးယောက်သား မဆီမဆိုင် တိုင်ပတ်နေကြသည်။ သူမကိုလှမ်းကြည့်လိုက်၊ ခဏစဉ်းစားလိုက်၊ စဉ်းစားပြီးတော့ ပြန်ထပ်ကြည့်လိုက် လုပ်နေနေပုံမှာ အများအမြင်တွင် ပေါ်တင်ကြီးဘူးကျသလို ဖြစ်နေလေ၏။ ထိုစဉ် ဆိုင်ထဲသို့ မင်းထက်တို့အုပ်စုကြီး ဝေါခနဲ ဝင်လာ၍ သူတို့တိုင်ပတ်နေတာလည်း ရပ်သွား၏။ ထို့နောက် သူတို့က ကဗျာစာအုပ်ကိစ္စတွေပဲ ပြောနေကြတော့သည်။ အလင်းရောင်နှင့် အပ်ချည်တို့မှာ ကိုယ်နှင့်မဆိုင်ပေမယ့်လည်း ဝင်နားထောင်နေရသည်။





ခလုတ်ကတော့ ကဗျာအကြောင်းတွေကို ကရားရေလွှတ်သလို အားရပါးရ လျှောက်ပြောနေလေသည်။

အတန်ကြာမှ သူတို့စကားဝိုင်းသည် ဆီကုန်သလို အရှိန်လျော့သွား၏။ ထိုအခါ သူလည်း စွာတေလန်လေးကို ပြန်သတိရလိုက်သည်။ ဒီကောင်မလေးကို မင်းထက်တော့သိမှာပဲ ဆိုသည့်အတွေးက အလင်းရောင်ခေါင်းထဲ ရုတ်တရက် ရောက်လာသည်။ သူက ချက်ချင်းပင်-

"မင်းထက် . . . "

"ဟေ . . ဘာလဲ၊ မင်းရော ကဗျာဝင်ရေးမလို့လား"

"ဟာကွာ . . မရေးတတ်ပါဘူး၊ ဟိုကွာ . . မင်း Chemistry က ကောင်မလေးတော်တော်များများကို သိတယ်မဟုတ်လား"

မင်းထက်က လုံးဝမစဉ်းစားဘဲ ပြန်ဖြေလိုက်၏။

"သိတာပေါ့ . . အလင်းရာ၊ ကဗျာစာအုပ်တွေ ခဏ၊ ခဏ လိုက်ရောင်းရလွန်းလို့ First Year to Final အထိ တစ်မေဂျာလုံး အကုန်သိတယ်"

"ဒါဆို . . ဟို . . . "

မင်းထက်အား မသိမသာပြရန် အလင်းရောင်လှည့်ကြည့်လိုက်တော့ သူမတို့ဝိုင်းမှာ ဘယ်သူမှမရှိတော့ချေ။ သူမတို့နှစ်ယောက် ထိုင်ခဲ့သည့် စားပွဲဝိုင်းလေးမှာ လွမ်းစရာကောင်းလောက်အောင် ပြောင်ရှင်းလျက်ရှိသည်။

"ပြောလေကွာ . . မင်းက ဘယ်သူ့ကို သိချင်တာလဲ"

မင်းထက်၏အမေးကို အလင်းရောင်လည်း ဘာပြန်ဖြေရမှန်း မသိတော့ဘဲ အိုးနင်းခွက်နင်းနှင့် . . .

"အင်း . . အဲ . . ခုမရှိတော့ပါဘူးကွာ"

"ဟေ . . ဆုံးသွားပြီလား"

မင်းထက်စကားကြောင့် သူ့ကို တစ်ဝိုင်းလုံး သောခနဲ ရယ်



www.burmeseclassic.com

www.burmeseclassic.com

ကုန်ကြတော့သည်၊ ဒီတစ်ခါလည်း အလင်းရောင်ပဲ မျက်နှာကြီးနီပြီး အရှက်ကွဲရပြန်သည်။ ဒင်းလေးကြောင့် . . .။

* * * *



(၄)

အချိန်က ပါမောက္ခ၏ သင်္ချာချိန်ဖြစ်၏။ စာသင်လို့မရလောက်အောင် အလင်းရောင်တစ်ယောက် နက်နက်နဲနဲ တွေးနေမိသည်။ မသိလျှင် မျက်မှောင်ကြုတ်ထားသည့် သူ့ပုံစံက သင်္ချာတစ်ပုဒ်ကို အပြင်းသန် ကြိုးစားအဖြေရှာနေသလိုမျိုး။ တကယ်တမ်း အဖြေရှာမရသည်မှာ ဆရာကြီးသင်နေသော သင်္ချာပုစ္ဆာများ မဟုတ်ပါ။ ဟိုစွာတေးလန်လေး ဖြစ်သည်။ ရင်းရင်းနှီးနှီး တွေ့ဖူးတာလည်း သေချာသည်။ ဘယ်မှာမှန်းတော့ မသိ။ စဉ်းစားတိုင်း သူ့မှာ ခေါင်းပူလာတာပဲ အဖတ်ထင်၏။ အဖြေပေါ်လာမလိုဖြစ်ပြီးမှ နောက်ဆုံးတွင် မဟုတ်ပြန်။ စဉ်းစားတော့ဘူးဆိုပြီး ကျွတ်ခနဲစုတ်သပ်၍ ခေါင်းကိုအားနှင့်ခါရမ်းလိုက်၏။

ဘေးမှာထိုင်နေသည့် ခလုတ်က ဆတ်ခနဲလှည့်ကြည့်ပြီး စိတ်မျက်လက်ဖျက် ဖြစ်သွားပုံရသည်။ စာသင်ချိန်၌ ကဗျာရေးနေသော


www.burmeseclassic.com

www.burmeseclassic.com



ခလုတ်က သူ့ကိုဘုကြည့်ကြည့်ကာ . . .

"ဘာဖြစ်နေတာလဲ . . ပုလင်းရာ၊ ကဗျာရေးနေတာတောင် ဘယ်ရောက်သွားမှန်း မသိဘူး၊ မင်း ငါ့ကို ဘာလို့မနာလို ဖြစ်နေရတာလဲ၊ ကဗျာဟာ ငါ့ရဲ့အသက်၊ ကဗျာဟာ ငါ့ရဲ့လက်နက်ဆိုတာ မင်းသိရဲ့သားနဲ့ . . ."

ပြောရင်းခလုတ်က ဘောပင်ကို ခုံပေါ်ပြစ်ချလိုက်သည်။ အလင်းရောင်မှာ စိတ်ညစ်နေသည့်ကြားက ငို့ချင်စိတ်ပင်ပေါက်သွား၏။ ထင်ရာမြင်ရာ လျှောက်ပြောနေသော ခလုတ်ကိုလည်း နရင်းအုပ်ချင်စိတ်တွေ ပေါက်လာမိသည်။ သူက . . .

"အရေးထဲ မင်းကတစ်မျိုးကွာ၊ ဒီမှာ စိတ်တိုနေတာကွ . . စိတ်တိုနေတာ၊ ခုထိ စဉ်းစားလို့မရသေးလို့ဟာကွာ . . ."

သူ၏မချင့်မရဲလေသံကြောင့် ခလုတ်က ဆရာကြီးသင်နေသော သင်ပုန်းကို အူတူတူနှင့် လှမ်းကြည့်လိုက်၏။

"ပုလင်းရာ . . မင်းဒီလောက်တောင် ဉာဏ်တုံးသွားပြီလား ဒီလောက်လွယ်တာလေးကို၊ ငါပြောပြမယ်၊ x က မသိကိန်းလေ၊ y နဲ့မြှောက်ရမှာ၊ ဟိုဘက်က . . ."

"တော်ပါတော့ ခလုတ်ရာ တော်ပါတော့"

မျက်ရည်တွေဝဲကျလာမတတ် အလင်းရောင်ဆို့နစ်ကြေကွဲသွားပါသည်။ ဒီကောင့်လောက် မသိဆိုးရွားနားမလည်သူမျိုး လောကကြီး၌ နောက်တစ်ယောက်ရှိမည် မထင်ချေ။ သူကြေကွဲပြီးငြိမ်နေလျှင် ဟိုကောင်ခလုတ်က ပိုဆိုးလာဦးမည်။ ထို့ကြောင့် အလင်းရောင်က . . .

"ခဏလေးသည်းခံပါကွာ . . သည်းခံပါ၊ မင်းထင်ရာတွေ စွတ်ပြီး လျှောက်ပြောမနေစမ်းနဲ့ ခလုတ်ရာ . .၊ ငါစဉ်းစားနေတာ သင်္ချာမဟုတ်ဘူးကွ၊ ဟို . . ငါနဲ့ဖိနပ်မှားတဲ့ ကောင်မလေးလေကွာ သိလား . .၊ မင်းတို့ငါတို့ သိသလိုလိုဖြစ်နေတဲ့ ကောင်မလေးလေ





အဲဒါ . . အဲဒါ . . ."

သူ့စကားကြောင့် ခလုတ်ဘေးမှ အပ်ချည်ပါ စိတ်လှုပ်ရှားလာပုံရသည်။ အပ်ချည်နှင့် ဆန့်ကျင်စွာ ခလုတ်က ချက်ချင်းငြိမ်ကျသွားပြီး ရီဝေအံ့ဆိုင်းသော လေသံအက်အက်ကွဲကွဲကြီးဖြင့် . . .

"အေးကွာ . . မင်းပြောတော့မှပဲ ငါတောင် မျက်ဝန်းလေးကို သတိရသွားမိပြီ"

အရေးထဲမှာ ကောက်ခါငင်ခါ ဘယ်ကမျက်ဝန်းက ပါလာပြန်သည်မသိ။ ခက်တော့ခက်နေပြီ။ သူစိတ်ဓါတ်ကျနေစဉ်မှာ ဉာဏ်အလွန်ပြေးသော အပ်ချည်က . . .

"ဘာလဲ . . မင်းက မမော်ကြီးရဲ့ ဂရုဏာမျက်ဝန်းတွေကို သတိသွားရတာလား"

အပ်ချည်စကားက ခလုတ်နားထဲသို့ သံရည်ပူများလို တိုးဝင်သွား၏။ ခလုတ်က အောက်သိုးသိုးမျက်နှာကြီးနှင့် အပ်ချည်ကို ပြန်ဟောက်ပစ်လိုက်သည်။

"မင်းကြီးတော်မမော်ကြီးလား၊ သွားစမ်းပါကွာ၊ ငါပြောတာက အလင်းရဲ့ကောင်မလေးဘေးက ဆံပင်အဖြောင့်နဲ့ မျက်ဝန်းညိုညိုလေးကို ပြောနေတာ . . ."

"အောင်မာ . . မင်းက . . ."

"ဟုတ်တယ်ကွာ၊ ငါ ညဆို သူ့ကို သတိရနေမိတယ်"

တစ်ခါတွေ့ဖူးရုံမျှဖြင့် ဒီလောက်ထိ ဖြစ်စရာအကြောင်းမရှိပါ။ ခလုတ်သည် အနုပညာသမားပီပီ မျက်ဝန်းညိုညိုလေးကို အတင်းခံစားနေရာ လေသံသာမက လူပါ ဆွေးဆွေးမြေ့မြေ့ ဖြစ်နေသေးသည်။ နောက်တော့ အလင်းရောင်ကို ခလုတ်က ကိုယ်ချင်းစာသည့်ပုံစံနှင့်မေးပြန်၏။

"အလင်း . . မင်း ဟိုကောင်မလေးကို စိတ်ဝင်စားနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ."

အလင်းရောင်က ခလုတ်ကို သိပ်ရှည်ရှည်ဝေးဝေး မပြောခိုင်း၍ တိုတို၊ ပြတ်ပြတ်သာ ဖြေလိုက်သည်။ အဲဒါကို ခလုတ်က . . .

"ငါနားလည်ပါတယ် . . အလင်းရာ၊ အင်းလေ . . ငါတောင် ဒီလောက်ဖြစ်သေးတာဘဲ . . ."

ခလုတ်ဖြစ်နေပုံကိုကြည့်ပြီး အပ်ချည်ပါ မျက်လုံးတွေ ပြူးကျယ်လာမိသည်။ အတန်းရှေ့မှာ ဆရာကြီးက သင်ရာသင်၊ သူတို့တွေကလည်း နောက်ဆုံးတန်းမှာ ပြောချင်ရာတွေပြောနှင့် ဟုတ်တော့ဟုတ်နေကြလေသည်။ အလင်းရောင်က အခြေအနေကို ဝင်ထိန်းသည့်အနေနှင့် . . .

"ခလုတ်ရာ . . ငါတောင်းပန်ပါတယ်ကွာ . . တော်ပါတော့၊ ငါဝမ်းနည်းလွန်းလို့ပါ"

"အချစ်မှာ ဘယ်တော့မှ ဝမ်းနည်းတယ်လို့ တောင်းပန်စရာ မလိုဘူးကွ . . ."

ပြောမိတာ မှားလေပြီ။ အလင်းရောင်လည်း ခလုတ်ကို ဘယ်လိုမှ ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့သဖြင့် မှုန်တေတေနှင့် စိုက်ကြည့်ကာ . . .

"ဟေ့ကောင် . . ငါစိတ်ဝင်စားတယ်ဆိုတာက ငါ့အသိထဲက ဘယ်သူနဲ့တူသလဲဆိုပြီးတော့ စိတ်ဝင်စားတာ၊ မင်းလို ခုမြင်၊ ခုကြိုက်ပြီး နွားသိုးလိုဖြစ်နေတာ မဟုတ်ဘူး"

ထိုသို့ အပြောခံလိုက်ရသော်လည်း ခလုတ်တို့က လုံးဝဥဿုံ မဖြုံသည့်အပြင် သူ့ကိုတောင် ပြန်ကောလိုက်သေးသည်။

"အချစ်မှာ ဘယ်အချိန်မှ ချစ်ရမယ်လို့ သတ်မှတ်ချက် မရှိဘူးကွ၊ ကဲ . . ဒါဆို ဟိုကောင်မလေးလည်း သူ့ဟာသူ ဘယ်သူနဲ့တူတူပေါ့၊ မင်းအတွက် ဘာအရေးကြီးလဲ၊ မသိရတော့ရော ဘာဖြစ်လဲ





ခင်းကရော ဘာဖြစ်လို့ အသဲအသန်ဖြစ်နေတာလဲ . . ပြော . . ."

အလင်းရောင်လည်း ဘာပြောရမှန်းမသိ ဖြစ်သွား၏။ သူက ခေါင်းကိုရမ်းလိုက်ရင်း . . .

"မသိတော့ဘူးကွာ၊ အဲဒီကိစ္စကို ငါသိချင်နေတာလည်း အမှန်ပဲ စဉ်းစားနေတာလည်း တစ်ပတ်လောက်ရှိပြီကွာ၊ အဲဒီကောင်မလေးကို ထပ်တွေ့ချင်တာတော့ ငါဝန်ခံပါတယ်"

ခလုတ်က ဆရာကြီးစတိုင်နှင့် ခေါင်းတဆတ်ဆတ်ညိတ်နေပြီး အရင်းမရှိ၊ အဖျားမရှိ ပြောလိုက်သည်။

"အဲဒါပဲလေ . . အဲဒါပဲ . . ဟဲ . . ဟဲ . . ."

"ဘာအဲဒါလဲကွာ"

"ဘာလဲဆိုတော့ . . မနက်ဖြန် ကဗျာစာအုပ်ထွက်ပြီကွ၊ ငါ Chemistry ဘက်သွားမယ်၊ မင်းလိုက်မှာလား . . ."

အလင်းရောင်သည် စာသင်နေသော ဆရာကြီးကို တစ်ခါမှ မမြင်ဖူးသလို ငေးနေမိ၏။ ခလုတ်နှင့် အပ်ချည်တို့ကလည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့မျက်လုံးထဲတွင် တစ်စုံတစ်ရာ လက်ပနေလေသည်။

ကျောင်းဆင်းပြီးမှ အဆောင်ပြန်ရောက်တော့ ရယ်စရာတစ်ခု ကြုံရသေးသည်။ မမော်ကြီးသည် ခလုတ်အခန်းထဲအထိဝင်လာကာ ကြက်အသည်းအမြစ် ဆီပြန်ဟင်းတစ်ခွက် ပို့ပေးသွားခြင်းဖြစ်၏။ ထိုနေ့က အလင်းရောင်နှင့် အပ်ချည်တို့လည်း ကြက်အသည်းအမြစ်ဟင်းကို ညစာအဖြစ် ဝင်ရောက်ချီးမြှင့်ပေးလိုက်ရသည်။ အပျိုကြီး၏ မေတ္တာတရားကြောင့် ညစာမှာ စား၍မြိန်လှ၏။ ဒီတစ်ခါတော့ ခလုတ်တစ်ယောက် ကဗျာမဆန်နိုင်တော့ဘဲ ဘူပြီး ငူငူကြီး ဖြစ်နေရှာလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၅)

ကဗျာစာအုပ် ကူရောင်းပေးရန်ဆိုသည့် အကြောင်းပြချက်နှင့် အလင်းရောင်၊ အပ်ချည်နှင့် ခလုတ်တို့မှာ Chemistry ကင်တင်းဘက်သို့ နေ့စဉ်လိုလို ရောက်ဖြစ်နေကြသည်။ အလင်းရောင်မှာ အကြံနှင့်လိုက်လာသော်လည်း သူတွေ့ချင်သည့် စွာတေလန်မလေးကို အခုထိမတွေ့ရသေး။ ကဗျာစာအုပ်တွေကိုသာ မဆီမဆိုင် လိုက်ရောင်းပေးနေရရှာသည်။ သူမကိုရှာမတွေ့၍ စိတ်ညစ်ရသည့်အထဲ ကဗျာစာအုပ်က သိပ်ရောင်းမကောင်းသဖြင့် သူပိုညစ်လာ၏။ သူတို့သင်္ချာဘက်မှာတော့ ပလီစိခြောက်ချက်တွေ လျှောက်ပြောရောင်းလျှင် စွံနိုင်သည်ဟုတွေးမိပြီး အလင်းရောင်တို့ ပြန်လာခဲ့သည်။

ထမင်းစားချိန်ဖြစ်သဖြင့် ကင်တင်းမှာ လူတွေများပြားလှ၏။ စံပယ်တို့အုပ်စုကို သူတို့လိုက်ရှာနေမိသည်။ လူနိုင်တွေဆိုတော့ တွေ့လျှင် သုံးအုပ်လောက် ရောင်းရနိုင်သည်။ အလင်းရောင်တို့အုပ်စု





တင်တင်းထဲ၌ ကိုးကန်းတောင်းမှောက် ကြည့်နေစဉ်မှာပဲ လှမ်းခေါ်သံကြားလိုက်ရသည်။

စံပယ်အသံဖြစ်၍ သူမမှာ ပိုက်ဆံကုန်ဖို့ ကံဇာတာပါလာပုံရသည်။

"ဟဲ့ . . အလင်း . . ဘာတွေလိုက်ရှာနေတာလဲ"

အလင်းရောင်က စံပယ်ကိုမြင်တော့ ဝမ်းသာသွား၏။

"အေး . . နင်တို့ကို ရှာနေတာ . . . "

စကားက ထိုနေရာမှာတင် တန့်ခနဲရပ်သွား၏။ စံပယ်က ထိုင်နေကျသူငယ်ချင်းတွေနှင့် မဟုတ် . .။ စံပယ်နှင့်အတူ တစ်ဝိုင်းထဲထိုင်နေသူမှာ သူတို့လိုက်ရှာနေသော ပဟေဠိမလေး။ ခလုတ်ကြွေနေသည့် မျက်ဝန်းညိုညိုလေးလည်း ပါသည်။ ဘာမှန်းမသိဘဲနှင့် အလင်းရောင်တစ်ယောက် ပျော်သွားမိ၏။ ခပ်တည်တည်နှင့် သူကဝင်ထိုင်တော့ ခလုတ်နှင့် အပ်ချည်တို့ကလည်း သူမတို့ဝိုင်းမှာ ဝင်ထိုင်လိုက်ကြသည်။ အလင်းရောင်က စံပယ်ကိုဦးတည်၍ စကားစလိုက်ပါသည်။

"ငါတို့ နင့်ကိုလိုက်ရှာနေတာဟ"

"ဘာလဲ . . ပိုက်ဆံချေးမလို့လား၊ ရပါတယ်ဟာ ကူညီရမှာပေါ့"

ရောက်ရောက်ချင်း စံပယ်က ဆောက်နှင့်ထွင်း၏။ အလင်းရောင်လည်း ဟိုကောင်မလေးရှေ့မှာမို့ မရှက်စဖူး ရှက်သွားမိသည်။ သူက ဖျတ်ခနဲ လှမ်းကြည့်လိုက်တော့ ကောင်မလေးက သရော်သလိုပြုံးစလေးဖြစ်သွား၏။ သူလည်း ဘာဆက်ပြောရမှန်းမသိဖြစ်နေစဉ် အခြေအနေကို ခလုတ်က ဝင်ပြီးထိန်းလိုက်ပါသည်။

"နင်ကလည်းဟာ . . ငါတို့ကိုတွေ့တာနဲ့ နင့်ဆီက ပိုက်ဆံချေးမယ်များ ထင်နေလား မသိဘူး၊ နင့်ကိုလိုက်ရှာနေတာ … ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ကဗျာစာအုပ်ရောင်းမလို့ဟ . . . "

ကျလုဆဲဆဲသိက္ခာကို ခလုတ်က ဝင်ဆယ်လိုက်သည်။ စံပယ်တာ ခလုတ်လက်ထဲမှ ကဗျာစာအုပ်တွေကို မြင်တော့မှ . . .

"ဪ . . ဟုတ်လား၊ ဒါဆိုလည်း အားပေးရမှာပေါ့၊ တစ်အုပ်ဘယ်လောက်လဲ . . . "

"ငါးရာထဲပါ . . . "

ထိုသို့ဖြင့် ကဗျာစာအုပ်တစ်အုပ် အရောင်းအဝယ်တည့်သွား၏။ ခလုတ်က ဒါကိုမကျေနပ်နိုင်သေးဘဲ ဟိုပဟေဋ္ဌိမလေးဘေးမှာထိုင်နေသော မျက်ဝန်းညိုညိုလေးကို ရွှန်းရွှန်းဝေအောင်ပြောပြီး ရောင်းနေပြန်သည်။

"ဒီက ညီမလေးလည်း ကြုံတုန်းတစ်အုပ်လောက် အားပေးပါလားဗျာ၊ ဒီကဗျာလေးတွေဖြစ်ဖို့ ကျွန်တော်တို့ ညပေါင်းများစွာပျော်ဝင်ထားရတာပါ၊ တစ်အုပ်ငါးရာဆိုတာ အရှမ်းတန်ပါတယ်"

အတင်းကြီး လိုက်ထိုးရောင်းနေ၍ မျက်ဝန်းညိုမလေးလည်း အားနာနာနှင့် . . .

"ဟင် . . အင်း . . အင်း . . ဒါဆိုလည်း တစ်အုပ်လောက်တော့ ဝယ်လိုက်ပါ့မယ်"

"သိတာရယ် . . နင်ကလည်း ပိုက်ဆံကို အလကားဖြုန်းတီးပစ်နေတယ်"

ပဟေဋ္ဌိမလေးက ဘေးမှနေ၍ ကဖျက်ကယက် ဝင်လုပ်သည်။ အလင်းရောင်လည်း နဂိုက ပြဿနာဖြစ်ထားသောအခံနှင့် ပိုပြီးကြည်မရဖြစ်သွား၏။ ခလုတ်ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားပေမယ့် သူသိချင်သည့် မျက်ဝန်းညိုမလေး၏နာမည်ကို သိလိုက်ရ၍ ဖြေဆည်နိုင်သေးသည်။ သိတာ . . . တဲ့။

စံပယ်လည်း ကြားထဲကနေ အလင်းရောင်တို့ကို အားနာသွား





ပြီး အနေမခက်အောင် ချက်ချင်းပဲ မိတ်ဆက်ပေးပါသည်။

"ဟဲ့ . . ခက်ဆစ်၊ သူက ငါနင့်ကိုပြောပြဖူးတဲ့ တစ်ယောက်လေ၊ အလင်းရောင်တဲ့၊ ဟိုဘက်က ခလုတ်၊ သူ့ဘေးက အပ်ချည်တဲ့၊ မှတ်ထားနော် အားလုံးသင်္ချာကချည်းပဲ၊ ဟဲ့ . . အလင်း၊ ဟောဒီ ငါ့သူငယ်ချင်းရဲ့နာမည်က ခက်ဆစ်ချိုတဲ့၊ လမ်းမှာတွေ့ရင် . . . "

စံပယ်စကားပင်မဆုံးလိုက် . . ။ ခက်ဆစ်ချိုဆိုသော ကောင်မလေးက မျက်နှာလေးကိုမဲ့ပြီး . . .

"ငါမသိချင်ဘူး . . စံပယ်ရာ၊ ဘာနာမည်တွေမှန်းလဲ မသိဘူး . . . "

ခက်ဆစ်ချို၏ စကားက သူတို့ကို မတူမတန်သလိုနှင့်မို့ အလင်းရောင်လည်း တင်းသွား၏။ သူ့ပညာက နေလို့မရတော့ချေ။ အလင်းရောင်က လုံးဝမျက်နှာမပျက်ဘဲ ပြုံးစိစိနှင့် ပြန်ပြောလိုက်၏။

"ဟုတ်တယ် . . စံပယ်ရာ၊ ငါနဲ့ သူနဲ့က သိပြီးသားပါ၊ အခုသူက ရှက်နေတာလေ . . . "

စံပယ်၏မျက်လုံးလေးများ ဝိုင်းစက်သွား၏။ ခက်ဆစ်ချို (ခေါ်) ပဟေဋ္ဌိမလေးကတော့ မျက်နှာကို ရှစ်ခေါက်ချိုးရင်း သူ့အား မှတ်စောင်းတစ်ချက်လှမ်းထိုးပါသည်။ စံပယ်က တအံ့တဩနှင့် . . .

"ဟင် . . နင်တို့က ဘယ်လိုသိကြတာလဲ၊ ငါ့ကိုလည်း တစ်ခါမှ မပြောပြဖူးကြပါလား"

ခက်ဆစ်ချိုက သူဘာပြောမလဲ့ဆိုတာ အကဲခတ်နေ၏။ အလင်းရောင်သည် အဝေးကို ဆွေးဆွေးရိရိလေး ငေးကြည့်နေပြီး စိတ်မကောင်းသော လေသံမျိုးနှင့် ပြောလိုက်ပါသည်။

"ဒီလိုပါ စံပယ်ရာ၊ သူနဲ့ ငါနဲ့က တစ်ခါမတော်တဆ မှားယွင်းခဲ့ဖူးတယ်လေ . . . "

"ဟင် . . ဘယ်လို . . ဘယ်လို . . . "



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ စံပယ်တင်မကဘဲ သူတို့အားလုံး မျက်ပြူးဆန်ပြာတွေ ဖြစ်တုန်ကြသည်။ ခက်ဆစ်ချိုဆို ထိုင်နေရာမှ ဝုန်းခနဲထရပ်ရင်း အသားတွေပါ တဆတ်ဆတ်တုန်လာသည်။

"နှင် . . ဘာတွေလျှောက်ပြောနေတာလဲ"

"ငါက အမှန်အတိုင်းပြောတာလေ၊ အဲဒီတုန်းက နှင်ပဲပြောခဲ့တာလေ၊ ဟိုဘာလဲ . . ငါ့ဟာက ကြီးနေလို့ဆိုပြီး . . နှင်ပဲ . . ."

"ဟယ် . . ခက်ဆစ်ရယ် . . ."

စံပယ်၏ ယူကြုံးမရဖြစ်သံအဆုံးမှာ ခက်ဆစ်ချိုလည်း ကြယ်တွေ၊ လတွေပါ မြင်သွားတော့သည်။ သူမခမျာ ဒေါသအမျက်တွေ အထွက်လွန်ပြီး ရန်တွေ့ဖို့ကို မနည်းအားယူနေရရှာ၏။

အလင်းရောင်ကို သူမက လက်ညှိုးငေါက်ငေါက်ထိုးရင်း . .

"နှင် . . နှင် . . မမိုက်ရိုင်းနဲ့နော်၊ ငါ သည်းမခံတော့ဘူး နှင့်ကို မော်ကွန်းထိန်းနဲ့တိုင်မယ်"

"ဟင် . . ဘယ်မှာမိုက်ရိုင်းလို့လဲ၊ စံပယ်မွေးနေ့တုန်းက နှင်နဲ့ ငါ ဖိနပ်မှားသွားတာကို ပြောတာပါဟ၊ နှင်ပဲ ငါ့ဖိနပ်ကို ချောင်နေလို့ဆိုပြီး ပြန်လာလဲတာလေ၊ ငါ့ကိုတောင် နှင်ရန်လုပ်သွားသေးတယ်၊ ငါက အဲဒါကိုပြောတာ ဘာမိုက်ရိုင်းလို့လဲ"

"ပြောရင်လဲ ဖိနပ်ကိုထည့်ပြောပါလား၊ မရှင်းမရှင်းနဲ့ စကားပြောတာကိုက အောက်တန်းကျတယ်"

"သြော် . . ကိုယ့်ထိတော့ နာတတ်တယ်၊ အဲဒီတုန်းက ဖိနပ်ကို နှင်စမှားပြီး အလွတ်ကြီး ငါ့ကိုဟောက်သွားတာလေ၊ ဟင် . . မှတ်မိသေးလား"

သူပြောတာမှန်နေ၍ ခက်ဆစ်ချိုက ဘာမှပြန်မပြောတော့။ ဖိနပ်စမှားမိသည့်အတွက် ကိုယ့်ကိုယ်ကို ကျိတ်ပြီးဒေါသထွက်ရုံသာ ရှိပါသည်။ အခုမှ ဇာတ်ရည်လည်သွားသော စံပယ်က အလင်းရောင်





နှင့် ခက်ဆစ်ချိုတို့၏ ဖိနပ်ဆင်တူတွေကို ငုံ့ကြည့်ကာ သက်ပြင်းအရှည်ကြီးချလိုက်၏။ အလင်းရောင်၏မျက်နှာမှာ ပြောင်စပ်စပ်နှင့်မို့ ခက်ဆစ်ချိုက . . .

"လာ . . သီတာ . . သွားမယ်၊ စံပယ်ကိုတော့ အားနာပါတယ်၊ ဒါပေမယ့် ဒီလိုကောင်တွေနဲ့ ထိုင်ရတာ အောက်တယ်"

ထိုသို့ အထက်စီးနင်းပြောရင်း ခက်ဆစ်ချိုက ထထွက်သွားတော့၏။ သီတာထရပ်တော့ ခလုတ်တ ဘာမှမဆိုင်ဘဲ ပလိန်းကြီး နွမ်းနွမ်းလေး ပြုံးပြလိုက်မိသည်။ ပြဿနာမှာ သူမပါဘူးပေါ့လေ။ အလင်းရောင်က သူမကို အိမ်ပြန်လက်ဆောင်အဖြစ် ဒေါသတွေ အလျှံအပယ် ထည့်ပေးလိုက်လေသည်။

"ဟော့ . . နောက်တစ်ခါ သူများတကာနဲ့ ထပ်မှားနေဦးမယ်နော်၊ သတိလည်းထားဦး . . ."

ခက်ဆစ်ချိုသည် ဆတ်ခနဲလှည့်၍ သူ့ကိုတစ်ချက်စူးစိုက်ကြည့်လိုက်ပါသည်။ သူကလည်း ထိုအခိုက်အတန့်လေးမှာပဲ သူမကို မျက်စိတစ်ဖက် အမြန်မှိတ်ပြလိုက်၏။ ခက်ဆစ်ချိုမှာ ဒေါသတကြီးနှင့် ဝုန်းခနဲ ပြန်လှည့်ထွက်သွားတော့သည်။ ဒီတစ်ခါ အလင်းရောင်ပေးလိုက်တာက အိမ်ပြန်လက်ဆောင်ဖြစ်ရုံတင်မကဘဲ၊ သူမအိပ်မက်ထဲ အထိပင် ရောက်သွားနိုင်လေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၆)

"အာ . . အဲဒါတော့ မဖြစ်ဖူးထင်တယ် အလင်းရဲ့၊ နင့်ကို တစ်ခါလုပ်ပေးပြီးပြီပဲ၊ မဖြစ်ပါဘူးဟာ . . ."

"နင်ကလည်းဟာ ထပ်ပြီးမိတ်ဆက်ပေးရုံလေးပါ၊ ငါတို့က လူကောင်း၊ သူကောင်းတွေမဟုတ်လို့ နင့်သူငယ်ချင်းကို ဒုက္ခပေးတော့မှာ ကျနေတာပဲ"

စံပယ်မျက်နှာက တစ်ချက်တွေခနဲ ဖြစ်သွား၏။ ပုံစံကိုကြည့်ရတာ သိပ်တော့မိတ်ဆက်ပေးချင်ပုံမရပေ။ အကြောက်အကန် ငြင်းနေရင်လည်း ဘာကြောင့်ငြင်းရတယ်ဆိုတာကို ဖြေရှင်းစရာ စကားကလိုဦးမည်။ စံပယ်က သက်ပြင်းကိုခိုးချရင်း . . .

"နေစမ်းပါဦး . . နင်တို့က ဘာဖြစ်လို့ ခက်ဆစ်နဲ့ သိချင်ခင်ချင်နေရတာလဲ"

ရုတ်တရက် စံပယ်ကို ဘာပြန်ပြောရမှန်းမသိဘဲ အလင်းရောင်





ရင်ထဲမှာ နွေးခနဲ ဖြစ်သွားမိသည်။ အဲဒါကို အသာထားဦး။ အခုလောလောဆယ် စံပယ်ကို တစ်ခုခုအကြောင်းပြနိုင်မှ ဖြစ်မည်။ သူ့ခေါင်းထဲမှာ လက်ခနဲဖြစ်သွားပြီး ချက်ချင်းပဲ ခလုတ်ကို မေးငေါ့ပြကာ ပြောလိုက်သည်။

"ငါက ခက်ဆစ်ကို သိပ်ခင်ချင်လွန်းအားကြီးလို့တော့ မဟုတ်ပါဘူးဟာ . . ဒီကောင့်ကိစ္စကြောင့်ပါ"

"ဟင် . . ခလုတ်ကိစ္စဟုတ်လား၊ ဘာလဲ ခလုတ်က ခက်ဆစ်ကို ကြိုက်နေလို့လား"

စံပယ် အားရဝမ်းသာဖြစ်သွားတာ အသံကြားရရုံနှင့် သိသာလှ၏။ နောက်မှ စံပယ်က အရှိန်သတ်၍ ဘယ်သူမှမပြောခင် လေသံကိုပြန်ချိန်းပြီး . . .

"ဩော် . . ခလုတ်က ခက်ဆစ်ကို တကယ်လားလို့ပါ"

"ဟာ . . မဟုတ်ဖူး . . မဟုတ်ဖူး၊ ငါ စိတ်ဝင်စားနေတာကတို . . သီတာပါ၊ အဲဒီ ခက်ဆစ်ကိုတော့ မကြိုက်ပါရစေနဲ့၊ အမလေး . . ကြောက်လွန်းလို့ပါ၊ ကိုယ့်ဟာကိုယ် အေးအေးနေပါရစေ"

စံပယ်က ခလုတ့်ကို သေချာအကဲခတ်ပြီးမှ အလင်းရောင်ဆီ အဓိပ္ပါယ်ပါပါလှမ်းကြည့်ရင်း ပြောလိုက်သည်။

"ခလုတ်အတွက် သေချာတယ်နော်၊ ငါက ဒါမျိုးတွေ သိပ်လုပ်ပေးချင်တာ မဟုတ်ဘူး"

ခလုတ်က ချက်ချင်းပင် . . .

"အေးပါဟာ၊ ငါ့အတွက်ပါ၊ နင်ကလည်း ဒါလေးကူညီတာများ၊ နင့်အလှည့်ရောက်ရင် ဝင်လည်မှာ မကြောက်ဖူးလား"

ခလုတ်စကားက စံပယ်အရှိုက်ကို တည့်တည့်ထိမှန်သွားပုံရသည်။ အလင်းရောင်ကိုလည်း သူမက တွေတွေလေး စိုက်ကြည့်လိုက်သေးသည်။ အလင်းရောင်က မသိသလိုလုပ်နေ၏။ တော်ကြာ သူ့ဘက်

www.burmeseclassic.com



လှည့်လာမှ . . ။ ဒါပေမယ့် မြားဦးက ခလုတ်ဆီပဲ ပြန်လှည့်သွားပါ၏။

"ကဲ . . ထားလိုက်ပါတော့၊ မနက်ဖြန် နေ့လည်တစ်နာရီလောက် Chemistry ကင်တင်းဘက် နင်တို့လာခဲ့ကြ၊ ငါကြည့်လုပ်ထားလိုက်မယ်၊ ဟုတ်ပြီနော် . . ခလုတ် . . ."

ဝင့်လည်မှာစိုးလို့လား၊ ဘာလားတော့ မသိပါ၊ သူမက ထိုသို့လိုလိုလားလား ပြောလာလေသည်။ ခလုတ်ခမျာမှာ ခုမှသက်ပြင်းချရတော့သည်။ အလင်းရောင်မှာ ခက်ဆစ်ချိုနှင့် တွေ့ရမည့်အရေးတွေးပြီးရင်တွေခုန်နေမိ၏။ အချစ်ဆိုသောအရာကိုလည်း သူ ဝိုးတိုးဝါးတားလေး ခံစားမိလာသလိုရှိသည်။

Chemistry ကင်တင်းနားရောက်လေ ခလုတ်မှာ ဂဏာမငြိမ်လေ ဖြစ်နေသည်။ လက်ချောင်းလေးများကို ဆုပ်ချည်ဖြန့်ချည်နှင့် မနည်းအားတင်းထားရသည့် ပုံစံမျိုး။ နောက် . . တောင်ကြည့်၊ မြောက်ကြည့် ကြည့်ပြီး သူ့ကိုပြောပြန်၏။

"ဖြစ်ပါ့မလား . . အလင်းရာ၊ ငါတော့ ခပ်လန့်လန့်ပဲ"

အပ်ချည်က ခလုတ်ကို "လွန်လာပြီ" ဆိုသည့် အကြည့်မျိုးဖြင့်ကြည့်၍ . . .

"အသည်းငယ်လိုက်တာ ခလုတ်ရာ၊ ခုသွားတာက မိတ်ဖွဲ့ဖို့သွားတာပဲကွ၊ ဘာများကြောက်စရာရှိလို့လဲ"

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ငါ့ဘက်က သူ့အပေါ် မရိုးသားသလိုများ ဖြစ်နေမလားလို့ပါ"

နားဘူးကျပြီး ကြိုက်မရှက်၊ ငိုက်မရှက် သွားမိတ်ဖွဲ့မှာကို "မရိုးသားသလိုများ ဖြစ်နေမလားလို့ပါ" ဆိုပဲ။ ခလုတ်တို့ကတော့ လုပ်ချလိုက်ပြန်ပြီ။ အလင်းရောင်က သူတို့ကြားမှာ ဘာမှဝင်မပြောဘဲ ပြုံးရုံသာ ပြုံးနေ၏။

အပ်ချည်ကလည်း ထုံးစံအတိုင်း ဝင်ပြီးရှုပ်ထွေးမွှေနှောက်





ဖြန်သည်။

"ဟော့ကောင် ခလုတ်၊ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးကွ၊ ဒါပေမယ့် အချစ်နဲ့စစ်ဆိုတာ ဖြောင့်တိုက်ယူလို့မရဘူး၊ ဒီလိုပဲ ပရိယာယ်ဗျူဟာသုံးရမှာပဲ၊ ဒါမရိုးသားတာမှ မဟုတ်တာ၊ သိပ်မပိန်းစမ်းပါနဲ့ ခလုတ်ရာ . . ."

ခလုတ်သည် သူ့ကိုအပ်ချည်က မြှောက်ပေး၍ ပေးနေမှန်းမသိတော့ . . ။ ချက်ချင်းပင် သူ့မျက်နှာမှာ ဝင်းပသွားပြီး အပ်ချည်ကို ကျေးဇူးတွေ တလှေကြီးတင်ပစ်လိုက်သည်။

"အေးကွာ . . အပ်ချည်၊ အခုလို အကြံပေးတာ ကျေးဇူးပဲကွာ၊ မင်းက ရည်းစားသာ မထားဘူးတာ၊ ဒီနေရာမှာကျတော့ ငါ့လိုဆရာထက်တောင် အတွေးအခေါ်ကောင်းသေးတယ်"

အပ်ချည်တစ်ယောက် သေသေချာချာပင် ဘဝင်မမြင့်လိုက်ရဘဲ နင်သွား၏။ ခလုတ်က ကိုယ့်ဂုဏ်ကိုယ်ဖော်၍ မသူတော်လုပ်သွားသည် မဟုတ်ပါလား။ တစ်လမ်းလုံး သူတို့နှစ်ယောက် စကားတွေများလာသလောက် အလင်းရောင်မှာ ငြိမ်ငြိမ်လေး လိုက်ပါလာခဲ့သည်။

သူတို့ Chemistry ကင်တင်းကိုရောက်တော့ စံပယ်သည် ခက်ဆစ်၊ သီတာတို့နှင့်ထိုင်ပြီး အုပ်စုဖွဲ့နေလေပြီ။ ရေကန်အသင့်ကြာအသင့်မို့ အလင်းရောင်က စံပယ်ကို စိတ်ထဲမှ ကျေးဇူးတင်နေမိ၏။ အလင်းရောင်တို့အုပ်စုသည် ပထမဦးစွာ စံပယ်မြင်သာအောင် သူမတို့ဝိုင်းရှေ့ကနေ ဖြတ်လျှောက်လိုက်ကြ၏။ စံပယ်ကလည်း ဒီလောက် ရှင်းရှင်းကြီးမြင်တာကို မတော်တဆ မြင်သွားဟန်ဖြင့် အံ့ဩချင်ယောင်ဆောင်လိုက်ပါသည်။

"ဟယ် . . အလင်းတို့ပါလား၊ ဒီဘက်ကို ဘယ်လိုဖြစ်ပြီး မှတ်မိလည်လာကြတာလဲ"

အလင်းရောင်ကလည်း အံ့ဩနေပုံနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီခွာလေ . . ထုံးစံအတိုင်း ခလုတ်တို့ ကဗျာစာအုပ်ကိစ္စပဲ [illegible] အခုပဲ မင်းထက်ဆီက ပြန်လာတာလေ၊ အဲဒါ ဗိုက်ဆာလာလို့ ဒီတိုဝင်လာကြတာ . . . ”

သူတို့သည် လူချင်းဆယ်နှစ်လောက် မတွေ့ဖြစ်သော မိတ်ဆွေဟောင်းနှစ်ဦး ပြန်လည်ဆုံတွေ့သကဲ့သို့ နှုတ်ဆက်နေကြသည်။ ဒီပုံစံအတိုင်းဆို အိမ်သားတွေ နေကောင်းကြလား၊ အရင်အိမ်မှာပဲလားတွေ၊ ဘာတွေ . . ဖြစ်လာဦးတော့မည်။ အိုက်တင်တွေက ကောင်းလှသဖြင့် ခလုတ်နှင့်အပ်ချည်တို့ပင် သိသိကြီးနှင့် မျောပါလို့သွား၏။ စံပယ်က မကောင်းတတ်သည့်ဟန်ဖြင့် လောကွက်လုပ်နေပြန်သည်။

“ထိုင်ကြလေဟယ် . . နင်တို့ကလည်း မတ်တပ်ကြီး၊ တစ်ခုခု သောက်ကြပါဦးလား”

သူတို့အားလုံးက “ငါတို့အတန်းတက်စရာ ရှိသေးတယ်” ဟု ဘယ်သူမှ မပြောကြချေ။ ခလုတ်လည်း အားတက်သရောနှင့် ဝင်ထိုင်မည်အလုပ်တွင် အလင်းရောင်က ခလုတ်လက်မောင်းကို အမြန်ဆွဲထားလိုက်ရင်း ပြော၏။

“နင်ကသာ ထိုင်ခိုင်းနေတာ စံပယ်ရ၊ ဟိုတစ်ယောက်က မထိုင်စေချင်ဘူးလား မသိပါဘူး၊ တော်ကြာ ငါတို့ကို အော်ထုတ်နေပါဦးမယ်”

ခက်ဆစ်ချိုမှာ ဆတ်ခနဲတွန့်သွားပြီး တစ်ခုခုပြောရန် ပြင်သည်။ စံပယ်က သူမဘာမှမပြောခင် အလျင်အမြန် ဝင်ပြောလိုက်ပါ၏။

“ရပါတယ်ဟာ . . ငါ့သူငယ်ချင်းခက်ဆစ်က အဲလောက်မရိုင်းပါဘူးဟ . . သဘောကောင်းပါတယ်၊ ဟဲ့ခက်ဆစ် အလင်းတို့က နင်အော်ထုတ်မှာ ကြောက်လို့တဲ့၊ ဘယ်လိုလဲ ပေးထိုင်လိုက်ရမလား”

စံပယ်စကားသည် ဘယ်လိုမှ ငြင်းလို့မကောင်းသော အနေ





အထားမို့ ခက်ဆစ်ချိုလည်း စိတ်ညစ်သွားမိ၏။ စံပယ်နှင့်ကလည်း သူငယ်ချင်းတွေဆိုတော့ သူမကို သဘောထားသေးသိမ်သည်ဟု ထင်သွားမှာစိုးရသေးသည်။ သူတို့ ဘယ်လိုဖြစ်ဖြစ် ကိုယ့်ဖက်က မရိုင်းမိဖို့လိုသည်။ ထို့ကြောင့် ခက်ဆစ်က အလင်းရောင်တို့ကို သိပ်လိုလိုလားလား မရှိပုံမျိုးနှင့် ခွင့်ပြုလိုက်ပါ၏။

“မသိဘူးလေ၊ ဒါကင်တင်းပဲ ညစ္စာ . .၊ ထိုင်ချင်တဲ့သူထိုင်လို့ရတာပဲ . .၊ တစ်ခုတော့ ရှိတယ်၊ ကိုယ်မဟုတ်တာ လုပ်ထားရင်တော့ ကြောက်မှာပေါ့”

ခက်ဆစ်ချို၏စကားကြောင့် စံပယ်က လှစ်ခနဲ ပြုံးလိုက်သည်။ ဒီအတိုင်းဆိုရင် အခြေအနေက သိပ်မဆိုးလှချေ။ စကားအသွားအလာအရ အလင်းရောင်တို့ကို ခက်ဆစ်က အမြင်ကြည်လင်ပုံတော့ မပေါ်သေး . .။ အလင်းရောင်သည် ခလုတ်ကို ထိုင်ဖို့မျက်ရိပ်ပြလိုက်ပြီး သူကိုယ်တိုင်လည်း သူမရှေ့ကထိုင်ခုံမှာ ခပ်တည်တည် ဝင်ထိုင်လိုက်တော့၏။ တဆက်ထဲမှာ ခက်ဆစ်ချိုကိုလည်း သူက တောင်းပန်စကားဆိုလိုက်သည်။

“ပြီးခဲ့တဲ့ကိစ္စတွေကို ငါကပဲ တောင်းပန်ပါတယ်ဟာ၊ နင်တို့နဲ့ ငါတို့နဲ့က တစ်မြေထဲနေ တစ်ရေထဲသောက် အဲလေ တစ်ကျောင်းထဲတက်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေပဲ . . ရန်သူတွေမှ မဟုတ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ဘာလို့ရန်လိုနေမှာလဲ . . မဟုတ်ဖူးလား”

ခက်ဆစ်ချိုသည် သူမနှင့်မဆိုင်သလို အဝေးကိုငေးနေ၏။ လေအဝေ့တွင် စိန်ပန်းနီနီတို့က မြေသားလမ်းလေးပေါ် လွင့်ကြွေကျနေပုံမှာ တမျိုးတဖုံကြည့်၍ကောင်းလှသည်။ ခက်ဆစ်ချိုက ဘာမှမထုံ ပြန်ဘဲ တိတ်ဆိတ်နေသဖြင့် သီတာလည်း စံပယ်နှင့် အလင်းရောင်တို့ကို အားနာလာဟန်တူပါသည်။ ထို့ကြောင့် ခက်ဆစ်ကိုယ်စား သီတာ



www.burmeseclassic.com

www.burmeseclassic.com



က . . .

"ရပါတယ် . . ဟိုဖိနပ်ကိစ္စက တကယ်တော့ မတော်တဆ ဖြစ်သွားတာပဲ၊ ကျွန်မသူငယ်ချင်းရဲ့အမှားလည်း ပါတာပဲလေ"

"ငါမမှားဘူး . . မိသီတာ၊ နင်ဘာမှ အလျှော့ပေးစရာ မလိုဘူး"

အခုမှ ဒင်းကလေးဆီမှ အသံထွက်လာပါတော့သည်။ သူမဘက်မှ တင်းမာပြနေပေမယ့်လည်း ကိုယ်က ရင်းနှီးကျွမ်းဝင်ချင်နေတော့ လျှော့ရုံပေါ့ . . ။

အလင်းရောင်မှာ မျက်နှာချိုသွေးလျက် အမြန်ဝင်ပြောလိုက်၏။

"မမှားပါဘူး . . မမှားပါဘူး၊ နင်တို့ဘက်က လုံးဝမမှားပါဘူးဟာ၊ ငါ့ကိုက နမော်နမဲ့နိုင်လွန်းတာပါ၊ တကယ်ဆို ဒီဖိနပ်သေးသေးလေးကို ငါ့ဟာမဟုတ်မှန်း သိသင့်တာပေါ့၊ တောက်! ငါ့ကိုကကွာ . . ."

အလင်းရောင်၏ မချင့်မရဲတာမင်လုပ်ပြီး ပြောဟန်ကြောင့် ခတ်ဆစ်ချိုလည်း ရယ်မိတော့မလိုလို ဖြစ်သွားသေး၏။ တပြိုင်နက်ထဲမှာ သူမကို ဒီလောက်ထိ အလျှော့ပေးဆက်ဆံနေသည့် အလင်းရောင်အား သံသယဝင်လာသည်။

"နင် . . ငါ့ကို ရွဲ့နေတာလား"

"မရွဲ့ပါဘူးဗျာ . . တကယ်ပြောတာပါ"

သူက တည်တည်ကြည်ကြည်နှင့် ပြောနေတာမို့ သူမလည်း-

"ဒါဆိုလည်း ပြီးရော၊ ငါ့ကို လုံးဝထပ်မခနဲ့နေ့၊ ငါမကြိုက်ဘူးသိလား . . ."

"ငါကတော့ ကြိုက်တယ်"

"ဘာပြောတယ်၊ နင်နော် . . ပြောရင်းနဲ့ ဖောက်မလာနဲ့ . ."





ချက်ချင်းရဲတွက်လာသော မျက်နှာထားလေးနှင့် ခက်ဆစ်ချိုဘာ ဒေါသထွက်ပြရန် အားယူလို့နေ၏။ အလင်းရောင်ကမူ သူမ၏ထွက်ပြူလာခါစ ဒေါသတွေကို ခန္ဓာကိုယ်ထဲ ပြန်လည်ငုပ်လျှိုးကွယ်ပျောက်သွားစေရန် လေပြေထိုးသည့်အနေနှင့် . . .

"သြော် . . ဒီလိုပါ၊ ခုလို နင်နဲ့ပြန်ပြေလည်ပြီး ခင်မင်ရတာကို ငါက ကြိုက်တယ်လို့ ပြောတာပါဟာ၊ နင်ကလည်း စိတ်ကြီးပဲ . . ."

"အောင်မာ . . လာသေးတယ်၊ နင်တို့ကို ဘယ်သူက ခင်တယ်ပြောသေးလို့လဲ၊ ဟွန်း . . . အနေသာကြီး . . ."

ထိုသို့ပြောလိုက်သော်လည်း သူမအသံက သိပ်မတင်းမာဘဲ အနည်းငယ် ပျော့ပြောင်းနေလေပြီ။ အလင်းရောင်တို့က နပ်သည်။ သူမ၏ လေသံပေါ်မူတည်၍ ဘာဆက်လုပ်ရမည်ကို သူကောင်းစွာ သဘောပေါက်ပြီးသား ဖြစ်သည်။ သူက ခက်ဆစ်ချို၏ မျက်လုံးများဆီသို့ ခပ်စူးစူးစိုက်ကြည့်ရင်း . . .

"နင့်မျက်လုံးတွေက ပြောတာပေါ့ဟာ . . ၊ နင်မရိုင်းတတ်ဘူးဆိုတာ သိမ်မွေ့တဲ့ နင့်မျက်ဝန်းတွေထဲမှာ ငါတွေ့နေရတယ်လေ ခက်ဆစ်ရဲ့ . . ."

အလင်းရောင်သည် သူမနာမည်ကို ရင်းရင်းနှီးနှီးခေါ်ဆိုရင်း အတည်ပေါက်နှင့် ပြောချပစ်လိုက်၏။ မည်သို့ပင်ဖြစ်စေ၊ ထိုစကားမှာ အတော်တာသွားသည်ဟု ဆိုရမည်။ သူမက ရှက်စိတ်နှင့် မျက်လွှာလေးချကာ တဖက်လှည့်ပြီး မဲ့ပြုံးလေးပြုံးလိုက်ပါသည်။ "အလာကြီးပဲ" ဟု၍လည်း သူမစိတ်ထဲမှာ သဘောကျစွာ တွေးလိုက်မိ၏။ အလင်းရောင်မှာ အကွက်မြင်တတ်သူမို့ ထိုအခြေအနေလေးကို လက်လွှတ်မခံဘဲ-

"ဟဲ့ . . စံပယ်၊ အခု ငါတို့နှစ်ယောက်ကို နောက်ထပ်တစ်ခါလောက် ထပ်ပြီးမိတ်ဆက်ပေးစမ်းပါ၊ ဟိုတစ်ခါကလို ရန်မဖြစ်တော့ပါဘူးဟ . . ."



www.burmeseclassic.com

www.burmeseclassic.com



စံပယ်သည် အခုမှ အိပ်မက်က လန့်နိုးလာသည့်ပမာ ငေးငူနေရာမှ သတိဝင်လာသည်။ ဒီတစ်ခါတော့ ခက်ဆစ်ချိုကလည်း မကန့်ကွက်ဘဲ ငြိမ်နေ၏။ စံပယ်က . . .

"ဩော် . . အေးအေး၊ နင်တို့နာမည်တွေကိုတော့ ဟိုတစ်ခါထဲက ပြောပြီးသားမို့ ထပ်မပြောတော့ဘူး၊ မိတ်ဆက်ပေးဖို့ ကျန်နေတာတစ်ယောက်ရှိသေးတယ်၊ နင်တို့အားလုံး မှတ်ထားကြနော်၊ သူ့နာမည်အရင်းက အေးသီတာတဲ့၊ ငါတို့ကတော့ သီတာလို့ပဲခေါ်တယ်၊ သီတာက Chemistry Second Years က . . ၊ ခက်ဆစ်နဲ့အတူတူပဲ၊ ကဲ . . အခုချိန်ကစပြီး နင်တို့အားလုံး သူငယ်ချင်းတွေ ဖြစ်သွားကြပြီနော်၊ ဟုတ်ပြီလား"

"အခုလို ခင်မင်ခွင့်ရတာ တကယ်ဝမ်းသာပါတယ် . . ."

ဒါမျိုးဆို ခလုတ်တို့က မြန်သည်။ ခက်ဆစ်ချိုမှာ ငြိမ်လျက်ရှက်ကိုးရှက်ကန်း ဖြစ်နေဆဲမို့ အားနာတတ်သော သီတာက . . .

"ဟုတ်ကဲ့ . . ကျွန်မတို့လည်း ဝမ်းသာပါတယ်"

"ကဲ . . ခုလိုဆုံတဲ့အနေနဲ့ ပျော်ပျော်ပါးပါး စားကြတာပေါ့၊ နင်တို့ဗိုက်ဆာလာကြတာ မဟုတ်လား"

စကားမှားပြီး မလိုလားအပ်တာတွေ ဖြစ်မှာစိုး၍ စံပယ်က ရုတ်တရက် ပြောလိုက်ခြင်းသာ ဖြစ်သည်။ စံပယ်စကားကြောင့် အလင်းရောင်တို့ ယောကျ်ားလေးတွေက ဟေးခနဲ ထအော်လိုက်ကြသည်။ ထို့နောက် သူတို့က စားစရာများကို အသီးသီး မှာယူနေကြပြန်သည်။ တဖြေးဖြေးနှင့် မှာထားသော စားသောက်ဖွယ်ရာများက စားပွဲပေါ်၌ စုံလင်လို့လာပါ၏။ အလင်းရောင်က စားပွဲဝိုင်းကို မျက်စိတစ်ချက်ဝေ့ကြည့်၍ . . .

"ဟဲ့ . . စံပယ်၊ ငါရှင်းမယ်နော်"

ခက်ဆစ်ချိုက သူ့ကို ဆတ်ခနဲ လှမ်းကြည့်ရင်း . . .





"အိုး . . သူများကျွေးတာ မစားပါဘူး"

ထိုအခါ အလင်းရောင်က . . .

"အေးပါ . . ငါကလည်း ငါစားတာ ငါရှင်းမယ်လို့ ပြောတာပါဟ . . ."

သူငယ်ချင်းတွေအားလုံး ရယ်ကုန်ကြ၏။ သူမလည်း လှပစွာ ရွှက်ရပြန်သည်။ ခက်ဆစ်ချို၏ မျက်စောင်းမြားချက်များက သူ့ခန္ဓာကိုယ်ပေါ်သို့ တဖွဲဖွဲကျရောက်လျက်ရှိ၏။ စားကြ၊ သောက်ကြရင်းမှ ခလုတ်နှင့်အပ်ချည်တို့၏ အကူအညီဖြင့် သူက ရယ်စရာထွင်လုံးများစွာကို ဖန်တီးနေမိသည်။ ခဏကြာတော့ အလင်းရောင်တို့အုပ်စု၏ ပလီပိခြောက်ချက် ဟာသများကြောင့် ခက်ဆစ်ချိုလည်း ပြုံးစစဖြစ်လာသည်။ ခလုတ်မှာ အေးသီတာကို ခိုးကြည့်လိုက်၊ ပြောင်ငမ်းလိုက်နှင့် သူစိတ်ဝင်စားနေမှန်းသိအောင် လုပ်ပြနေ၏။ ကဗျာမဆန်လှသော ခလုတ်၏ မေးချက်တွေက ပိရိလွန်းသဖြင့် သိပ်မကြာခင် တစ်ဝိုင်းလုံးရိပ်မိသွားကြသည်။ လူတွေသိကုန်သဖြင့် သီတာလည်း မျက်ဝန်းညိုညိုလေးတွေကို ပြန်မဖော်ရဲလောက်အောင် ခေါင်းငုံ့ပြီး ရှက်နေရှာတော့၏။

သူတို့အုပ်စုကြီးသည် ကင်တင်းမှာ အချိန်တော်တော်ကြာအောင် လေပေါနေကြသေး၏။ နောက်မှ ခက်ဆစ်တို့က အတန်းရှိသေးတယ်ဆိုပြီး ပြန်ဖို့ပြင်ဆင်ကြသည်။ 'အမ' တွေပြန်တော့ 'အငယ်းကျန်' ရမည်မှာ ဓမ္မတာပင်ဖြစ်၏။

သူတို့သုံးယောက်လည်း 'အငယ်းကျန်' မဖြစ်ချင်၍ ကိုယ့်မေကျာကိုယ်ပြန်ရန် ဆုံးဖြတ်လိုက်ကြ၏။ လမ်းခွဲခါနီးမှာ ခလုတ်က . . .

"သီတာ . . သူငယ်ချင်းတွေ ဖြစ်သွားပြီဆိုတော့ လာလည်လို့ရပြီပေါ့နော်"

"အင်း . . ."

အေးသီတာက ခေါင်းကို ဖြည်းဖြည်းလေး "ပဲ" မေး၍ ညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်၊ **ခလုတ်တို့** ကြည့်မရဖြစ်သွားသည့် အပ်ချည်က မျက်နှာကို **နှံ့ခွဲပြီး ခေါင်း**ရမ်းနေ၏။ ခလုတ်နှင့် အေးသီတာတို့ကို ငေးကြည့် **နေသော** အလင်းရောင်က ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွား **တာ** . . .

"ဪ . . ခက်ဆစ်ချို . . ."

"ဘာလဲ . . ."

ခလုတ်လိုပဲ သူမထံ လာလည်ခွင့်တောင်းတော့မည် ထင်သွားပြီး ခက်ဆစ်ချိုက ဘောက်ဆတ်ဆတ်လေး ပြန်ထူးမိ၏။ ထိုအခါ အလင်းရောင်က သူမကို တည်တည်ငြိမ်ငြိမ်လေး လှမ်းပြောလိုက်ပါသည်။

"ငါ . . နင့်ကို တစ်နေရာမှာ ရင်းရင်းနှီးနှီး တွေ့ခဲ့ဖူးတယ်ဟ . . သိလား . . ၊ ဒါပေမယ့် ဘယ်သူမှန်း၊ ဘယ်နေရာမှာမှန်းကို ခုထိ ငါလုံးဝစဉ်းစားမရသေးဘူး"

အလင်းရောင်၏စကားသည် သူမကို အံ့သြမင်သက်သွားစေသည်။ ထိုနေ့က ခက်ဆစ်ချိုတစ်ယောက် ကျောင်းမှအိမ်ပြန်ရောက်သည့်တိုင်အောင် အတွေးတွေ စီဝေနေတော့သည်။

* * * *



(၇)

ခလုတ်တို့၏ ကဗျာစာအုပ်က မျှော်လင့်ထားသည့်အတိုင်း ဝက်ဝက်ကွဲ အရှုံးပေါ်သွားလေ၏။ လှူငယ်ခြေတက်များ၏ အားမာန်ဖြင့် အခုနှစ်ထဲမှာပဲ နောက်တစ်အုပ်ထပ်မံထုတ်ဝေဦးမည်ဟု ဆိုကြသည်။ ဒီတစ်ခါဆို အရှုံးတင်မကဘဲ တစ်ခြားဟာပါ ပေါ်ကုန်မည့်သဘောရှိပါသည်။ ခလုတ်က နောက်ထုတ်မယ့် ကဗျာစာအုပ်ကို အကြောင်းပြု၍ Chemistry ကန်တင်းသို့ နေ့တိုင်းလိုလို ရောက်နေတတ်၏။ ထို့ကြောင့် အလင်းရောင်နှင့် အပ်ချည်တို့ကလည်း ခလုတ်နောက်မှ အတွဲလိုက်ကြီး ပါလာလေတော့သည်။

ဟိုရောက်တော့ အဓိကတွေ့ရန် ခေါင်းစဉ်တပ်ထားသော မင်းထက်တို့ကို မတွေ့ရချေ။ သို့သော် သီတာတို့ကို တွေ့လိုက်ရသဖြင့် ခလုတ်ပျော်သွားမိ၏။ သူ့ရည်မှန်းချက်ပြည့်သွားပြီ မဟုတ်လား။ ငယ်မိတ်ဆက်ပေးထားတာကို အခွင့်ကောင်းယူကာ ခလုတ်က ခွင့်မတောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူမတို့ဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ ခက်ဆစ်ချိုကမူ ဘာမှဝင်မပြောဘဲ မျက်မှောင်ကုတ်ပြီး ကြည့်လျက်ရှိ၏။ အပ်ချည်သည် ရေနွေးပုလုတွေကိုမှုတ်၍ သောက်နေ၏။ ခလုတ်က သီတာ့ကို ရွှန်းရွှန်းစားစား ကြည့်ရင်း . . .

"ဟိုလေ . . သီတာ၊ ကျွန်တော့်ကဗျာတွေကို ဘယ်လိုမြင်လဲဟင်"

"အဲဒီလိုအမြင်တွေ၊ ဘာတွေကို မပြောတတ်ဘူး ခလုတ်ရဲ့၊ ဖတ်တော့ ဖတ်လိုက်တာပဲလေ၊ ကောင်းပါတယ်"

'စိတ်ပျက်ဖို့လား' ဟု အပ်ချည်က စိတ်ထဲမှ မေးလိုက်၏။ အကယ်၍ သူ့နှုတ်မှ ထုတ်ပြောလိုက်ပါက 'မ' စိတ်မွန်နေသည့် ခလုတ်နှင့် သေချာပေါက် ပြဿနာတက်ပေလိမ့်မည်။ သီတာက လူမှုရေးအရ 'ကောင်းပါတယ်' လို့ ပြောလိုက်တာကို ခလုတ်ကတစ်ယောက် သာဘောပေါက်မနေ၏။ ခလုတ်ဟိုက ဘဝင်မြူးတစ်ယောက်ဖို့ ထိုအခြေအနေမှာ အနည်းငယ် ပြဿနာရှိပါသည်။

"ခုနောက်ပိုင်းဆို ကျွန်တော်ကဗျာရေးရတာ ပိုပြီးစျန်ဝင်လာတယ်ဗျ၊ အညိုရောင်မျက်ဝန်းလေးတစ်ခုကို ရူးသွပ်နေမိလို့လား မသိဘူး"

လူရှေ့သူရှေ့မှာ ထိုသို့ပေါ်တင်ကြီးပြောလိုက်သဖြင့် သီတာခမျာ ရှက်အန်းအန်းလေး ဖြစ်သွား၏။ အလင်းရောင်ပင် ကြားထဲက အားနာမိသွားသည်။ ခလုတ်မှာ နွားသိုးကြီးပြုတ်လို ဖြစ်နေလေပြီ။ သီတာ့ဘေးမှာထိုင်နေသော ခက်ဆစ်က စိတ်ရှုပ်ဟန်ဖြင့် 'အိုက်လိုက်တာနော်' ဆိုပြီး အအေးပုလင်းကို ယူသောက်၏။ ရည်ရွယ်ချက်က ခလုတ်ကို ဇာတ်ရှိန်တက်မလာအောင် ဟန့်လိုက်ခြင်းဖြစ်၏။ ခလုတ်မှာ ကကာယ်လည်း ဆတ်တငံ့ငံ့ဖြစ်ပြီး တန့်သွား၏။ ခက်ဆစ်က အောင်မြင်စွာ ပြုံးရင်း ဖြန့်ချထားသော သူမ၏ဆံနွယ်များကို သိမ်းယူစည်းနှောင်





လိုက်ပါသည်။ ထိုအခါ ဆံနွယ်များနှင့် ဖုံးကွယ်နေသော မျက်နှာကြည်ကြည်ရှင်းရှင်းလေးမှာ ပေါ်လွင်လာ၏။ အလင်းရောင်လည်း ငေးရီနေမိသည်။ လှသည်ကိုး။ ထိုအချိန်မှာပဲ အူကြောင်ကြောင်ဖြစ်နေသည့် ခလုတ်က ခက်ဆစ်ကိုကြည့်ပြီး တအံ့တသြနှင့် ထအော်လေသည်။

"ဟာ . . ဟုတ်ပြီ . . ဟုတ်ပြီ၊ ခုမှပဲ အဖြေရှာတွေ့တော့တယ်၊ ထင်တော့ထင်သား . . . "

ခလုတ်စကားကို တစ်ဝိုင်းလုံး ဘယ်သူမှ နားမလည်ကြပါ။ ခက်ဆစ်ချိုမှာ သူမကိုကြည့်ပြီး ပြောနေသဖြင့် ဇဝေဇဝါဖြစ်နေရှာသည်။ သူ့ကို အလင်းရောင်ကဲ့သို့ အကြောင်းရိုက်၍နောက်မှာလည်း စိုးရိမ်နေသေးသည်။

"ဘာတွေဟုတ်ပြီး ဘာတွေထင်နေတာလည်း၊ နှင်နေ့ . . ကိုကြည့်ပြီး ပေါက်ကရဟော့ မပြောနဲ့"

ခလုတ်ပုံစံမှာ နောက်ပြောင်နေတာမဟုတ်ဘဲ လုံးဝအတည်ကြီးဖြစ်၏။ ခလုတ်က သူ့စကားသူရှင်းပြသည်။

"မဟုတ်ပါဘူး . . ခက်ဆစ်ရာ၊ ငါနင့်ကို စတွေ့ကထဲက တစ်ယောက်ယောက်နဲ့ တူပါတယ်လို့ ထင်နေကြတာ၊ စဉ်းစားလို့လည်း မရဘူး၊ အခုမှ ဘယ်သူနဲ့တူမှန်းကို သတိထားလိုက်မိလို့ပါ"

သူရှင်းပြမှ ခက်ဆစ်ချိုလည်း ဇဝေဇဝါမှ နဝေတိမ်တောင်ထပ်ဖြစ်သွားသည်။ အလင်းရောင်မှာ အရမ်းသိချင်နေပြီမို့ ခလုတ်ပြောလာမည့်အချိန်ကို မစောင့်နိုင်တော့။

"ခလုတ်ပြောလေကွာ၊ ခက်ဆစ်က ဘယ်သူနဲ့တူနေတာလဲ"

အကြည့်တွေအားလုံး ခလုတ်ထံ စုပုံရောက်ရှိသွားကြသည်။ ခလုတ်က ချက်ချင်းမပြောပြဘဲ သီတာဆီ တစ်ချက်လှမ်းကြည့်၍ မာန်တက်နေလိုက်သေး၏၊ နောက် . . အချင်းချင်းတွေကို ဆရာကြီး



www.burmeseclassic.com

www.burmeseclassic.com



စကိုင်လ်နှင့် ရိုသဲ့သဲ့မေးပြန်သည်။

"မင်းတို့ သိပ်သိချင်နေလား"

ခလုတ်ကိုကြည့်ပြီး အပ်ချည်က နည်းမျိုးစုံနှင့် အသံတိတ်ကျိန်ဆဲနေတော့၏။ တဖြေးဖြေးနှင့် ခလုတ်ဆိုသည့် သတ္တဝါကို အပ်ချည်လည်း ရွံချင်လာသည်။

"ရပါတယ်ကွာ၊ မင်းမပြောချင်လဲနေပါ၊ ငါလည်း မသိချင်တော့ပါဘူး"

ခလုတ်မှာ အပ်ချည်ကို အမြင်ကတ်သွား၏။ သို့သော်လည်း သူက ပြောပြချင်လှပြီမို့ အပ်ချည်၏ အငေါ်တူးမှုကို ဥပေက္ခာပြုလိုက်ပါသည်။ ခလုတ်က ခက်ဆစ်ကိုညွှန်ပြ၍ . . .

"မင်းတို့ သူ့ကိုသေချာကြည့်နေနော်၊ ခက်ဆစ်က ဆံပင်ကို အမြဲချထားလို့ကွ၊ ခုလိုလည်း စည်းလိုက်တော့ ကြည့်ပါလား၊ ဟိုကောင် အလင်းနဲ့ တူနေတာကွ"

"ဟာ . . ."

"ဟယ် . . ထူးဆန်းလိုက်တာ"

အားလုံးက အလင်းရောင်နှင့် ခက်ဆစ်ချိုတို့ကို တစ်လှည့်စီ ပြူးပြူးပြဲပြဲ ကြည့်နေတော့၏။ ဒီလိုဆိုတော့လည်း ခလုတ်က မဆိုးလှချေ။ သူပြောတာ အမှန်ပင်ဖြစ်သည်။ သူတို့နှစ်ယောက်လည်း ပြွတိုက်ကအရုပ်တွေလို တောင့်တောင့်ကြီး ဖြစ်နေကြလေသည်။ တစ်ယောက်နှင့်တစ်ယောက် စူးစမ်းသလိုကြည့်ရင်း ထူးဆန်းစွာ ခံစားရ၏။ ခက်ဆစ်ချိုသည် လွယ်အိတ်ထဲမှ မှန်ကိုထုတ်ကာ ကိုယ့်ကိုယ်ကိုကြည့်သည်။ ပြီးတော့ သူမက အလင်းရောင်ဆီ လှမ်းကြည့်ပြန်သည်။ အလင်းရောင်ကတော့ ထုတ်ကြည့်စရာ မှန်မရှိသောကြောင့် တရုတ်ကားတွေထဲကလို 'ဒီလိုအဖြစ်မျိုးလဲ ရှိသလား' ဟူ၍ လျှောက်တွေးနေမိသည်။





ခက်ဆစ်ချိုက သက်ပြင်းကို ဖြည်းညှင်းစွာ ဆွဲဆွဲလေးချပြီး ပြော၏။

"ဟုတ်တယ် . . အလင်းရောင်နဲ့ ငါက ရုပ်ဆင်တာအမှန်ဘဲ၊ ငါလည်း သူနဲ့တွေ့စက အဲဒီအတွေးမျိုးဝင်ဖူးတယ်၊ ဒီကောင့်ကို မြင်ဖူးခဲ့တယ်လို့လေ"

အလင်းရောင်က ဘာမှပြန်မပြောဘဲ ငြိမ်နေလေ၏။ သူသိချင်တာကိုလည်း သိလိုက်ရပြီ။ ခက်ဆစ်ချိုကိုပဲ သူငေးနေမိသည်။ ရင်ထဲမှာလည်း မကောင်းလှပေ။ ဘယ်လောက်ကြာအောင် သူသတိလက်လွှတ်ငေးနေမိသည် မသိ . .။ ခက်ဆစ်ချိုလည်း ရှက်ပြီး မျက်နှာလေးရဲကာ သူ့ကိုအော်တော့၏။

"ဟဲ့ . . အလင်းရောင်၊ နင် ငါ့ကို ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာလဲ"

"ဟာ . . ဆောရီး . . ဆောရီး၊ ငါ အရမ်းအံ့သြသွားလို့ပါ၊ ငါလည်း ထင်မထားမိဘူးလေ၊ ဟုတ်တယ်ဟ . . နင် ဒေါသထွက်လာရင် ငါ့အဖေမျက်လုံးတွေနဲ့ သိပ်တူတာပဲ . . သိလား"

သူ့ကို ခက်ဆစ်ချိုက မျက်စောင်းလှမ်းထိုး၏။ သူမလည်း အခုလို အလင်းရောင်နှင့် ရုပ်ချင်းလာဆင်တူနေတာကို အနေရခက်ပေလိမ့်မည်။ အလင်းရောင်နှင့် ခက်ဆစ်ချိုတို့ကို တစ်လှည့်စီကြည့်ရင်း တိတ်ဆိတ်နေသော စကားဝိုင်းကို ခလုတ်က ပြန်စဖွင့်လိုက်၏။

"အင်း . . နင်တို့နှစ်ယောက်က မသိရင် မောင်နှမအရင်းတွေလို့တောင် ထင်စရာပဲ၊ အတန်းလည်း အတူတူဆိုတော့ အသက်က သိပ်ကွာမှာ မဟုတ်ဖူးကွ၊ နော် . . အလင်း"

"မသိဘူးလေ၊ ခက်ဆစ် . . နင့်အသက်ဘယ်လောက်ရှိပြီလဲ"

"အောင်မာ . . ဘာလို့ပြောရမှာလဲ"

"ဘာလဲ . . နင်က ငါ့ထက်အသက်ပိုကြီးမှာ ကြောက်လို့လား၊



www.burmeseclassic.com

www.burmeseclassic.com



ငါက ပိုနမယ်ထင်တယ်နော်"

"အောင်မာ . . အောင်မာ"

အလင်းရောင်က စိတ်ဆိုးဟန်ပြုလာသော ခက်ဆစ်ကို ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

"နင်မပြောချင်လဲ နေပေါ့ဟာ၊ ငါကတော့ နောက်လမှ ဆယ့်ရှစ်နှစ်ပြည့်မှာ . . ."

"နင်က ဖေဖော်ဝါရီမှာမွေးတာ ဟုတ်လား၊ အလကားလျှောက်ပြောမနေနဲ့နော်"

"ဟုတ်ပါတယ်ဆို၊ ဒါပေမယ့် နောက်လမှာ ငါ့မွေးနေ့မရှိဘူး၊ ငါက လေးနှစ်မှတစ်ကြိမ် မွေးနေ့ရှိတာလေ"

ခက်ဆစ်ချိုသည် အလင်းရောင်ကို စူးစူးရဲရဲလေး ကြည့်နေမိလေ၏။ နောက်မှ သူမက . . .

"အလင်းရောင် . . နင် ငါ့ကို တမင်လိုက်စနေတာပေါ့ဟာ"

အလင်းရောင်ပင် ကြောင်သွားရ၏။ ထို့နောက် သူက လွယ်အိတ်ထဲမှ မှတ်ပုံတင်ကို ထုတ်ပြလိုက်ပါသည်။

"နင်မယုံရင် ဒီမှာကြည့်၊ ငါက ဖေဖော်ဝါရီ နှစ်ဆယ့်ကိုးမှာမွေးတာ"

ခက်ဆစ်ချိုက အလင်းရောင်၏ မှတ်ပုံတင်ကို ဖိုဖိုဆတ်ဆတ်နှင့် ယူကြည့်လိုက်ပြီး သူမသိချင်တာကို ထပ်မေးပြန်သည်။

"ဒါနဲ့ နင် ဘယ်အချိန်မွေးတာလဲ၊ သိလား"

"မနက် ရှစ်နာရီခွဲ၊ နေတက်ရေတက် သိပြီလား"

သူ့အား မယုံသင်္ကာဟန်နှင့် တစ်ခုပြီးတစ်ခု စပ်စုနေသော ခက်ဆစ်ချိုကို အလင်းရောင်လည်း ခပ်တင်းတင်းပဲ ပြောချပစ်လိုက်၏။ ဒါတောင် ခက်ဆစ်ချိုက လုပ်နေသေးသည်။

"နည်းနည်းတော့ လွန်နေပြီထင်တယ်၊ ဒီလောက်ကြီးဆိုတော့





တစ်ခုခုများမှားနေလား မသိဘူး"

အလင်းရောင်က ခက်ဆစ်ချိုစကားကို နားမလည်နိုင်အောင် သူ့မွေးနေ့နဲ့ မွေးတဲ့အချိန်က ဘာလွန်စရာရှိလို့လဲ။ မှားရအောင်လည်း ဘာမှမှားစရာမရှိပါ။ တစ်သက်လုံး သူ့မှာ မွေးနေ့နှင့်မွေးဖွားချိန်ဆို၍ ဒီတစ်ခုထဲရှိတာကို ဘာနှင့်သွားမှားရမည်နည်း။ သူလည်း စိတ်ပေါက်ပေါက်နှင့် . . .

"ဘာမှမမှားဘူး၊ အဲဒီနေ့က ငါ့ကိုမွေးတဲ့နေ့၊ ပြီးတော့ ငါ့အမေဆုံးတဲ့နေ့၊ ငါသိတယ် . . လုံးဝမမှားဘူး"

"မဟုတ်ဘူး အလင်း၊ ငါပြောတာက . . ."

ရုတ်တရက် နှစ်ယောက်စလုံး စကားပြတ်တောက်သွားသည်။ ခက်ဆစ်ချို၏ မျက်နှာပေါ်တွင်လည်း ဝေခွဲမရသည့် အရိပ်တစ်ချို့ဖြတ်ပြေးလို့နေ၏။ ခဏကြာတော့မှ အထစ်ထစ်အငေါ့ငေါ့နှင့် သူမက-

"ငါ . . ငါ . . ငါပြောမယ်၊ ဒါဆို နင်နဲ့ငါနဲ့ မွေးတဲ့နှစ်၊ မွေးရက်၊ မွေးလ . . နောက်ဆုံးဟာ မွေးတဲ့အချိန်ပါ လာတူနေတယ်၊ အဲဒါ မလွန်လွန်းဘူးလား"

"ဘာ . . ဘာပြောတယ်"

"ဟင် . . တကယ် . . ."

"ဟယ် . . ဘယ်လိုဖြစ်ပြီး . . ."

ခက်ဆစ်စကားအဆုံးမှာ အာမေဋိတ်သံတွေ တစ်လှေကြီးထွက်ပေါ်လာ၏။ မယုံကြည်နိုင်လောက်အောင်ပင် သူတို့စကားဝိုင်းတတိတ်ဆိတ်လို့ သွားပြန်သည်။ ဒါသွေးရိုးသားရိုး တိုက်ဆိုင်နေတာလားဒါမှမဟုတ် . .။ အားလုံးအတွေးကိုယ်စီဖြင့် အလင်းရောင်နှင့် ခက်ဆစ်ချိုတို့ကို ကြည့်နေမိကြသည်။ သူတို့နှစ်ယောက်သား အတွေးထူနေရာမှ စကားသံတွေ ပြိုင်တူထွက်ပေါ်လာ၏၊

"ဒါဖြင့် နင့်မိဘတွေက . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင့်အဖေနဲ့အမေရော . . ."

အလင်းရောင်က ခက်ဆစ်ချိုကို "ဒီတစ်ခါ နင်အရင်ပြော" ဆိုသည့်သဘောနှင့် မေးဆတ်ပြလိုက်သည်။ ခက်ဆစ်ချိုလည်း အလင်းရောင်ကို ပြန်အငြင်းပွားမနေတော့ဘဲ ရှောရှောရှူရှူပင် ပြောပြပါ၏။

"ငါက အမေနဲ့နေတာဟ၊ ဖေဖေကတော့ ငါငယ်ငယ်လေးထဲက ဆုံးသွားပြီလို့ ပြောတာပဲ"

"အေး . . ငါ့မှာလည်း အဖေပဲရှိတယ်၊ သူက ပြည်မှာနေတယ်၊ အမေကတော့ ငါ့ကိုမွေးပြီးပြီးချင်းပဲ ဆုံးသွားတယ်တဲ့"

တစ်ယောက်မျက်ဝန်းထဲကို တစ်ယောက်စိုက်ကြည့်ရင်း သက်ပြင်းကိုယ်စီချမိကြသည်။ ဘာဆက်ပြောရမှန်းလဲ မသိတော့။ အလင်းရောင်ရင်ထဲတွင် အမည်၊ လိပ်စာ မသိနိုင်သော ခံစားမှုတစ်မျိုးနှင့် သွေးတိုးဆူပွက်လာ၏။ ခက်ဆစ်ချိုမှာ ခပ်လှမ်းလှမ်းရှိ ပင်လယ်ကဗွီးပင်များကို ငေးရီလျက်ရှိသည်။ ကြောက်စရာကောင်းလောက်သည့် ထိုတိုက်ဆိုင်မှုသည် မည်သည့်တစ်စုံတစ်ရာကို အထူးပြုဖော်ညွှန်းနေပါသနည်း။ ဘာမှမရေရာ၊ မသေချာသေးပေမယ့် သူတို့နှစ်ဦးစလုံးရင်ထဲမှာ လေးလံနေကြသည်။ ဝင်းသွဲ့သွဲ့နေခြည်တန်းများသည် ပတ်ဝန်းကျင်ကို ပို၍ပူပြင်းလာစေ၏။ တစ်ချက်တစ်ချက်တွင် တိုက်ခတ်လိုက်သော လေပြေနှင့်အတူ ရွက်ကြွေများက လွင့်ဝဲလျက်ရှိ၏။ သက်ပြင်းမိစကားဝိုင်းမှ သူတို့အတွေးများသည်လည်း လေလိုလှုပ်ရှားယိမ်းထိုးနေကြလေသည်။

* * * *



(၈)

အိပ်ယာဝင်ခါနီးမှ ဖုန်းကမြည်လာ၍ ဦးလင်းနောင်မှာ နာရီကြည့်ရင်း ဖုန်းရှိရာသို့ လျှောက်လာခဲ့သည်။ အချိန်က ညဆယ်နာရီခွဲပြီ။ ဒီအချိန်ကျမှ ပွဲရုံကဖုန်းတော့ မဟုတ်နိုင်ချေ။ ဦးလင်းနောင်လည်း ဖုန်းကိုကောက်ကိုင်လိုက်၏။

"ဟဲလို . . ပြောပါ"

"ဖေဖေလား . . သားပါ"

"ဪ . . အေး၊ သား . . ပြော၊ ဘာအရေးကြီးလို့လဲ"

အလင်းရောင်မှာ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ အတန်ကြာငြိမ်သက်နေ၍ ဦးလင်းနောင်က စိုးရိမ်ဟန်နှင့် . . .

"သား . . ဖေဖေပြောတာ ကြားရဲ့လား၊ ဘာလဲ ဒိုင်ခံပြီး သွားလို့လား"

www.burmeseclassic.com



"ဟိုလေ . . ကျန်တော့ကျန်ပါသေးတယ်၊ ဖေဖေ နေရောကောင်းရဲ့လား၊ သားက ဘာရယ်မဟုတ်ဘူး၊ သတိရလို့ ဖုန်းဆက်လိုက်တာပါ"

သားဖြစ်သူ၏စကားကြောင့် ဦးလင်းနောင်တစ်ယောက် ပြုံးမိသွား၏။ သူ့စိတ်ထဲမှာ 'ဒီကောင် ညကြီး၊ မင်းကြီးဆက်တာ အကြောင်းတစ်ခုခုတော့ရှိမယ်' ဟုတွေးရင်း အလင်းရောင်ကို ပြန်ပြောလိုက်ပါသည်။

"ကောင်းပါတယ်ကွ၊ ထူးထူးဆန်းဆန်း ဒီကာစ်ခါဖုန်းကို သားက နေ့လယ်၊ နေ့ခင်း မဆက်ဘဲနဲ့ အချိန်မတော်ကြီးကျမှ ဘာစိတ်ကူးပေါက်တာလဲ၊ ပြောစမ်းပါဦး"

"ဟာ . . ဖေဖေကလည်း . . ဒီလိုလည်း မဟုတ်ပါဘူး၊ သား ဖေဖေ့ကို မေးစရာလေးရှိလို့"

သားအဖအချင်းချင်း အလင်းရောင်က အားနာနေမိ၏။ ဦးလင်းနောင်လည်း သူထင်ထားသည့်အတိုင်းမို့ . . .

"ဆင်သားပဲ၊ ပြော . . သားက ဘာတွေများ အရေးတကြီး သိချင်လို့လဲ"

"ဟဲ့လေ ဖေဖေ၊ သားကိုမွေးတုန်းက တစ်ယောက်ထဲပဲလားဟင် သားမှာ ညီမတွေ ဘာတွေများ ရှိသေးလားလို့ပါ"

သူ့မေးခွန်းမှာ တော်တော်အူကြောင်ကြောင်နိုင်သည့် မေးခွန်းမှန်း အလင်းရောင်သိပါသည်။ ဒါပေမယ့် မတတ်နိုင်တော့။ အဲဒီလိုပဲ မေးရတော့မည်။ တစ်ဖက်၌ ဦးလင်းနောင်မှာ သူ့မေးခွန်းကြောင့် ဆတ်ခနဲ တွန့်သွားမိ၏။

"သား ဖေဖေ့ကို ဘာတွေလာမေးနေတာလဲ၊ ဘယ်သူက ဘာတွေပြောလိုက်လို့လဲ၊ ငါ့သား ဘယ်သူနဲ့တွေ့ခဲ့သလဲ၊ ဖေဖေ့ကို ပြောစမ်း"





ဖေဖေ့စကားပြောပုံနှင့် လေသံသည် တစ်စုံတစ်ရာကို သူသိသွားမှာ စိုးရိမ်နေသလိုပင် . .။ ဖေဖေ ဖုံးကွယ်ထားတာ ဘာလဲ။ ငါကပဲ သံသယဝင်နေမိတာလား။ အတွေးပေါင်းများစွာနှင့် အလင်းရောင်တစ်ယောက် ချာလပတ်ရမ်းလို့နေလေ၏။ ဖေဖေ့ကို ဖုန်းထဲကနေ လုပ်ကြံဇာတ်လမ်းတစ်ပုဒ်ပြောပြ၍ သူက ပြန်ဖြည်ပေးရသည်။

"ဩော် . . ဒီလိုပါ ဖေဖေရဲ့၊ ဒီနေ့ အဆောင်ကို သားသူငယ်ချင်းရဲ့ မိသားစုလာလည်တယ်လေ၊ သူတို့မှာ အရမ်းချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်ရှိတယ်၊ သူတို့မိသားစုကို နွေးနွေးထွေးထွေးလေးမြင်ရတော့ သားလည်း ညီမလေးတစ်ယောက်လောက်ရှိရင်ကောင်းမှာပဲဆိုပြီး စိတ်ကူးယဉ်မိတာပါ၊ ဘာမှမဟုတ်ပါဘူး၊ သားကြောင့် ဖေဖေစိတ်အနှောင့်အယှက် ဖြစ်သွားပြီလားဟင်"

သက်ပြင်းချသံနှင့်အတူ ဖေဖေ့ဆီမှ စကားသံလေးလေးကြီးသူ့နားသို့ရောက်လာသည်။

"ဩော် . . သားရယ်၊ ဘာများလဲလို့၊ ဘာဝဆိုတာ တစ်ယောက်နဲ့တစ်ယောက် တူတာမှမဟုတ်တာ၊ သားစိတ်ကူးယဉ်မိတာ အပြစ်မဟုတ်ပါဘူးလေ၊ ဘယ်သူမဆို မိသားစုနဲ့ အဲဒီလိုနေချင်ကြမှာပဲ၊ သားမေမေက ဖေဖေတို့နဲ့ အကြာကြီးအတူပူးနေဖို့ ကံမှမပါလာတာကဲ ထားလိုက်ပါတော့ သားရယ်၊ သားပြောမှာ ဒီအကြောင်းပဲလား တခြား ဘာပြောစရာရှိသေးလဲ"

"အဲဒါပါပဲ ဖေဖေရာ၊ တခြားအကြောင်း မရှိပါဘူး"

"အေး . . ဒါဖြင့်လည်း ဖေဖေဖုန်းချလိုက်တော့မယ်၊ ညဥ့်နက်နေပြီနော်သား ကျန်းမာရေးကို ဂရုစိုက်ဦး"

"ဟုတ်ကဲ့ ဖေဖေ Good night နော်"

ဖုန်းပြန်ချသွားသည်အထိ ဦးလင်းနောင်မှာ ရပ်နေသောနေရာက မရွေ့မိသေး။ ဒီလိုအချိန်မျိုးမှာ သားထံမှ ဒါမျိုးမေးခံရ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ဟု ဦးလင်းနောင် လုံးဝမထင်မှတ်ထားခဲ့ပေ။ မိတဆိုးလေးမို့ သားကို အဖေလိုရော၊ အမေလိုပါ သူပြုစုစောင့်ရှောက်ခဲ့ပါသည်။ သားမျက်နှာငယ်မှာစိုး၍ သူ နောက်အိမ်ထောင်မပြုဘဲနေခဲ့၏။ အခုတော့ သားက မေးလာလေပြီ။ ပြန်မတွေးချင်သော အတိတ်က သူ့ခေါင်းထဲဝင်လာ၏။

သားက ဘာဖြစ်လို့ ခုလိုမေးလာသည်ကိုလည်း စဉ်းစား၍ မရတော့။ ဦးလင်းနောင်မှာ စိတ်ဇမာစွာနှင့် သက်ပြင်းရှည်ကြီးတစ်ချက် ချမိလိုက်သည်။ ဒီညကို အိပ်ပျော်အောင် ဘယ်လိုကြိုးစားရမည်နည်း။ ညသည် ခါးသက်လွန်းလှသည်။

* * * *

TV ရှေ့မှာထိုင်ပြီး ကိုရီးယားဇာတ်လမ်းတွဲကြည့်နေသော မေမေ့ကို ခက်ဆစ်ချို အကဲခတ်နေမိသည်။ သားအမိချင်းပေမယ့် ဒီလိုမျိုးတော့ တစ်ခါမှ အကဲမခတ်ဘူးချေ။ ခုမှ အလင်းရောင်နှင့် ပတ်သက်၍ စိတ်ရှုပ်ထွေးစွာဖြင့် ထိုသို့အကဲခတ်ကြည့်နေမိခြင်း ဖြစ်သည်။ မေမေက ခုအရွယ်ထိ လှတုန်းပတုန်း။ နောက်အိမ်ထောင်ထပ်မပြုသဖြင့် အရွယ်တင်သည်။ မေမေ နောက်အိမ်ထောင်မပြုခဲ့တာ အကြောင်းလေးတွေ ရှိနေလို့လားဟု အရင်က ခက်ဆစ်ချိုမတွေးမိခဲ့။ အခုတော့ သံသယဖြစ်ရပြီ။

ခက်ဆစ်ချိုသည် မေမေ့အနားသွားပြီး ပေါင်ပေါ်မှာ လှဲအိပ်လိုက်သည်။ မေမေက . . .

"ဟဲ့ . . ဒီကောင်မလေး၊ အိပ်ချင်ရင်လည်း အခန်းထဲသွားအိပ်လေ၊ စာကော ကျက်ပြီးပြီလား"

"ကျက်ပြီးပါပြီ မေမေရဲ့၊ ဒီနေ့ သမီးကျောင်းမှာ ထူးဆန်းတာ





ဘစ်ခုတွေ့ခဲ့တယ် သိလား၊ မေမေရယ် မသိရင် ကိုရီးယားဇာတ်လမ်းကျနေတာပဲ"

မေမေက ကိုရီးယားဇာတ်လမ်းဆို ထမင်းမေ့၊ ဟင်းမေ့ဖြစ်သည်အထိ ရှုပ်ရှုပ်ချွံချွံကြည့်သူ . . ။ ခုလည်း ခက်ဆစ်ချိုအပြောကြောင့် စိတ်ဝင်စားသွားပြီး (ထိုအချိန်တွင် TV က ကြော်ငြာလာနေသည်။)

"ဘယ်လို . . ကိုရီးယားဇာတ်လမ်းကျနေတာပဲ ဟုတ်လား"

"ဟုတ်တယ် မေမေရ၊ ဇာတ်လမ်းက ဒီလိုလေ၊ ကောင်လေးနဲ့ကောင်မလေးက အစပိုင်းမှာ မတည့်ကြဘူး၊ အဲ . . နောက်တော့ သူငယ်ချင်းတွေ ဖြစ်သွားတယ်၊ ကောင်မလေးက မျက်နှာတစ်ဝက်လောက်ကို ဆံပင်တွေ အမြဲချထားတာ၊ ကောင်လေးကလည်း ကောင်မလေးကို မြင်ဖူးသလိုလိုရှိပေမယ့် ခန့်မှန်းလို့မရဘူး၊ ကောင်မလေးကလည်း ဒီအတိုင်းပဲ"

မေမေ့ကို တစ်ချက်ကြည့်လိုက်တော့ သူမပြောတာကို စိတ်ဝင်စားပုံပေါ်သည်။ ထို့ကြောင့် ခက်ဆစ်ချိုက စကားကိုဆက်လိုက်၏။

"ဒီလိုနဲ့ မေမေရာ၊ တစ်ရက်ကျတော့ သူငယ်ချင်းတွေ အကုန်ထိုင်နေတုန်း ကောင်မလေးက အိုက်လို့ဆိုပြီး ဆံပင်တွေကို စည်းလိုက်တယ်၊ အဲဒီအချိန်မှာပဲ ကောင်လေးရဲ့သူငယ်ချင်းတစ်ယောက်က ကောင်မလေးကို ဘယ်သူနဲ့တူနေတယ်ဆိုတာ တပ်အပ်သိသွားတယ်"

"ကောင်လေးနဲ့တူနေတာ မဟုတ်လား"

ခက်ဆစ်ချိုပင် အံ့သြသွား၏။ ပြီးမှ မေမေ့ရဲ့ ကိုရီးယားကားကြည့်သက်ကို တွေးမိသွားကာ ဖြေသိမ့်လိုက်ရသည်။

"ဟုတ်တယ် မေမေရဲ့၊ အဲဒါက သိပ်မထူးဆန်းသေးပါဘူး၊ ပိုတိုက်ဆိုင်တာက သူတို့နှစ်ယောက်က အကြိုက်ချင်းတွေပါတူတာ၊ ဥပမာ-အရောင်တို့၊ အစားအသောက်၊ အသုံးအဆောင်တို့ပေါ့ မေမေရာ၊ ဖိနပ်တောင် အမျိုးအစားအတူတူပဲ၊ အဲ . . အဆိုးဝါးဆုံး တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှုက . . ."

"မောင်နှမတွေ ဖြစ်နေလို့လား"

မေမေကတော့ ခက်နေလေပြီ။ ဇာတ်သိမ်းကိုပါ တစ်ခါထဲ မှန်းဆထားပြီးသား ဖြစ်ပုံရသည်။ TV မှာ ဇာတ်လမ်းပြန်လာနေသော်လည်း မကြည့်တော့ပေ။ ခက်ဆစ်လည်း မေမေ့ကို ဆက်ပြောပြရတော့၏။

"အဲဒါတော့ သမီးလည်း ဘယ်သိမှာလဲ၊ သမီးသိတာက . . အဲဒီနှစ်ယောက်က မွေးသက္ကရာဇ်ကအစ အကုန်တထပ်ထဲ တူနေကြတာ . . ."

"ဒါဆို . . ဟုတ်မှာပါအေ"

"အဲဒီလိုပြောရင်တော့ ပြောစရာပေါ့လေ၊ အပြန်အလှန် မေးကြည့်ကြတော့လည်း ကောင်မလေးမှာ အမေပဲရှိတော့တယ်၊ ကောင်လေးမှာလည်း အဖေပဲရှိတော့တယ်"

မေမေက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"သမီးရယ် . . ဒီလောက်တိုက်ဆိုင်နေမှတော့ စုံစမ်းစရာတောင် မလိုဘူး၊ သူတို့နှစ်ယောက်က အမွှာဖြစ်မှာပေါ့၊ မိဘကွဲနေတော့ ကလေးတွေကို မပြောဘဲထားတာနေမှာပါ၊ သူတို့လူကြီးတွေ တစ်ယောက်နဲ့တစ်ယောက် စိတ်နာပြီးတော့လေ"

ခက်ဆစ်ချို အကဲခတ်ကြည့်ရသလောက်တော့ မေမေ့မျက်နှာပေါ်မှာ ဘာခံစားမှုမှမရှိချေ။ ရုပ်ရှင်ဇာတ်လမ်းတစ်ခုကို ပြောပြနေသလိုမျိုး။ မေမေပဲ ဟန်ဆောင်ကောင်းလွန်းတာလားဆိုပြီး သံသယဝင်မိသေးသည်။ သူမက ထိုသံသယကို အခြေခံ၍ . . .

"အင်းလေ . . မေမေပြောသလိုလည်း ဖြစ်နိုင်တာပါပဲ ဒြော် . . ဒါနဲ့ မေမေ ဖေဖေက သမီးဘယ်အရွယ်မှာ ဆုံးသွားတာလဲဟင်"

ရုတ်တရက် ခက်ဆစ်ချိုက မေမေ့ကို အလစ်မှာ ဖြတ်မေးချ





လိုက်၏။ မေမေ့မျက်နှာပေါ်တွင် ဝမ်းနည်းနေရမည့်အစား နာကျည်းခြင်း အငွေ့အသက်များကိုသာ တွေ့လိုက်ရသည်။ မေမေ့ဆီမှလေသံက အေးစက်လွန်းနေတာကြောင့် သူမလည်း အံ့သြသွားမိ၏။

"နင် လူမှန်းမသိတတ်ခင်လေးမှာပဲ ဆုံးသွားခဲ့တာ၊ နင့်အဖေအကြောင်း မမေးစမ်းပါနဲ့ သမီးရယ်၊ အလကား အရက်သမား၊ သစ္စာမရှိတဲ့လူ . . ."

ဒီကိစ္စနှင့်ပတ်သက်၍ မေမေက လုံးဝပြောချင်ဟန်မရှိချေ။ ခက်ဆစ်ချိုမှာ ပို၍သံသယတွေ ဝင်ချင်လာသည်။ မေမေသည် ဖေဖေ့ကို ဘာကြောင့်များ နာကျည်းမုန်းတီးနေရပါသနည်း။ သူမ မသိပါ။ ဒါပေမယ့် မေမေ့ကို ထပ်ပြီးသွေးတိုးစမ်းချင်သဖြင့် သူမက . . .

"မေမေမကြိုက်ရင်လည်း သမီးမမေးတော့ပါဘူး ဒါပေမယ့် ဟို . . ကောင်လေးနဲ့ကောင်မလေးက အပြင်မှာ တကယ်ရှိကြတယ် . . သိလား"

"ဒါဆို . . သူတို့နှစ်ယောက် မောင်နှမတော်မှန်းကို သိသွားကြပြီပေါ့"

မေမေ့အတွေးက ခက်ဆစ်ချိုဘက်သို့ ပြန်လှည့်လာသည်။ ဖေဖေ့အကြောင်းထက် ဒီဇာတ်လမ်းကို ပိုပြီးစိတ်ဝင်စားနေသော မေမေ့ကိုလည်း ခက်ဆစ်ချိုစိတ်ဆိုးချင်သလို ဖြစ်မိသေးသည်။ နောက်မှ ခက်ဆစ်ချိုက တွေးတွေးဆဆဟန်ဖြင့် . . .

"မသိသေးပါဘူး မေမေရယ်၊ သူတို့လည်း မှန်းစမ်းရဲဘူး ဖြစ်နေကြတယ် ဒီအရွယ်ကြီးတွေရောက်မှ ဒီအတိုင်းပဲနေကြရင် ပိုကောင်းမလားလို့ပါ"

မေမေက တစ်ချက်စဉ်းစားလိုက်ကာ . . .

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သမီးရယ် တော်ကြာ ကောင်လေးက ကောင်မလေးကိုကြိုက် ကောင်မလေးကလည်း ပြန်ကြိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့မတွေ ကျားကိုက်နေပါဦးမယ်"

မေမေ့စကားကြောင့် ခက်ဆစ်ချိုရင်ထဲမှာ တစ်မျိုးလေးဖြစ်သွား၏။ ဒင်းကိုပဲ ငါက ကြိုက်ရဦးမယ်ဟုတွေးပြီး အလင်းရောင်၏ ပြောင်စပ်စပ်မျက်နှာကို ပြေးမြင်လိုက်မိသည်။ မိမိသဘောအရဆိုလျှင်တော့ ကျားပဲအကိုက်ခံလိုက်မည်။ သူ့ကိုတော့ မကြိုက်ချင်ပါ။ သူက လူကိုမခံချင်အောင် အရမ်းစတတ်သည်။ တွေးရင်းနှင့် သူမလည်း ရယ်ချင်လာပုံရသည်။ ခက်ဆစ်က . . .

"ခစ် . . ခစ် . . မေမေရာ၊ မေမေပြောသလိုတော့ ဖြစ်မယ်မထင်ဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ သူတို့နှစ်ယောက်က သူငယ်ချင်းတွေသာဆိုတာ . . လူချင်းသိပ်တည့်တာ မဟုတ်ဘူး"

"ဖြစ်တတ်တယ်နော်၊ အဲဒါမျိုးမှ ပိုဖြစ်တတ်တာ"

အရေးထဲမှာ မေမေက ဖြစ်စေချင်နေသေးသည်။ အခုနေများ အဲဒါ သူ့သမီးမှန်းသိသွားပါက ဘာပြောသဦးမည် မသိပေ။

ခက်ဆစ်ချိုလည်း မေမေ့ကို စိုက်ကြည့်၍ မေးလိုက်ပါသည်။

"ဒါနဲ့ မေမေ၊ အဲဒီကောင်မလေးက သမီးဆိုရင် ဘာလုပ်ရမလဲဟင်"

မေမေတစ်ယောက် သူမကို အံ့သြစွာဖြင့် ကြည့်နေတော့သည်။ ဘာပြန်ပြောရမည်ကိုလည်း တကယ်ပဲ မသိနိုင်အောင် ဖြစ်နေရှာမိ၏။ ခက်ဆစ်ချိုလည်း မေမေ့ဆီမှတုန့်ပြန်မှုကို မစောင့်တော့ဘဲ အခန်းထဲသို့ ချက်ချင်းဝင်လာခဲ့ပါသည်။ သူမအနေနှင့် မေမေ့ကို ပုစ္ဆာတစ်ပုဒ်ပေးခဲ့ပြီးပြီ။ မေမေကရော ဘယ်လိုပြန်၍ အဖြေထုတ်ပေးမည်နည်း။

* * * *



## (၉)

ဒီနေ့ အလင်းရောင် ကျောင်းကို နောက်ကျမှရောက်သည်။ ထွေထွေထူးထူးတော့ မဟုတ်ချေ၊ ဘဏ်တွင် ဖေဖေလွှဲလိုက်သည့် ပိုက်ဆံသွားထုတ်နေသောကြောင့် ဖြစ်၏။ သူအတန်းထဲရောက်ချိန်မှာ ခလုတ်နှင့် အပ်ချည်တို့ကို မတွေ့ရတော့သဖြင့် အလင်းရောင်လည်း အတန်းဝင်တက်နေလိုက်ပါသည်။ ထမင်းစားချိန်ရောက်သည်အထိ တို့နှစ်ကောင်က ပြန်မလာသေး . .။ သိပ်ရှည်ရှည်ဝေးဝေး စဉ်းစားရာမလိုပါ။ ဒင်းတို့နှစ်ယောက်စလုံး Chemistry ကန်တင်းဘက်သွားပြီး ကြောင်နေတာပဲ ဖြစ်ရမည်။ ထိုအတွေးနှင့် အလင်းရောင်လည်း ခက်ဆစ်ချိုကို မဆီမဆိုင် သတိရသွားပြန်သည်။ သူ့ခမျာ ဘယ်သွားရမှန်းမသိဘဲ တစ်ယောက်ထဲ အူတူတူဖြစ်နေမိ၏။ နောက်တော့ သူပါ Chemistry ဘက်သို့ ထွက်လာခဲ့ပါတော့သည်။

နေရောင်ခြည်သည် သူလမ်းလျှောက်လာခဲ့သော အရပ်



www.burmeseclassic.com

www.burmeseclassic.com



တန်းပေါ်တွင် အချိုးကျစွာ ညီညီညာညာ ဖြန့်ခင်းထားသကဲ့သို့ရှိ၏။ သစ်ကိုင်းသစ်ရွက်တွေကြားမှ စီးဖောက်ကျလာသည့် အလင်းကွက်များကလည်း လမ်းလေးထက်၌ ဟိုဟိုသည်သည် ပြန့်ကျဲလို့နေ၏။ ဆောင်းရာသီရောက်ခါနီးပြီမို့ လေစီးထဲမှာ အေးစိမ့်ထိုင်းမှိုင်းသော ရနံ့ကိုက သင်းပျံ့ပေ့ဝဲနေကြပါသည်။ ငှက်ကလေးများကလည်း မိုးဥတုကို နှုတ်ဆက်သီချင်းတွေ ကျူးရင့်လျက်ရှိ၏။ ရာသီအကူးအပြောင်းတစ်ခု၏ လွမ်းမောဖွယ်ရာများကို အလင်းရောင်တစ်ယောက် အပြည့်အဝ အရသာခံနေမိသည်။ သိပ်မကြာခင် ဟိုခပ်လှမ်းလှမ်းဆီက မိုးနှောင်းပန်းတို့သည်လည်း ကြွေလွင့်ပျောက်ကွယ်သွားပေလိမ့်ဦးမည်။ ထိုသို့ဖြင့် သဘာဝတရားမှာ လောက၏ မတည်မြဲခြင်းသဘောကို ဖော်ညွှန်းပြသနေတော့သည်။

အလင်းရောင် Chemistry အခန်းတင်းဆီသို့ရောက်ချိန်တွင် ခလုတ်တိုက်ကို အရိပ်အယောင်မျှပင် မတွေ့ရချေ။ သူလုံးဝမမျှော်လင့်ဘဲ တိုက်ဟိုက်ဆိုင်ဆိုင် တွေ့လိုက်ရသူကတော့ မရွှေကက်ဆစ် ဖြစ်နေလေသည်။ သူမက ကန်တင်းမှာ တစ်ယောက်ထဲထိုင်နေ၏။ သူငယ်ချင်းတွေကို စောင့်နေခြင်းဖြစ်နိုင်သည်။ သူမနှင့်သူသည် အတန်းအနက်ရောင်ဆင်တူဖြစ်နေ၍ အလင်းရောင်တစ်ယောက် ရှက်ကိုးကန်းတက်လေး ဖြစ်သွားမိသည်။ အလင်းရောင်လည်း ဘယ်ကိုမှ သွားရောက်စရာမရှိသည့်အတွက်ကြောင့် ခက်ဆစ်ချိုထိုင်နေသောဝိုင်းသို့ လျှောက်သွားလိုက်ပါ၏။ ထို့နောက် သူက . . .

"ခက်ဆစ် . . တစ်ယောက်ထဲလား"

ခက်ဆစ်ချိုမှာ သိပ်မအံ့ဩသလိုနှင့် အလင်းရောင်ကို ခပ်တည်တည်ကြည့်ပြီး ပြန်ပြောလိုက်သည်။

"အေး . . ဟုတ်တယ် သိတာပလာအေးလို့ စောင့်နေတာ" ဒါပဲပြောပြီး သူမက ရှေ့ရောက်လာသော လက်ဖက်သုပ်တွေကို





မြိန်ရေယှက်ရေစားပြနေ၏။ အလင်းရောင်မှာ ချက်ချင်းကြီးမို့ ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်အ,အလေး ဖြစ်သွားရသည်။ ပြီးမှ သူမနှင့်ငါ သူငယ်ချင်းတွေ ဖြစ်နေပြီဆိုသည့်အသိနှင့် သူက သူမဝိုင်းတွင် ဝင်ထိုင်လိုက်ပါသည်။ သူမသည် သူ့ကို "စားပါဦးလား" ဟုပင် လောကွက်လုပ်ဖော်မရဘဲ တစ်ယောက်ထဲ လက်ဖက်သုပ်တွေစားနေ၏။

အလင်းရောင်မှာ ခက်ဆစ်ချိုကိုငေးရင်း မောင်နှမတော်ချင်စိတ်ပင် ပျောက်လာမိသည်။ ခက်ဆစ်ချို လက်ဖက်စားနေတာ ရှုံ့စရာကောင်းလို့တော့ မဟုတ် . .။ အကြောင်းက သူခက်ဆစ်ချိုအပေါ် အရည်ပျော်ချင်နေလေပြီ။ ဒီလို ရှင်းသန့်ကြည်စင်လှသော ကောင်မလေးမျိုးနှင့် ရည်းစားဖြစ်ရရင် ဘယ်လောက်ကောင်းလိုက်မည်နည်း။ သူတို့နှစ်ယောက်၏ တိုက်ဆိုင်လွန်းသည့် ဖြစ်ရပ်တွေကိုလည်း စနစ်တကျ ပြောယွင်းတာပါဟု သူက ကောက်ချက်ချပစ်လိုက်၏။ နောင်ခါလာ နောင်ခါ‌ဈေးပဲ။ အခုလောလောဆယ်တော့ သူမကို သူအားရပါးရ ရင်ခုန်ပစ်လိုက်ဦးမည်။

အလင်းရောင်မှာ ကိုယ့်အတွေးနှင့်ကိုယ် ရုတ်တရက် ထရယ်လိုက်သဖြင့် ခက်ဆစ်ချိုက ဖျတ်ခနဲ လှမ်းကြည့်သည်။ သူက မလုံ့စွာဖြင့် . . .

"ဟင်း . . ဟင်း . . ဟင်း . . ငါဘာသာငါတွေးရင်း ရယ်ချင်လို့ပါဟ"

"နင်က ဘာကိုရယ်ချင်တာလဲ"

"ဒီလိုလေ . . နင်နဲ့ငါက မယုံနိုင်လောက်အောင် အကုန်လာတူနေတော့ ငါတို့လည်း ဦးနှောက်စားသွားတာပေါ့၊ တကယ်ဆို အဲဒီနှစ်၊ အဲဒီနေ့၊ အဲဒီအချိန်မှာ မွေးတဲ့လူတွေက ငါတို့နိုင်ငံမှာတင် ရာနဲ့ချီပြီး ရှိနေလောက်တယ်၊ နင်နဲ့ငါက ရုပ်ချင်းလည်းဆင်လော့ ဘာဘာညာညာတွေ လျှောက်ထင်မိကုန်ကြရော . .၊ အဲဒါကိုတွေးမိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ငါက ရယ်ချင်လို့ပါ"

ခက်ဆစ်ချိုက သူ့စကားကို လက်ခံဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်လိုက်ရင်း . . .

"အေးဟ . . . ဟုတ်တယ်၊ ငါလည်း ရုတ်တရက်ကြီးဆိုတော့ ရုပ်ရှင်ထဲကလိုလားပေါ့ဟာ၊ တကယ်တော့ အလကားပါ။ ရယ်စရာကြီးနော် . . ဟင်း ဟင်း"

"ဟုတ်ပ . . ဟား ဟား . . ဟား . . ."

ပြဿနာတစ်ခုကို အဖြေရှာတွေ့သွားသည့်အလား နှစ်ဦးသား ပေါ့ပေါ့ပါးပါး ရယ်လိုက်မိကြသည်။ မည်သို့ပင်ဖြစ်စေ . . ဒါသည် သူတို့ဘာသာသူတို့ ဇွတ်အတင်းလက်ခံထားသည့် အဖြေတစ်ရပ်မှန်းကိုလည်း နှစ်ယောက်စလုံးသိကြပါ၏။ ထိုအချိန်မှာပဲ သီတာက သူတို့ဝိုင်းကို ရောက်လာသည်။ သူတို့နှစ်ယောက် နေတာကိုတွေ့တော့ သီတာက . . .

"ဟဲ့ . . နင်တို့က ဘာတွေသဘောကျနေကြတာလဲ"

အဲဒါကို အလင်းရောင်က အတည်ပေါက်နှင့် . . .

"ဩော် . . ငါနဲ့ခက်ဆစ်က တကယ်တမ်း မောင်နှမတော်ရမယ်ဆိုရင်တောင် . . ငါက သူ့ကို ညီမတစ်ယောက်လို ခံစားလို့မရဘူးလို့"

အလင်းရောင်က ကိုယ့်အတွေးနှင့်ကိုယ် ပြောလိုက်ခြင်းဖြစ်သော်လည်း၊ ခက်ဆစ်ချိုမျာမှာတော့ မခံမရပ်နိုင်လောက်အောင် ဖြစ်သွားပုံရသည်။

"အောင်မာ . . ငါက ပိုတောင်ဆိုးသေး၊ နင့်ပုံစံကိုကြည့်ပြီး အဲကိုလို၊ မောင်လိုကို မတော်ချင်တာ၊ တကယ်ပဲ"

"ဒါကတော့ . . နင် ငါ့အပေါ် တစ်မျိုးတစ်မြည်ဖြစ်နေလို့ ာပေ့၊ ဟုတ်တယ်နော် သီတာ"





သူ့အပြောကြောင့် သီတာက တခစ်ခစ်ရယ်တော့သည်။ ခက်ဆစ်ချိုမှာ မျက်နှာလေးရဲခနဲဖြစ်သွားပြီး . . .

"အလင်းရောင် . . နင်နော် ပြောရင်းဖောက်မလာနဲ့၊ ငါက မိုးရိုးသားသားပြောတာဟဲ့"

"ဟုတ်ပါတယ်၊ ငါကလည်း နင့်ကို မရိုးသားဘူးလို့ မပြောပါဘူး၊ နင့်ဘာသာနင် ဖြစ်နေတာ . . ."

ပြောလေ၊ ကဲလေဖြစ်နေသော သူ့ကို ခက်ဆစ်ချိုက ရေနွေးနှင့် ကောက်ပက်လိုက်ပါသည်။ အလင်းရောင်က တိမ်းရှောင်ရင်းမှ လှမ်းပြီးငြိမ်းချမ်းရေးစကားဆို၏။

"ဟာ . . တော်တော့ ခက်ဆစ်၊ နင့်ကို မစတော့ဘူး၊ ဒါနဲ့ သီတာ . . နင် ခလုတ်တို့ကို မတွေ့မိဘူးလား"

ခလုတ်ဆိုသည့် နာမည်ကြောင့် သီတာလည်း ရှက်သွေးလေးဖြန်းကာ မပွင့်တပွင့်နှင့် ပြန်ဖြေသည်။

"ဟင့်အင်း . . " တဲ့ . . .။

ထိုအခါ ခက်ဆစ်ချိုက ရှက်နေသော သီတာကို မကျေမနပ်ကြည့်ပြီး ပြဿနာလုပ်လေတော့သည်။

"ငါထင်သားပဲ၊ အဲဒါကြောင့် စံပယ်က ဒီကောင်တွေနဲ့ ဘလိုင်းကြီး အတင်းမိတ်ဆက်ပေးခဲ့တာကိုး"

သီတာသည် ရှက်ဝါးဝါးနှင့် ခုံပေါ်က ရေနွေးခွက်များကို ဟိုရွှေ့ဒီရွှေ့လုပ်နေ၏။ သီတာကိုကြည့်၍ အလင်းရောင်လည်း ခလုတ် အခြေအနေကောင်းနိုင်သည်ဟု တွက်ဆမိပြီး ပြုံးလိုက်ပါသည်။ နောက် . . သူက တစ်စုံတစ်ရာကို သိလိုစိတ်နှင့် . . .

"ဟဲ့ . . ခက်ဆစ်၊ စံပယ်က ငါတို့အကြောင်းတွေများ ဘာတွေ မွသွားသေးလဲ"

"ထွေထွေထူးထူးတော့ မဖွသွားပါဘူး၊ နင့်မှာ ပုလင်းထောင်

www.burmeseclassic.com



ဆိုတဲ့ နာမည်နောက်တစ်မျိုး ရှိသေးတယ်လို့တော့ ပြောသွားတာပဲ”

အလင်းရောင်မှာ အရှက်မရှိသူပီပီ . . .

“အင်း . . ငါသိပြီ အလင်းရောင်ကို သူငယ်ချင်းတွေက ချစ်စနိုးနဲ့ ပုလင်းထောင်လို့ခေါ်တယ်၊ ရုပ်ကလေး သနားကမားနဲ့ သဘောလည်းကောင်းတယ်၊ ရည်းစားလည်း မရှိဘူး၊ ခင်ဖို့အရမ်းကောင်းတယ်၊ ဒါမျိုးတွေ နေမှာပေါ့၊ ဟုတ်လား”

ခက်ဆစ်ချိုနှင့် သီတာတို့မှာ ဟန်မဆောင်နိုင်ဘဲ ရယ်လိုက်မိကြသည်။

“ခစ် . . ခစ် . . ခစ် . . သူ့ကိုယ်သူများ ရုပ်ကလေး သနားကမားနဲ့ဆိုပဲ . . ၊ ရှက်ကြောပြတ်နေတာ ထင်တယ်နော် သီတာ”

သီတာက ဘာမှဝင်မပြောဘဲ ပြုံးနေ၏။ ထိုစဉ် အလင်းရောင်က . . .

“ဟင် . . ဒါဆို နင်လည်း အရှက်မရှိဘူးပေါ့၊ ခက်ဆစ်ရယ် . . မိန်းကလေးဖြစ်ပြီး . . . ”

“အောင်မာ . . ငါက ရှက်တတ်တာပေါ့၊ နင်သာ အရှက်မရှိလို့ ပြောရဲတာ”

သူမက ဒေါသသံလေးနှင့်မို့ အလင်းရောင်လည်း အမြန်ပင်-

“အေး . . ငါ့ကိုယ်ငါ သနားကမားလို့ပြောတာကို အရှက်မရှိဘူးဆိုရင် နင်နဲ့ငါနဲ့က ရုပ်ချင်းဆင်တယ်လေ၊ အဲဒါဆို နင်လည်း . . . ”

“ဟင် . . အဲဒါ မပါဘူး၊ ငါက သဘောကိုပြောတာ”

ခက်ဆစ်ချိုက အတင်းကြီးငြင်းနေသဖြင့် အလင်းရောင်နှင့် သီတာတို့လည်း ရယ်လိုက်မိကြ၏။ ခဏကြာတော့ ခက်ဆစ်ချိုပါ ရယ်ချင်လာပြီး လိုက်ရယ်လေတော့သည်။ ထိုနေ့က မမြင်ရသော လေးလံမှုများကို ယာယီဖယ်ခွာ၍ သူတို့နှစ်ယောက် အရင်ထက် ပိုမိုရင်းနှီးနွေးထွေးစွာ ဆက်ဆံနေမိကြ၏။ ဘဝ၏မရေရာသော ပုစ္ဆာတစ်ပုဒ်ကို





အဖြေမရသေးမီ၊ ဒါသည် အကောင်းဆုံးနည်းလမ်းတစ်ခုဆိုတာ သေချာပါ့မလား။ ဘာပဲဖြစ်ဖြစ် သူတို့က မျှော်လင့်နေမိခဲ့လေပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

ပုံမှန်စီးမျောနေသော အချိန်ကာလထဲသို့ ဆောင်းဥတုသည် တရွေ့ရွေ့နှင့် ချဉ်းကပ်ဝင်ရောက်လာခဲ့၏။ သစ်ရွက်အချွန်လေးများပေါ်တွင် နှင်းရည်စက်တို့ စိုလူးလျက်။ မြက်ဖျားနှင်းများကလည်း လမ်းလျှောက်ထွက်လာသူတို့ကို အရသာသစ်တွေ ဖြစ်ပေါ်စေသည်။ ဒါ့အပြင် ဆောင်းဦးမနက်ခင်းမှာ မြူဝတ်မြူခိုးများကြားရှိ စိတ်ကူးဆန်းဆန်းပြားပြားတွေနှင့် ဇိမ်ခံနေနိုင်သေးသည်။

အလင်းရောင်က ကန်တင်းမှာ တစ်ယောက်ထဲထိုင်ရင်း အတွေးတွေ လွင့်မျောနေ၏။ အခုဆို ခလုတ်နှင့် သီတာတို့လည်း ချစ်သူတွေ ဖြစ်သွားကြပြီ။ အပ်ချည်ကလည်း ခလုတ်ကို အားကျပြီး မြန်မာစာမှ ကောင်မလေးတစ်ယောက်ကို လိုက်နေပြန်သည်။ နှစ်ကောင်စလုံးက အချစ်ရေးတွင် ဝီရိယကောင်းလှသောကြောင့် အလင်းရောင်မှာ တစ်ယောက်ထဲ ဖြစ်နေရရှာ၏။





ပျင်းပျင်းရှိတာနှင့် Chemistry ဘက်ကို မကြာ၊ မကြာ ရောက်သွားလေ့ရှိသည်။ (အလင်းရောင်တို့ပျင်းပုံက ရည်ရွယ်ချက်ပါသည်။) ဒီနေ့လည်း သူက ကံကောင်းချင်တော့ ကန်တင်းမှာ ခက်ဆစ်ချိုကို တစ်ယောက်ထဲ တွေ့လိုက်ရ၏။ သူမသည် အနာဂတ်ကို ကြိုတင်မသိမြင်နိုင်သဖြင့် အေးအေးလူလူပင် စားသောက်နေ၏။

အလင်းရောင်ဝင်ထိုင်တော့ သူမက ပေါက်စီတစ်လုံးကို အားကြိုးမာန်တက် ကိုက်ဖြတ်လျက်ရှိသည်။ သူ့ကိုမြင်လိုက်သည်နှင့် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး ပေါက်စီပန်းကန်ကို မေးငေါ့ပြကာ (လက်မအား၍ ဖြစ်သည်။) . . .

"ဝဝင်းရောင် ဝါးဝေ"

ပါးစပ်ထဲတွင် ပေါက်စီတွေ နေရာယူထားသဖြင့် ခက်ဆစ်ချို၏ စကားသံတို့က လုံးထွေးနေသည်။ အဓိပ္ပါယ်မှာ "အလင်းရောင်စားလေ" ဟူ၍ ဖြစ်သည်။ သူမရှက်သွားမည်စိုး၍ အလင်းရောင်က မရယ်ဘဲ ခပ်တည်တည်သာ ပြန်ပြောလိုက်ပါသည်။

"နင်ပဲ စားပါ၊ ငါက စားဖူးပါတယ်"

ထိုစကားကိုကြားချိန်တွင် ခက်ဆစ်ချိုက ပါးစပ်ထဲမှ ပေါက်စီတို့ အစာအိမ်ထဲသို့ အောင်မြင်စွာ ပို့ဆောင်ပြီးသွားခဲ့ပြီ။ အလင်းရောင်ကို သူမက လှမ်းရန်တွေ့လိုက်၏။

"အောင်မာ . . ငါကပဲ မစားဖူးတာကျနေတာပဲ"

ခက်ဆစ်ချို စိတ်ဆိုးပုံလေးမှာ အသဲယားစရာပင်။ အလင်းရောင်က ချက်ချင်းပဲ ခက်ဆစ်ချိုကို ပြန်မျက်နှာချိုသွေးရင်း . . .

"ခက်ဆစ် . . နင့်အမေဆီမှာ ဟိုကိစ္စစုံစမ်းပြီးပြီလား"

အလင်းရောင်၏အပြောကို ခက်ဆစ်ချို သဘောပေါက်[illegible]သည်။ သူမက သက်ပြင်းငွေ့ငွေ့ချလိုက်ပြီး . . .

"မစုံစမ်းရသေးပါဘူးဟာ၊ နင်က ဘာဖြစ်လို့ ဒီလောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



သိချင်နေရတာလဲ"

"အကြောင်းရှိလို့ပေါ့ ခက်ဆစ်ရာ၊ ဖြစ်နိုင်ရင် နင့်နဲ့ငါ မောင်နှမတော်ချင်ဘူး"

အလင်းရောင်စကားကြောင့် ခက်ဆစ်ချိုရင်ထဲမှာ နွေးခနဲဖြစ်သွားသည်။ ပြီးမှ သူမက ခပ်ယဲ့ယဲ့လေးပြုံးကာ . . .

"ငါကတော့ နင်နဲ့မောင်နှမတော်ချင်လာတယ် . . ဟ"

"ဟာ . . နင်ကလည်း အရေးထဲမှာ . . ."

စိတ်ညစ်သွားသော အလင်းရောင်ကိုကြည့်၍ ခက်ဆစ်ချိုလည်း တခစ်ခစ်နှင့် ရယ်တော့၏။ နောက် . . သူမက အရယ်တစ်ဝက်ဖြင့် ပြောလေသည်။

"ဟုတ်တယ် . . ငါလည်း နင်ပြောသလို ခုမှ အရေး၊ အရာမတွေ့ ပေါ်နေတာဟ . . သိလား"

"အမ် . . ဘာဖြစ်လို့လဲ"

ဘာမှမပြောခင်မှာ ခက်ဆစ်ချိုမျက်နှာလေး တည်သွား၏။ ခဏကြာမှ သူမက . . .

"အိမ်မှာ မေမေလေ၊ သူ့သူငယ်ချင်းသားအမိကို ထမင်းဖိတ်ကျွေးဟာ သုံးခါတောင်ရှိပြီ၊ သဘောကတော့ဟယ် . . အဲဒီတစ်ယောက်ကို ငါနဲ့ရည်ရွယ်တယ်ပေါ့၊ အဲဒါ ငါလည်း စိတ်ညစ်နေတာ၊ ခုချိန်ငါ့မှာ အကိုတစ်ယောက်လောက်ရှိရင် တိုင်ပင်အားကိုးလို့ရတာပေါ့ မဟုတ်ဘူးလား"

ပြဿနာက တစ်ပူပေါ်တစ်ပူဆင့်လာလေပြီ။ ခက်ဆစ်ချိုက ပြောရင်း ပေါက်စီတစ်လုံး ထပ်စားလိုက်သေးသည်။ စိတ်ညစ်နေသည်ဆိုသော ခက်ဆစ်ချိုကိုကြည့်ပြီး သူရယ်ချင်လာမိ၏။ သူမစိတ်ညစ်တာလည်း ပေါက်စီနှစ်လုံးတောင်ကုန်သည်။ အလင်းရောင်က မေး၏။

"အဲဒီလူက ဘာလုပ်လဲ"



"ဘာလဲ . . အလုပ်လား၊ သဘော်သားလေ"

"ဩော် . . ဟုတ်လား၊ ငါသာ နင့်အကိုဆိုရင်တော့ သူနဲ့မယူဖို့တားရမှာပဲ"

"ဘာဖြစ်လို့ . . ."

"သူတို့က ရေထဲမှာ တစ်ချိန်လုံးနေတာလေ၊ ခုမှ ကမ်းကုန်လို့ နင့်ဆီရောက်လာတာကြီးကို နင်ကယူစရာလား"

အစောကြီးထဲက မယူချင်သော ခက်ဆစ်ချိုလည်း သူ့စကားကို သဘောကျသွား၏။

"အေး . . ငါမယူဘူးဟာ၊ မေမေ့ကိုလည်း အဲဒီလိုပဲ ပြန်ပြောရမယ်၊ ခစ် ခစ် . . ခစ် . . ."

ထိုအခိုက်အတန့်လေးမှာတော့ နှစ်ယောက်သား ပေါ့ပါးသွားကြပြန်၏။ ခက်ဆစ်ချိုလည်း အလင်းရောင်ကို မဆိုးဖူးဆိုပြီး အမှတ်တွေ ပေးနေမိသည်။ အလင်းရောင်ကတော့ သူမကို ဟိုမောင်နှမကိစ္စသာ မရှိပါက ရည်းစားစကားပြောပြီးလောက်ပြီဟု စိတ်ထဲမှတွေးနေ၏။ စကားပြောကောင်းနေဆဲမှာ ခလုတ်တို့အတွဲ ရောက်ချလာသည်။ ခလုတ်က စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်းမှ . . .

"မင်းတို့နှစ်ယောက် ဘာတွေဆွေးနွေးနေကြတာလဲဟ၊ ငါတို့ကိုလည်း ပြောပြစမ်းပါဦး"

"ဒီလိုပါပဲ၊ သားရေးသမီးရေးပေါ့ကွာ"

အလင်းရောင်စကားကြောင့် ခက်ဆစ်ချိုက မျက်စောင်းလှမ်းထိုးလိုက်သည်။

"အလင်းရောင်နော်၊ ပေါက်ကရတွေ လျှောက်မပြောနဲ့"

"ဟုတ်တယ်လေ၊ နင့်အိမ်က နင့်ကိုယောက်ျားပေး

အကြောင်းပဲ ပြောနေတာလေ၊ မဟုတ်ဘူးလား"

"နင်နော် . . ပြောလိုက်ရင် ဆင်ခြေဆင်လ

www.burmeseclassic.com



ပွန်း . . ."

သူတို့နှစ်ယောက်ကိုကြည့်ပြီး ခလုတ်နှင့်သီတာတို့အတွဲလည်း ပြုံးစစဲ ဖြစ်ကုန်ကြသည်။ ခလုတ်က အေးအေးဆေးဆေးမနေဘဲ အနာ ဟောင်းကို လာဆွပေးနေပြန်သည်။

"ဒါနဲ့ . . မင်းတို့ ဟိုမောင်နှမကိစ္စက ရှင်းလင်းသွားပြီလား"

"အေးကွာ . . ငါ့အဖေဆီ ဖုန်းထပ်ဆက်တော့လည်း မရေ မရာနဲ့"

"ဘယ်လိုမရေမရာတာလဲ"

"ဒီလိုကွ၊ ဖေဖေ့ကို ငါသုံးခါလောက်ထပ်မေးတော့ ဖေဖေက ဒေါသထွက်ပြီး၊ မင်းမှာသာ ညီမရှိရင် မင်းအမေလည်း မသေဘူးတဲ့၊ အဲဒီလိုပြောတယ် . . သိလား"

ထိုစကားကြောင့် သီတာက တွေးဆွေးဆဆနှင့် ဝင်ပြော သည်။

"အင်း . . သူပြောသလိုဆို ညီမရှိရင် အမေလည်း ရှိသေးတဲ့ သဘောပေါ့"

အဲဒီမှာ ခက်ဆစ်ချိုက . . .

"ညီမမရှိလို့ အမေမရှိတာလည်း ဖြစ်နိုင်တာပဲ"

ထိုသို့ဖြင့် သူတို့အားလုံး တိုင်ပတ်နေကြလေသည်။ ဘယ်က ဘယ်လိုစပြီး ပြန်စုံစမ်းရမှန်းတောင် မသိတော့ . . ။ တော်တော်ကြာမှ ခလုတ်သည် မဟာသုခမိန်ကြီးတစ်ယောက်လို စဉ်းစဉ်းစားစားလုပ် နေရာက ရုတ်တရက် အကြံရသွားပြီး . . .

"ဟ . . ဒီလိုလုပ်ကြည့်ပါလား၊ ငါတို့အားလုံး ခက်ဆစ်တို့ အိမ်ကို တစ်ရက်လိုက်လည်ရအောင်၊ ခက်ဆစ်အမေက အလင်းရောင် ကိုတွေ့ရင် ဘယ်လိုနေမလဲ၊ အလင်းရောင်ကလည်း အန်တီကိုမြင်ပြီး ဘာတွေခံစားရမလဲ၊ ဟိုကွာ . . သွေးက စကားပြောတယ်ဆိုတာမျိုး





လေ မကောင်းဘူးလား"

ခလုတ်၏ အစီအစဉ်ကတော့ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို တော့ သူ့စိတ်ထဲမှ ပြောနေမိသည်။ သို့သော် အစီအစဉ်က သိပ်မဆိုးလှ ပေ။ ဒီအတိုင်းကြီး မရေမရာ ဇာတ်မျောနေရမည့်အစား ဒါက တစ်ခုခု ပြီးလာနိုင်သည် မဟုတ်ပါလား။ ခလုတ်ပြောသလို သွေးက စကား ပြောလာရင်တော့ ကောင်းသည်။ သွေးက ဘာစကားမှမပြောရင်တော့ ခက်ဆစ်ကို သူရည်းစားစကား ပြောရပေလိမ့်မည်။ အလင်းရောင်မှာ ကိုယ့်အတွေးနှင့်ကိုယ် ပြုံးမိသွား၏။ အဲဒါကို ခလုတ်က မြင်ဖြစ်အောင် မြင်သွားကာ . . .

"ဟော့ကောင် . . ပုလင်း၊ ဘာတွေပြုံးစိစိဖြစ်နေတာလဲ"

"ဟဲ . . ဟဲ . . ."

"ဘာဟဲဟဲလဲ၊ နေစမ်းပါဦး . . မင်းနဲ့ခက်ဆစ်က မောင်နှမ မဟုတ်ဘူးဆိုရင်ရော မင်းဘာဆက်လုပ်မလဲ"

"ဟဲ . . ဟဲ . . ဟဲ . . ဟဲ . . ."

"ဘာဟဲဟဲလဲ . . အလင်းရောင်နော်၊ ငါ ရေနွေးနဲ့ ကောက် ပက်လိုက်မယ်"

ခက်ဆစ်ချိုမှာ ရှက်ကိုးရှက်ကန်းနှင့် ထအော်တော့၏။ အလင်းရောင်မျက်နှာက မချိုမချဉ်မို့ သူမလည်း ဒီလောက်တော့ အတွေး ပေါက်ပါသည်။ ဒါတောင် အလင်းရောင်က ရယ်ကျဲကျဲနှင့် ပြောသွား သေးသည်။

"ဩော် . . မဟုတ်ဘူးဆိုရင်လည်း မဟုတ်ဘူးပဲပေါ့၊ နော် . . ခက်ဆစ်"

ခက်ဆစ်ချိုက မျက်စောင်းကို သူ့ဆီ အားမနာတမ်းထိုးပစ် လိုက်၏။ ထိုအခြေအနေမျိုးမှာ သီတာက မနေနိုင်၊ မထိုင်နိုင်ဝင်ပြီး ရယ်ရှည်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . ဟုတ်နေရင်ရော . . . "

ရုတ်တရက် အလင်းရောင် မျက်နှာတည်သွားပါသည်။ သူ့အကြည့်တို့က ချက်ချင်းပဲ ဆွေးဆွေးရီရီဖြစ်ကာ တစ်ခုခုကို ဆုံးရှုံးလိုက်ရသည့် မျက်နှာမျိုး . . ။ နှုတ်ခမ်းတွေမှာ တဆတ်ဆတ်နှင့် လှုပ်ရှားလာသည်။ အားလုံးကို အလင်းရောင် ဘာပြောမလဲဆိုတာ သိချင်လာကြ၏။ ခက်ဆစ်ချိုမျက်ဝန်းတွေကလည်း အလင်းရောင်ထံ အငေးသားကြည့်နေ၏။ ထို့နောက်တွင်တော့ အလင်းရောင်သည် ဆို့နင့်အက်ကွဲသော အသံဖြင့် တစ်လုံးချင်းပြောချလိုက်တော့သည်။

"ညီမလေးဆိုရင်တော့ကွာ၊ ငါ . . ငါ . . ဟာ ငါ့ညီမလေးဆိုပြီး ဖက်နမ်းလိုက်မှာပေါ့၊ ဟီး ဟီး . . . "

"ခွေးကောင် . . အကောင်းမှတ်လို့၊ နစ်နာနေဦးမယ်"

"ဟုတ်ပ့ါ . . အလင်းရောင် . . လူလည်ကြီး"

သူ့ကို သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက်နှင့် ဝိုင်းပြီးမေတ္တာပို့ကြကုန်သည်။ ခက်ဆစ်ချိုသည် စကားတွေမပြောတော့ဘဲ လွယ်အိတ်နှင့်ကောက်ရိုက်၍ အလုပ်ဖြင့် သက်သေပြလိုက်၏။ ထို့နောက်တွင် ရှက်စိတ်တွေနှင့် သူမမျက်နှာတစ်ခုလုံးလည်း နီထွေးနေရှာတော့သည်။ အလင်းရောင်က ရှက်နေသည့် သူမကိုကြည့်ပြီး သဘောတွေကျနေ၏။

အကယ်၍ ဖြစ်နိုင်လျှင် သူက သူမနှင့်အတူ ဖြတ်သန်းခဲ့သော အခုလို ပျော်စရာအချိန်လေးတွေကို အမှတ်တရအဖြစ် ထာဝရ သိမ်းဆည်းထားလိုက်ချင်ပါသည်။

* * * *



# (၁၁)

တစ်ရက်ကျောင်းဆင်းတော့ သူငယ်ချင်းတွေ လူစုံတက်စုံပင် ခက်ဆစ်ချိုတို့အိမ်ကို လိုက်လာခဲ့ကြသည်။ သူတို့အားလုံး ရင်ထဲမှာလည်း ဘာတွေများ ထူးခြားမလဲဆိုပြီး ရင်ခုန်သံကိုယ်စီနှင့်။ အလင်းရောင်မှာ ယောက်ျားကြီးတန်မယ့် ခြေတွေ၊ လက်တွေ အေးချင်နေသေးသည်။ခက်ဆစ်ချိုဆိုလျှင် ဆိုဖွယ်ရာမရှိတော့။

ခက်ဆစ်ချိုတို့အိမ်မှာ ဆိတ်ငြိမ်ရပ်ကွက်လေးတစ်ခုမှ ချစ်စရာ တစ်ထပ်တိုက်ပုလေးတစ်လုံးသာ ဖြစ်လေသည်။ ခြံဝန်းခပ်ကျယ်ကျယ်ရှိ၍ အိမ်ရှေ့တွင် ဆလွန်းကားဖြူလေးတစ်စီးကို ရပ်ထား၏။ သူမတို့အမေစီးသော ကားပဲဖြစ်ရမည်။ ကျောင်းကို ခက်ဆစ်ချိုကားနှင့်လာတာတော့ တစ်ခါမှ မမြင်ဖူးပါ။ မည်သို့ပင်ဖြစ်စေ သူမသည် အတော်ပြည့်စုံချမ်းသာသည်ဟု ဆိုနိုင်သည်။

ခက်ဆစ်ချိုက သူတို့ကို ဧည့်ခန်းထဲတွင် နေရာချပေး၍ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ဝင်သွား၏။ ခဏကြာတော့ အဝတ်အစားလဲပြီး အအေးခွက်ေ
များကို ဗန်းပေါ်တင်ကာ ပြန်ထွက်လာသည်။

"ဟဲ့ . . အအေးသောက်ကြဦး၊ ခဏနေရင် ငါ့မေမေလာလိ
မယ်"

အိမ်နေရင်း အဝတ်အစားနှင့်ပင် ခက်ဆစ်ချိုက ကပိုက
လေး လှနေပြန်သည်။ အလင်းရောင်စိတ်ထဲ၌ "ငါနဲ့သူနဲ့ မောင်နှမတွေ
မဟုတ်ပါစေနဲ့" ဟုသာ ဆုတောင်းနေမိသည်။ အိမ်ထဲမှ သူမအမေ
ထွက်လာသောအခါမှ ခက်ဆစ်ချိုက . . .

"နင်တို့တွေအားလုံး မှတ်ထားကြနော်၊ ဒါ . . ငါ့အမေ
ဒေါ်ချိုချိုလွင် တဲ့၊ မချောဘူးလား"

"ဟဲ့ . . သမီး၊ အဲဒါသာကြည့်တော့ သားတို့၊ သမီးတို့ရေ
မင်းတို့သူငယ်ချင်းက အန်တီကိုပဲ စ,စရာဖြစ်နေတာ"

အဖွားကြီးက ရှက်ပြီး အရယ်တဝက်နှင့်ပြောတာကို အပ်ချည်
က ထုံးစံအတိုင်းဝင်ပါလေ၏။

"ဟာ . . အန်တီကလည်း ခက်ဆစ်ပြောတာ အမှန်ပဲလေ
အန်တီက သူ့ထက်တောင် ချောသေးတယ်"

ထိုအခါ ဒေါ်ချိုချိုလွင်လည်း သဘောခွေ့ကာ တဟင်းဟင်း
ဖြစ်သွားတော့သည်။ မဟုတ်ပါဘူးကွယ်ဟု လုံးဝပြန်မပြောချေ
ခက်ဆစ်ချိုက အပ်ချည်ကို မျက်စောင်းထိုးပြီး သူမအမေဘက် ပြန်
လှည့်သွား၏။ နောက် . . ခက်ဆစ်ချိုက သူငယ်ချင်းတွေနှင့် မိတ်ဆက်
ပေးသည်။

"မေမေ . . သူက သီတာတဲ့၊ သမီးရဲ့ အချစ်ဆုံးသူငယ်ချင်းပဲ
ဟိုဘက်က ခလုတ်နဲ့အပ်ချည် . . အဲ မှားလို့၊ အောင်မျိုးနဲ့ ဇင်ထွန်းတဲ့
ဟိုဘက်အစွန်ကတော့ အလင်းရောင် . . ."

တစ်ယောက်ချင်းကိုကြည့်ရင်း အဖွားကြီးမျက်ဝန်းတွေတ





အလင်းရောင်ဆီရောက်လာ၏။ အလင်းရောင်ကိုမြင်တော့ အံ့ဩဟန်
နှင့် စူးစူးစိုက်စိုက်ကြည့်သည်။ အလင်းရောင်လည်း တည့်တည့်ပင်
ပြန်ကြည့်လိုက်ပါသည်။ ရင်ထဲမှာတော့ ဘယ်လိုမှမနေသေး။ သွေးက
တော့မပြောသေးပေမယ့် အဖွားကြီးကတော့ စကားစလာ၏။

"သမီး . . တစ်ခါပြောတာ တကယ်ပေါ့၊ အံ့ဩစရာကောင်း
လိုက်တာ၊ ဒါနဲ့ သားနာမည်က ဘယ်လို . . ."

မိတ်ဆက်ပေးပြီးသားကို နာမည်ထပ်မေးနေသောကြောင့်
အလင်းရောင်က . . .

"အလင်းရောင်ပါ အန်တီ"

"အလင်းရောင် . . အလင်းရောင်"

အဖွားကြီးက သူ့နာမည်ကို ရေရွတ်ရင်း ခုံမှာဝင်ထိုင်လိုက်
သည်။ သူမမှာ အနည်းငယ် စိတ်ရှုပ်ထွေးသွားသော ပုံစံနှင့် . . .

"အင်း . . ဟော်တော်ထူးဆန်းတဲ့ တိုက်ဆိုင်မှုပဲ၊ အန်တီ
သည်း တခြားလူလာပြောရင် ဒီအဖြစ်ကို လုံးဝလက်မခံမိမှာ သေချာ
တယ်"

အဖွားကြီးပြောပုံကတော့ အငြင်းစကား ဖြစ်နေသည်။
အလင်းရောင်လည်း ဘာမှမပြောဘဲ ငြိမ်နေမိ၏။ အဖွားကြီးကပဲ . .

"သားမိဘနာမည်တွေက . . ."

အလင်းရောင် ဆတ်ခနဲ ဖြစ်သွားသည်။ သူ့ကို စုံစမ်းနေပြီ
မို့ အလင်းရောင်က အမြန်ပြန်ဖြေလိုက်ပါသည်။

"ဦးလင်းနောင်နဲ့ ဒေါ်ယမင်းဦးပါ အန်တီ"

အဖွားကြီးမျက်နှာ ကွက်ခနဲပျက်သွားသည်ဟု သူထင်မိသည်။
သို့သော် ချက်ချင်းပင် အဖွားကြီးက တဟင်းဟင်းလုပ်ကာ . . .

"အင်းပေါ့လေ၊ ဘယ်လောက်တူတူ မိဘတွေကတော့ ဘယ်တူ
မှာလဲ၊ သမီးလေးရဲ့ အဖေနာမည်က ဦးသူရလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒါ လုံးဝမဟုတ်ဖူးဆိုသည့်သဘော ဖြစ်သည်။ ခက်ဆစ်ချိုကို လှမ်းကြည့်တော့ သူမလည်း စဉ်းစားနေပုံရသည်။ ငြိမ်သက်နေသော သူတို့အားလုံးကို အဖွားကြီးက တစ်ချက်ဝေ့ကြည့်ရင်း . . .

"ကဲ . . သားတို့၊ သမီးတို့ စကားပြောကြဦးနော်၊ မဟုတ်ဘူး ဆိုတာကို သိပြီပဲ၊ စိတ်ရှုပ်မနေကြနဲ့တော့၊ အေးအေးဆေးဆေးမှ ပြန်ကြပေါ့"

အဖွားကြီးက ပါးနပ်စွာပြော၍ ထိုင်နေရာမှ ထရပ်၏။ ထို အခိုက် ခလုတ်က စကားတစ်ခွန်း ဖြတ်ခနဲ ဝင်မေးလိုက်သည်။

"ဟုတ်ကဲ့ အန်တီ၊ ဒါနဲ့ ခက်ဆစ်ကို ဘယ်မှာမွေးတာလဲဟင်"

"ပြည်မှာ . . အဲ ပြည်မှာဆိုပေမယ့် အန်တီတို့ဇာတိတော့ မဟုတ်ပါဘူး၊ အလုပ်ကိစ္စသွားရင်းနဲ့ သမီးကို မွေးခဲ့တာပါ"

ဒေါ်ချိုချိုလွင်၏ ထွက်ခွာသွားသော ခြေသံများနှင့်အတူ တိတ်ဆိတ်ခြင်းတွေက တိုးလို့ဝင်ရောက်လာသည်။ သူတို့အားလုံး ကိုယ်စီသက်ပြင်းချသံတွေကို ကြားနေရ၏။ အလင်းရောင်နှင့် ခက်ဆစ်ချို တို့သည်လည်း တစ်ယောက်ကိုတစ်ယောက် ဗလာမဟုတ်သော မျက်ဝန်း များဖြင့် ကြည့်နေမိကြသည်။ နောက် . . အကြည့်တွေ ဘာသာပြန် ကြပြန်၏။ လုံးဝလက်မခံနိုင်သည့် အခြေအနေတစ်ခုကို ရောက်တော့ မည်လား။ တွေးရင်းနှင့် သူ့ရင်ထဲမှာ နာကျင်လာ၏။ ဒီအတိုင်းဆို ဖြစ်ဖို့ရာခိုင်နှုန်းများပေမယ့် အလင်းရောင်က စိတ်မလျှော့ချင်သေး။ ပြည်မှာ မွေးတာချင်းတူရုံနဲ့ မောင်နှမဖြစ်ရတော့မှာလား။ သူက ခက်ဆစ်ချိုကို ချစ်နေမိပြီ။ မောင်နှမတွေဆိုရင် ဒီလိုစိတ်မျိုးထားလို့ ရမည် မဟုတ်ချေ။ ဘာပဲဖြစ်ဖြစ် ကံတရား၏ လှည့်ကွက်တစ်ခုကို သူက မျှော်လင့်ချင်ပါသေးသည်။

သူ့အတွက် အိမ်ပြန်ချိန်တွေက ညှိုးငယ်ရီမှောင်လှပါသည်။ ဖျော့သန်းသွားသော ငှက်တစ်အုပ်မှတပါး ကောင်းကင်သည် အထီးကျန် ဆန်လွန်းနေ၏။ အဝေးဆီမှ အစိမ်းရောင်တေးတစ်ပုဒ်ကို မပီမသ ကြားနေရလေသည်။

* * * *







www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"အလင်းရောင် . . နင်ဘာဖြစ်လို့ ငါ့ကိုဒီလောက်တောင် ကြည့်နေရတာလဲ"

ရောက်လာကတည်းက စကားတစ်လုံးမှ မပြောသေးဘဲ ရှေ့မှာထိုင်၍ ရွှန်းရွှန်းစားစားနီးပါးကြည့်နေသည့် အလင်းရောင်ကို ခက်ဆစ်ချိုက မေးလိုက်ခြင်းဖြစ်သည်။ အလင်းရောင်က စိတ်ထဲမှ 'ချစ်လို့' ဟုပြောလိုက်သော်လည်း ပါးစပ်ကတော့ နှုတ်ဆိတ်နေ၏။ တော်တော်ကြာမှ သူက . . .

"ဒီလိုဟာ . . နင်နဲ့ငါ မောင်နှမသာဆိုရင် သွေးက စကား ပြောလာမလားလို့ စဉ်းစားနေတာပါ"

ထိုအခါ သူမက ရယ်ကျဲကျဲလုပ်၍ သူ့ကိုပြန်မေးသည်။

"အခု . . ပြောလား"

"မပြောသေးဘူးဟ"





"ဘယ်ပြောမလဲ၊ ဟုတ်မှမဟုတ်တာ"

ခက်ဆစ်ချိုက ပြောရင်းမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် . . .

"ဟဲ့ . . အလင်းရောင်၊ နင်တို့ပြည်မှာ ဘာတွေရှိလဲ"

ဗုဒ္ဓေါ . . ။ ရုတ်တရက်မို့ အလင်းရောင်လည်း ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွား၏။ သို့သော် သိက္ခာတော့ အကျမခံနိုင်ပေ။

"ပြည်မှာလား . . တန်ခိုးကြီးရွှေဆံတော်ဘုရားရှိတယ် . . ဗိုလ်ချုပ်ကြေးရုပ်ရှိတယ်၊ ပြီးတော့ . . ."

"ဒီလောက်ဆို မောင်လေးရပြီ၊ ဒါနဲ့ ပြည်က ဘာတွေထွက်လဲ"

ခက်ဆစ်ချိုက ပြောင်စပ်စပ်လေး မေးလာသောကြောင့် အလင်းရောင်က . . .

"လူတွေပေါ့"

"အာ . . နင်ကလည်း . . အကောင်းမေးတာကို"

"ငါလည်း အကောင်းဖြေတာပဲ၊ လူထက်တန်ဖိုးရှိတာ ဘာရှိဦးမှာလဲ၊ ငါပြောပြမယ်၊ ပြည်ကထွက်တာ အဆိုတော်ကြီးပြည်လှဖေ၊ စာရေးဆရာဇဝန၊ ကဗျာဆရာမောင်ချောနွယ်၊ ပြီးတော့ ပန်းချီဆရာ အဆိုတော်ခင်ဝမ်း . . နောက် . . ."

"တော်ပါတော့ . . တော်ပါတော့ . . ကျွန်မသိပါပြီ"

"နေစမ်းပါဦး၊ နင်က ပြည်ကအကြောင်းတွေ ဘာဖြစ်လို့ သိချင်နေတာလဲ"

"ငါ့ကိုလည်း ပြည်မှာမွေးခဲ့တာလေ၊ ငါလည်း မွေးရပ်ဇာတိမှာ ဘာတွေရှိလည်းဆိုတာကို သိချင်တာပေါ့"

ခက်ဆစ်ချို၏ ခံစားချက်ကို အလင်းရောင် နားလည်ပါသည်။ ဒါပေမယ့် သူလည်း ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိချေ။ သူက စဉ်းစဉ်းစားစားပုံစံလေးနှင့် . . .

www.burmeseclassic.com



"နေအး . . ခက်ဆစ်ရာ၊ ငါတို့ကိစ္စက ခုထိတော့ ဘာမှမသေချာသေးဘူးဟ၊ ဒါပေမယ့် ငါသေချာအောင် စုံစမ်းချင်သေးတယ်"

"ဟုတ်ပါတယ်လေ၊ ငါ့ကို ပြည်မှာမွေးခဲ့တာတစ်ခုထဲနဲ့တော့ မောင်နှမတွေလို့ တပ်အပ်ပြောလို့ မရသေးပါဘူး"

သူတို့နှစ်ဦးစလုံး၏စိတ်တွေက မဖြစ်နိုင်သည့်ဘက်မှ အတင်းကုတ်ခြစ်ရုပ်တည်နေချင်ကြလေသည်။ ငြိမ်သက်သွားသော အခြေအနေကို ခက်ဆစ်ချိုကပဲ ပြန်စကားစလိုက်ပါ၏။

"ကဲ . . အလင်းရောင်၊ စာမေးပွဲက နီးလာပြီဟ၊ ငါတို့ ဒီအကြောင်းတွေကို ခဏမေ့ထားရင်ကောင်းမယ်"

အလင်းရောင် မငြင်းမိပေ။ ခေါင်းကို အသာအယာလေး ညိတ်ပြလိုက်မိသည်။ ပြီးမှ . . .

"စာမေးပွဲပြီးမှ သေချာအောင် ထပ်စုံစမ်းကြတာပေါ့၊ ဒီပြဿနာမှာ သေချာတိကျတဲ့ အဖြေတော့ရှိမှာပဲ"

ခက်ဆစ်ချိုက သက်ပြင်းမောကြီးကိုချရင်း . . .

"အဲဒီအဖြေကို ငါသိတောင် မသိချင်တော့ပါဘူးဟာ၊ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အမှန်ကိုလက်ခံရတော့မှာပဲလေ၊ နင်လည်း စာတွေကျက်ဦးနော်၊ လျှောက်လေမနေနဲ့ဦး . . သိလား"

သူမ၏ စေတနာစကားက သူ့ရင်ကို နွေးထွေးသွားစေသည်။ သို့သော် ခုချိန်ထိ ခက်ဆစ်ချို၏ မျက်ဝန်းတွေက ဖြူစင်နေဆဲသာ ဖြစ်ပါသည်။ သူက . . .

"အေးပါဟာ၊ ဒီကြားထဲမှာ ငါတို့ ပျော်ပျော်ရွှင်ရွှင်ပဲ နေကြတာပေါ့၊ အဲဒီအကြောင်းတွေကို မပြောကြေးကွာ၊ ဘယ်လိုလဲ"

"အေး . . ကောင်းတယ်၊ တကယ်လို့ နင်နဲ့ငါက မောင်နှမဆိုရင် . . ."

"မောင်နှမဆိုရင် . . ဟုတ်လား"





ခက်ဆစ်ချိုပြုံးရင်း လက်ကလေးကို ဆန့်ထုတ်လိုက်၏။ အလင်းရောင်လည်း အရိုးသားဆုံး ပြန်ပြုံးပြ၍ သူမ၏လက်သန်းကို သူ့လက်သန်းလေးနှင့် လှမ်းချိတ်လိုက်ပါသည်။ လက်သန်းလေးနှစ်ခုက ချိတ်ဆက်ပူးကပ်လို့သွား၏။

နောက်တော့ သူတို့နှစ်ဦးသား အနှောင်အဖွဲ့ကင်းလွတ်စွာ ရယ်မောလိုက်မိကြသည်။ မိုးသားထက်မှာကြည့်တော့ ငှက်ကလေးနှစ်ကောင်က သူတို့အသိုက်အမြုံရှိရာသို့ အိပ်တန်းပြန်နေလေပြီ။

ခက်ဆစ်ရယ် . . အခု နင်နဲ့ငါက ပြန်စရာအသိုက်အမြုံ တစ်ခုကို ရှာဖွေနေကြတာများလား။

* * * *

စာမေးပွဲအဖြေလွှာအားအပ်ပြီး အခန်းအပြင်သို့ ထွက်ထွက်ချင်းပင် သူ စံပယ်ကို တွေ့လိုက်ရသည်။ သူမဘေးမှာလည်း (လူကြီးလူကောင်းမဖြစ်တဖြစ်) လူတစ်ယောက်ပါရှိနေ၏။ သူမနှင့် စေ့စပ်ထားသော လူပဲဖြစ်ရမည်။ သူ့ကို စံပယ်က လှမ်းနှုတ်ဆက်သည်။

"ဟဲ့ . . အလင်းရောင် . . ဖြေနိုင်လား"

"ဟဲ ဟဲ . . ဖြေတော့ဖြေနိုင်ပါတယ်၊ ဒါပေမယ့် ရွေးပြီးဖြေနိုင်းတဲ့အပုဒ်တွေကိုတော့ ငါမဖြေခဲ့ဘူး"

သူ့စကားကြောင့် စံပယ်က မျက်မှောင်ကြုတ်၍ . . .

"ဟယ် . . နင့်ဟာကလည်း ငါးပုဒ်တောင် ပေးထားတယ်လေ၊ နင်ကြိုက်တဲ့သုံးပုဒ် ဖြေရင်ရပြီပဲဟာကို . . ."

"အေး . . ငါလည်း ဖတ်ကြည့်တာပဲ၊ ကြိုက်ရာသုံးပုဒ်ရွေးပါတဲ့၊ ငါလည်း တစ်ပုဒ်မှမကြိုက်လို့ မဖြေခဲ့တာ"

"တစ်ပုဒ်မှ မကြိုက်ဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . မကြိုက်ဘူး၊ ငါမှမရတာ"

"ခွေးကောင် . . ကိုယ့်ဟာကိုယ် မရတာများ ကြီးကြီးကျယ်ကျယ် မဖြေခဲ့ဖူးလေး၊ ဘာလေးနဲ့ . . ဟွန်း . . ."

အလင်းရောင်က တစ်ခါတစ်ခါ ဒီလိုပဲ လျှာရှည်တတ်သည်။ ထို့နောက် သူက စံပယ်ဘေးမှ ပုဂ္ဂိုလ်ကြီးကိုကြည့်ကာ . . .

"စံပယ် . . နင်ကလည်း မေ့တတ်လိုက်တာ၊ ဒီအကိုကြီးနဲ့ ငါ့ကို မိတ်ဆက်ပေးရဦးမယ်လေဟာ၊ သူများကို ခေါ်တုန်းက ခေါ်လာပြီး . . ."

ပုဂ္ဂိုလ်ကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ စံပယ်က သူ့ပြောတော့မှ သံယောင်လိုက်ကာ . . .

"ဩော် . . အေး . . ဟုတ်သားပဲ၊ ငါမေ့နေလိုက်တာ"

"အေး . . . နင်မေ့နေလို့ ငါသတိပေးလိုက်တာလေ၊ ဟိုတစ်ခါလည်း အဲဒီလိုပဲ"

စံပယ်မျက်စောင်းလေးက သူ့ဆီ လှစ်ခနဲ ရောက်လာ၏။ ရည့်သည်ပါလာသဖြင့် သူမက ချက်ချင်းပြန်၍စိတ်လျှော့လိုက်ပြီး . . .

"ဒါက ဦးထက်ခေါင်ကျော်စွာတဲ့၊ ဖေဖေနဲ့ အလုပ်အတူတူ လုပ်နေတာလေ"

အတော့်ကို ရှည်လျားထွေပြားသော နာမည်ဖြစ်သည်။ သရဲဝတ္ထုတွေရေးသော စာရေးဆရာနာမည်မျိုး။ ထိပ်ကလည်း ပြောင်နေတာမို့ ဦးထိပ်ပြောင်ကျော်စွာဆိုလျှင် ပို၍ဟာမိုနီဖြစ်လိမ့်မည်။ အလင်းရောင်က လက်ကမ်းပေးလိုက်ရင်း . . .

"ဟုတ်ကဲ့ . . ကျွန်တော်က အလင်းရောင်ပါ၊ ခုမှတွေ့ရတာ သိပ်တော့ဝမ်းမသာဘူးဗျာ"

"အမ် . . ."

သူ့အပြောကြောင့် ပုဂ္ဂိုလ်ကြီးမှာ ကြောင်စီစီထပ်မံဖြစ်သွား





ပြန်၏။ အလင်းရောင်က သူ့စကားသူ အမြန်ပြန်ရှင်းပေးပါသည်။

"ဩော် . . အရင်ထဲကသိရရင် ဒီထက်ပိုဝမ်းသာမိမှာပဲလို့ ပြောချင်တာပါ"

စံပယ်က သူ့ကို မကြည်ကြည့်ကြည့်နေ၏။ ပုဂ္ဂိုလ်ကြီးကလည်း စံပယ်ရှေ့မှာမို့ သဘောထားကြီးသလိုပြုံးရင်း ပြန်ပြောလိုက်သည်။

"ညီလေးက တော်တော်ပျော်တတ်ပုံရတယ်၊ ဟင်း . . ဟင်း"

"အကိုကြီးလည်း တော်တော်အပျော်ခံနိုင်ပုံရပါတယ်၊ ဟဲ . . ဟဲ . . ."

"ဟာကွာ . . ညီလေးကလည်း . . ."

"ဟာဗျာ . . အကိုကြီးကလည်း" ဟုတော့ အလင်းရောင် ထပ်မပြောလိုက်ရပေ။ စံပယ်က သူမပုဂ္ဂိုလ်ကို ကြာလျှင် စိတ်နောက်သွားမှာ စိုးလို့လားတော့မသိ။ မြန်မြန်ပြန်ခေါ်သွားလေသည်။ ထိုသို့မဟုတ်ပါက ဦးထက်ခေါင်ကျော်စွာဘဝက အလင်းရောင်၏ ပါးစပ်ဖျားတွင် ရင်လေးစရာကောင်းလှသည်။ စံပယ်တို့ထွက်သွားတော့ သူလည်း Chemistry ဘက်ကို ထွက်လာခဲ့၏။

ခက်ဆစ်ချိန်းထားသော ကန်တင်းကို သူရောက်လာ၏။ သူမက မျက်နှာစူပုတ်ပုတ်နှင့် တစ်ယောက်ထဲထိုင်နေသည်။ အလင်းရောင်က ကော်ဖီတစ်ခွက်လှမ်းအော်မှာရင်း ဝင်ထိုင်လိုက်၏။

"မျက်နှာက စူပုတ်နေတာပဲ၊ ခက်ဆစ် . . နင်မဖြေနိုင်ဘူးမဟုတ်လား၊ ကောင်းတယ် . . ငါလည်း မဖြေနိုင်ဘူး"

"အောင်မာ . . ဘာလို့မဖြေနိုင်ရမှာလဲ၊ ငါ့ဟာငါ အိမ်ပြန်ရမှာတွေးပြီး စိတ်ညစ်နေတာ၊ ဟိုတစ်ယောက်က အိမ်ကိုနေ့တိုင်းလာနေလို့၊ ငါလည်း ဘာလုပ်ရမှန်းကို မသိဘူး"

စိတ်ရှုပ်နေသော ခက်ဆစ်ချိုတို အလင်းရောင် ငေးနေသွား



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ခက်ဆစ်ချိုက ထိုသဘော်သားကို လုံးဝစိတ်မဝင်စားဘူးဆို၍ သူမှာ နည်းနည်းစိတ်အေးရ၏။ အလင်းရောင်သည် ခက်ဆစ်ချိုကို စေ့စေ့ကြည့်နေရာမှ ပြောချလိုက်ပါသည်။

"အေးလေ . . နင်က လှတာကိုး"

ရုတ်တရက်မို့ သူမရှက်သွားသော်လည်း ခပ်တည်တည်နှင့် ဟန်လုပ်နေမိ၏။ ခက်ဆစ်ချိုက . . .

"အဲဒါက အရေးမကြီးဘူး၊ မနက်ကလည်း မေမေက အဲဒီလူသဘော်ပြန်မတက်ခင် ငါနဲ့စေ့စပ်ပေးတော့မလိုလိုမျိုး ရိပ်ဖမ်းသံဖမ်း ပြောနေသေးတယ်၊ ငါတော့ စိတ်ညစ်တာပဲသိတယ်"

ဒီအတိုင်းဆိုပါက ပြဿနာမှာ "ပေါ့သေးသေး" မဟုတ် . . သိပ်မကြာခင် "လေးကြီးကြီး" ဖြစ်လာတော့မည့် သဘောတွေရှိနေ၏။

အလင်းရောင်လည်း အနည်းငယ် စိုးရိမ်သွားပြီး ခက်ဆစ်ကို အကြံပေးလိုက်မိသည်။

"လောလောဆယ်တော့ အချိန်ဆွဲထားဦးပေါ့ဟာ၊ ကျောင်းတက်နေရင်းနဲ့ မစေ့စပ်ထားချင်ဘူး ဘာညာ . . ဆိုပြီးပေါ့"

"သြော် . . ဒါဖြင့် ကျောင်းပြီးရင်တော့ ငါက သူ့ကိုယူရမယ်ပေါ့"

ဘောက်ဆတ်ဆတ်နှင့် ပြောလာသည့် ခက်ဆစ်ကိုကြည့်ကာ အလင်းရောင်လည်း စချင်သွား၏။

"အင်း . . နင့်ပုံကြည့်ရတာတော့ ကျောင်းမပြီးခင် လင်ရမယ့်ပုံပဲ"

"အလင်းရောင် . . ခွေးကောင် . . အစုတ်ပလုပ် . . ."

"ဟား . . ဟား . . ဟား"

ချက်ချင်းဆိုသလို ရယ်သံနှင့်ဆဲဆိုသံများက ရောထွေးလို့သွား၏။ ထိုအချိန်တွင် ဘယ်ချောင်မှထလာမှန်းမသိသော ခလုတ်တို့အတွဲ





က ရောက်လာပြန်သည်။ အပ်ချည်ကတော့ မြန်မာစာဘာက်ကို လစ်ပြီထင်၏။ ခလုတ်က ရောက်ရောက်ချင်း သူ့ကိုမေးလိုက်၏။

"ဟေ့ကောင် . . ပုလင်း၊ မင်း ကျောင်းပိတ်ရင် ပြည်ကိုပြန်မှာလား"

"အေး . . မင်းရော"

ခလုတ်က သီတာကို အဓိပ္ပါယ်ပါပါကြည့်ရင်း . . .

"ဟဲ ဟဲ ဟဲ . . ငါတော့ ဒီနှစ်မပြန်တော့ပါဘူးကွာ၊ သီတာ့ကို စိတ်မချဘူးကွ"

ခလုတ် နည်းနည်းတော့ပိုပြီ။ ရန်ကုန်သည် တောကြီးမျက်မည်းလည်း မဟုတ်။ သူ့ရည်းစားကို ပြန်ပေးဆွဲမည့် လူဆိုးတွေလည်း မရှိပါ။ ဒါကို သူက ရခိုင်ပြန်ပြီး အုန်းသီးမကြိတ်ဘဲ ဒီမှာ သီတာကိုကျိတ် အဲ . . သီတာနှင့်တွဲ၍ ကျိန်ပုန်းခုတ်ချင်နေလို့ပဲ ဖြစ်ရမည်။ ခလုတ်မှာ အရှုးအမဲသားစားမိသလိုဖြစ်နေပြီ မဟုတ်ပါလား။

သူလှမ်းကြည့်လိုက်တော့ သူမက မှိုင်မှိုင်တွေတွေလေး ဖြစ်နေရှာသည်။ အလင်းရောင်လည်း သူမကို သနားသွားပြီး၊ လေးလေးနက်နက် ပြောလိုက်မိသည်။

"ခက်ဆစ် . . ငါပြည်ရောက်ရင် ဟိုကိစ္စကို ဖေဖေ့ဆီက တိတိကျကျသိရအောင်စုံစမ်းမယ် သိလား၊ ငါသိတာနဲ့ နင့်ဆီဖုန်းဆက်လိုက်မယ်"

ခက်ဆစ်က ခေါင်းကိုခါယမ်းပြီး . . .

"ဟင့်အင်း . . နင်မဆက်နဲ့၊ ငါပဲဆက်မယ်၊ နင်စိတ်မကောင်းမဖြစ်နဲ့နော်၊ မေမေက နင်နဲ့ငါ သူငယ်ချင်းဖြစ်နေတာတောင် မကြိုက်ချင်ဘူးဟ၊ အဲဒါ နင်သိထားအောင်ပြောတာနော်၊ ဟိုလူကြီးကြောင့်လည်း ပါမှာပေါ့၊ ဒါပေမယ့် ဘယ်သူတွေဘယ်လိုတားတား ငါ့စိတ်ကို ငါပဲပိုင်ပါတယ်ဟ . . နင်သဘောပေါက်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် အခုလိုကြားရတာကိုတော့ အလင်းရောင် ဝမ်းသာရပါသည်။

"... နင် ... အဲဒီလိုပြောတာ . . ငါ တကယ်ဝမ်းသာတယ်၊ ခက်ဆစ် . . ."

ခလုတ်နှင့် သီတာတို့အတွဲက သူတို့နှစ်ယောက်ကို အဓိပ္ပါယ် ပါပါကြည့်ကာ သက်ပြင်းကိုယ်စီချလိုက်ကြသည်။ နှစ်ဦးစလုံး၏ ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတစ်ချို့ စွန်းပေနေလေပြီ။

"အလင်းရောင် . . နင် ပြည်ကိုပြန်တဲ့နေ့ ငါကားဂိတ်ကို လိုက်ပို့ပေးမယ် သိလား"

သူမစကားကို အလင်းရောင်က ခေါင်းညိတ်ပြလိုက်မိသည်။ ဒီလိုနှင့်ပင် သူတို့နှစ်ယောက်ကြားမှာ ချည်နှောင်မှုတွေက သံမဏိ ပင့်ကူမျှင်များကဲ့သို့ အခိုင်အမာ ရှုပ်ထွေးစပြုလာခဲ့ပါသည်။

* * * *



# (၁၃)

နှစ်ဝက်စာမေးပွဲက ပြီးသွားလေပြီ။ ပုံမှန်အတိုင်းဆိုရင် အလင်းရောင် ရန်ကုန်မှာ နေဖြစ်ဦးမည်။ ခုတော့ မသေချာသေးသည့် ပြဿနာတစ်ခုအတွက် ပြည်သို့ ပြန်ချင်နေမိ၏။ ခက်ဆစ်အပေါ် တိမ်းညွတ်နေသော စိတ်ကိုလည်း သူမထိန်းချုပ်ချင်တော့ပါ။ ဒါကြောင့် တစ်ခုခုကို ကွဲကွဲပြားပြားသိရရန် ပြည်ကိုပြန်၍ စုံစမ်းရဦးမည်မဟုတ်လား။

အလင်းရောင် ပြည်ကိုပြန်မည့်နေ့တွင် ကားဂိတ်သို့ ခက်ဆစ်ချိတင်မကဘဲ သီတာ၊ ခလုတ်နှင့် အပ်ချည်တို့ပါ လူစုံတက်စုံ လိုက်ပို့ကြပါသည်။ သူတို့တွေ ဟေးလားဝါးလားပြောရင်းမှ ခဏနေတော့ ခက်ဆစ်ကိုထားပြီး သုံးယောက်သား ဟိုလိုလို၊ ဒီလိုလိုနှင့် ရှောင်ထွက်သွားကြ၏။ ဒါကို နှစ်ယောက်စလုံးရိပ်မိကြသော်လည်း မသိသလိုနှင့် မထားဘဲ ကိုယ်စီအတွေးများနှင့် ငြိမ်သက်နေမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်ချိုသည် သူမလက်ထဲမှ အထုပ်ကိုလှမ်းပေးရင်း ခပ်တိုးတိုးလေးပြော၏။

"အလင်း . . ရော့ . . ဒါလမ်းမှာစားဖို့ အထဲမှာ ကားမူး သက်သာတဲ့ ဆေးလည်းပါတယ်"

ခက်ဆစ်၏ ပြောင်းသွားသော အခေါ်အဝေါ်နှင့် စေတနာ စကားတို့က အလင်းရောင်၏ရင်ကို လှိုက်မောသွားစေသည်။

အလင်းရောင်က ဘာမျှမပြောဘဲ အထုပ်ကို ဖြည်ကြည့်လိုက် လေသည်။ နောက် . . အံ့ဩသွားဟန်ဖြင့် သူက . . .

"ဟင် . . နေကြာစေ့တွေ အများကြီးပါလား"

"အေး . . တစ်ထုပ်ထဲဆို ခဏလေးနဲ့ ကုန်သွားမှာပေါ့၊ နင် ပြည်ရောက်တဲ့အထိ စားလို့ရအောင်လေ"

လမ်းတလျှောက်လုံး သူမပေးသည့် နေကြာစေ့ကိုစားရင်း သတိရနေစေချင်တာလား ဟုတွေးမိကာ အလင်းရောင်က အဓိပ္ပာယ် ပါပါပြောလိုက်သည်။

"နေကြာစေ့မစားရလည်း နင့်ကိုငါ သတိရနေမှာပါ ခက်ဆစ် ရယ်"

ခက်ဆစ်ချိုမှာ ခေါင်းလေးအသာငုံ့သွား၏။ ပွင့်လင်းလို့မရ သေးသော သံယောဇဉ်များအတွက် နှစ်ယောက်စလုံးမှာ မွန်းကျပ် ဝမ်းနည်းလာကြတော့သည်။ ခက်ဆစ်သည် ခေါင်းကိုအသာမော့၍ အဝေးကို ငေးနေလိုက်မိသည်။ ပြီးမှ အလင်းရောင်ကိုကြည့်ကာ . . .

"အလင်း . . နင့်ကျန်းမာရေးကို ဂရုစိုက်ဦးနော်၊ ဟိုမှာ လျှောက်ကဲမနေနဲ့ဦး"

"အေးပါဟာ၊ နင်လည်း ကိုယ့်ကိုယ်ကို ဂရုစိုက်နေ၊ ငါပြန်လာ ရင် တစ်ခုခုတော့ သိရမှာပါဟာ"

အနက်ရှိုင်းဆုံး အဓိပ္ပာယ်များဖြင့် အကြည့်တွေ ဝတ်မှုန်ကူး





ရင်း သူတို့နှစ်ဦး သက်ပြင်းကိုယ်စီချကြသည်။ သူတို့တွေ အလွန်သိချင် နေသော ကိစ္စသည် လှပသည့် အနာဂတ်တစ်ခုဖြစ်နိုင်သလို တားဆီး ခံရမည့် အဖြူရောင်စည်းကမ်းမျိုးလည်း ဖြစ်နေနိုင်သည်ပဲ။ မျှော်လင့် ခြင်းနှင့် ဆုံးရှုံးခြင်းတဝက်စီ အချိုးကျနေသော ကံတရားကို သူတို့ ဆိုနိုင်ထိ လက်ခံထားရဆဲပင်။ ပြောချင်နေသည့် စကားတွေသည် ချောင်း ထဲမှာ အငွေ့ပျံလွင့်ပြယ်သွားကြသည်။ နှစ်ယောက်သား ဘာစကား တိုမှ ဆက်မဆိုမိကြဘဲ ငြိမ်သက်နေမိ၏။

ထိုအခိုက် တိမ်းရောင်ထွက်သွားသော သူငယ်ချင်းတွေ အုပ်စု လိုက်ပြန်ရောက်လာပါသည်။ ရောက်ရောက်ချင်းပင် ခလုတ်က . . .

"ကဲ . . အလင်းရောင်၊ ဟိုမှာ ကားထွက်တော့မယ်"

ဟုပြောရင်းနှင့် ခက်ဆစ်ချိုကို အားနာသလိုကြည့်သည်။ အပ်ချည်ကလည်း . . .

"ရော့ကွာ . . ရေသန့်ဗူးနဲ့ စားစရာတွေ၊ ငါလည်း မနက်ဖြန် အညာပြန်ရမှာ၊ မင်းလို လိုက်ပို့မယ့်သူတော့ မရှိပါဘူးကွာ"

အပ်ချည်၏စကားကို ဘယ်သူမှ မရယ်မောမိကြ။ ခက်ဆစ် က အလင်းရောင်ကို တစ်ချက်ကြည့်ပြီး နှုတ်ဆက်လိုက်ပါသည်။

"အလင်း . . ငါသွားတော့မယ်နော်၊ ကျောင်းတွေပြန်ဖွင့်မှ တွေ့ကြတာပေါ့"

"ဟင် . . နင်ကလည်း ကားထွက်မှ ပြန်တာမဟုတ်ဘူး"

သီတာအပြောကြောင့် ခက်ဆစ်က အဝေးကိုငေးကြည့်ရင်း-

"လာနှုတ်ဆက်တဲ့လူက အရင်ပြန်တာ ပိုသဘာဝကျမယ် ထင်လို့ပါ၊ ကဲ . . အလင်း ငါသွားပြီး"

ကျောခိုင်းလှည့်ထွက်သွားသော ခက်ဆစ်ချိုကို အလင်းရောင် မတားမြစ်ရက်တော့။ သူ့ရင်ထဲမှာ ဆို့တက်လာ၏၊ ခက်ဆစ်မျက်ဝန်း ထဲမှာရော မျက်ရည်စတွေ ဝေ့ဝဲနေပြီလား၊ အိမ်ပြန်ခရီးသည်ဆိုးတဝါး



www.burmeseclassic.com

www.burmeseclassic.com



နိုင်လွန်းလှလေသည်။

* * * *

အလင်းရောင်တစ်ယောက် ပြည်ကိုပြန်ရောက်နေတာပင် သုံးရက်ရှိသွားပြီ။ ဖေဖေ့ကိုတော့ ဘာမှမမေးဖြစ်သေး။ ဒီတစ်ခေါက် ကျောင်းပိတ်ရက်မှာ မှိုင်တွေနေသည့်သူ့ကို ဖေဖေသတိထားမိရဲ့လား။ အလင်းရောင်မှာ ဖေဖေ့ကို ဘယ်လိုစကားစပြီး မေးရမှန်းမသိဖြစ်နေတော့သည်။

ဒီနေ့လည်း မနက်စောစော ပြတင်းပေါက်မှ အလင်းရောင် အပြင်ကို ငေးနေမိပါသည်။ နံနက်ခင်း၏ အလင်းဖန့်ဖန့်သည် ထုထည်ကြီးမားသော မြူတံတိုင်းကိုဖြတ်ပြီး သစ်ရွက်ဖျားလေးများအပေါ် မေးတင်ရန် ကြိုးစားနေကြ၏။ တစ်ချက်တစ်ချက် ပြတင်းပေါက်တံခါးမှ ဝင်လာသော ဆွတ်စိမ့်သည့်လေစီးကလည်း လူကို စိမ့်ကာနဲ ဖြစ်သွားစေသည်။ ဆောင်းသည် ပြည့်စုံစွာ အသက်ဝင်လေပြီ။ အိမ်အပြင်ရှိ အအေးဓါတ်က အလင်းရောင်ရင်ထဲအထိ မအေးမြနိုင်သေး။ ရီဝေစွာ ငေးရင်း သူက သက်ပြင်းဖွဖွချမိပြန်သည်။

"သား . . အလင်းရောင်"

ဖေဖေ့ခေါ်သံကြောင့် အကြည့်ကို ပြတင်းပေါက်မှခွာ၍ ပြန်လှည့်ကြည့်ဖြစ်သည်။ ဖေဖေက နူးနူးညံ့ညံ့လေးပြုံးကာ . . .

"ငါ့သားကိုကြည့်ရတာ ဒီတစ်ခေါက် ငြိမ်လှချည်လားကွ၊ ဘာလဲ ရန်ကုန်မှာကျန်ခဲ့တဲ့ ရည်းစားကို လွမ်းနေတာလား"

နောက်သလိုပြောလာသော ဖေဖေ့ကို အလင်းရောင်မှာ မချိပြုံးသာ ပြုံးပြနိုင်၏။ ချက်ချင်းဆိုသလို ခက်ဆစ်ကိုလည်း သတိရသွား၏၊ ဖေဖေပြောသလိုဆိုရင်တော့ အကောင်းဆုံးပေါ့ ဖေဖေရာ . .





ဆုံစိတ်ထဲကနေ ပြောမိသည်။ ဒါပေမယ့် အပြင်မှာတော့ သူက . . .

"မဟုတ်ပါဘူး ဖေဖေရာ၊ ဘာမှလုပ်စရာမရှိတော့ သားပျင်းနေလို့ပါ"

"မသိပါဘူးကွာ၊ သားက အဖေ့ဆီ နှစ်လလောက်ပြန်လာတာကို မပျော်နိုင်ဘူး ဖြစ်နေလို့လားလို့ပါ ဟင်းဟင်း"

ဖေဖေက အရယ်တဝက်နှင့်စ၏။ အလင်းရောင်မှာ ဖေဖေ့ကို အားနာသွားပြီး . . .

"ဟာ . . ဖေဖေကလည်း သားက ဖေဖေ့ဆီပြန်လာချင်လို့ကို တမင်ရောက်အောင်ပြန်လာတာပါ"

မှသားတစ်ဝက် အမှန်တစ်ဝက် စကားကို ဆိုမိသည်။ ဖေဖေက ပြုံးစစနှင့် သူ့ပုခုံးကိုပုတ်၍ . . .

"ကဲ . . သား၊ ဖေဖေ ပွဲရုံသွားဦးမယ်၊ အပြင်လျှောက်သွားချင်ရင် ဆိုင်ကယ်ယူသွားပေါ့၊ ဟုတ်ပြီလား"

ခေါင်းကို အသာညိတ်ပြဖြစ်သည်။ လောလောဆယ် ဘယ်သွားရမှန်းလဲ မသိသေး။ ငယ်သူငယ်ချင်း ကျော်မိုးဆီသွားရင် ကောင်းမလားဟု စဉ်းစားမိသေးသည်။ ဒီကောင်ကလည်း မိန်းမကြောက်ရပြီး အလုပ်တွေ ကုန်းရုန်းလုပ်နေသည့်ကောင်မို့ သိပ်အားမည်မဟုတ်။ တခြားသိပ်မခင်သော သူငယ်ချင်းတွေဆီကိုကျတော့ မသွားချင်ပါ။ ညနေမှ ကျော်မိုးဆီ သွားတော့မည်ဟု သူက ဆုံးဖြတ်လိုက်သည်။ ခုလောလောဆယ်တော့ ကော်ဖီသောက်ရင်း စာဖတ်နေတာပဲ ကောင်းလိမ့်မည်။ ကော်ဖီဖျော်၊ ပေါင်မုန့်နှစ်ချပ်ကိုမီးကင်၍ စာအုပ်ယူရန် ဖေဖေ့အခန်းထဲသို့ ဝင်သွားလိုက်ပါသည်။ ဖေဖေက စာဖတ်ဝါသနာပါသဖြင့် စာအုပ်ကောင်းကောင်းတွေစုကာ သူ့အခန်းထဲမှာ စာအုပ်စင်ကလေး လုပ်ထား၏။

ကောင်းနိုးရာရာ စာအုပ်တစ်အုပ်ကိုဆွဲထုတ်ပြီး သူက ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ ဝေ့ဝဲကြည့်မိသည်။ အရင်က သူဒါမျိုးသိပ်မထူးစမ်းမိခဲ့ဖူးပေ။ ခဲလေး တစ်ခုခုယူဖို့ဒိုင်းလျှင် (သို့) သူအလိုရှိတာယူပြီး ပြန်ထွက်ခဲ့သည် ချည်း။ အခန်းထဲမှာ ပစ္စည်းတွေက စနစ်တကျရှိနေပြီး ကုတင်ပေါ်မှ အွမ့ရာသည်လည်း သပ်ရပ်ပြန့်ပြူးနေ၏။ ဘာများထူးခြားမလဲဆိုပြီး ဖေဖေ့စာကြည့်စားပွဲအံဆွဲကို ဖွင့်ကြည့်လိုက်မိသေးသည်။ ဘာမှမထူး ခြား။ ပွဲရုံက စာရင်းတွေကို အထပ်လိုက်ကြီးတွေ့ရသည်။ ပြီးမှ သူ တစ်ခါမှမကြည့်စဖူး ဖေဖေ့ကုတင်အောက်သို့ ငုံ့ကြည့်မိ၏။ ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားသည်။ ကုတင်၏ဟိုဘက်ထောင့်စွန်း မှောင်ရိပ်အောက် တွင် ကြိုးနှင့်စည်းထားသော စာအုပ်ထုပ်တစ်ထုပ်ကို တွေ့လိုက်ရ၏။ ထိုစာအုပ်ထုပ်ကို ဆွဲအယူတွင် သူ့နှလုံးသွေးများ တဒိတ်ဒိတ်တိုးနေ သလို ခံစားလိုက်ရသည်။ စာအုပ်ထုပ်က ဒိုင်ယာရီစာအုပ်သုံးအုပ်ကို ကြိုးဖြင့်စည်းထားခြင်းဖြစ်၏။ အလင်းရောင်က တုန်ယင်စွာ ကြိုးကို ဖြည်လိုက်၏။ ဒီစာအုပ်တွေက သူ့ကို တစ်ခုခု ထူးခြားနိုင်မည်လား။ မသိသေးပါ။ ဖေဖေဒိုင်ယာရီ ရေးကျင့်ရှိတာကို ငယ်ငယ်ကတော့ သူ သတိထားမိသည်။ ကြိုးဖြည်ရင်း သူ့ရင်တွေခုန်နေ၏။ အခု သူဖြည်နေ သောကြိုးသည် အတိတ်ကို ချည်နှောင်ထားသော ကြိုးတစ်ချောင်းလည်း ဖြစ်နိုင်ပါသည်။

* * * *

အနည်းငယ်ယိုင်နေသော အလင်းရောင်၏ ခြေလှမ်းတွေ ကြောင့် ဖေဖေက တစ်ချက်စိုက်ကြည့်သည်။ တစ်ခါတလေ ကျော်မိုး တို့လို သူငယ်ချင်းတွေနှင့်ပြန်ဆုံ၍ နည်းနည်းပါးပါး သောက်တာကို တော့ ဖေဖေက အပြစ်ပြောလေ့မရှိပေ။ ခုလည်း ဖေဖေက သက်ပြင်း ချတာ အလင်းရောင်ကိုကြည့်ပြီး လေသံအေးအေးနှင့်ပင် . . .





"ကဲ . . သား၊ မအိပ်ခင် ထမင်းစားဦးနော်"

ထိုစကားသံကြောင့် ဖေဖေ့ကို သူလှမ်းကြည့်ဖြစ်သည်။ ဖေဖေ က မှုပျက်နေသော သူ့ပုံစံကို သတိမထားမိတာလား၊ တကယ်ပဲ ခံစား ချက်မရှိတော့တာလား။ ဘာဖြစ်လို့ ဖုံးကွယ်ထားချင်ရတာလဲဆိုသော မေးခွန်းက အရက်ရှိန်နှင့် သူ့ရင်ထဲမှ ကန်ထွက်လာ၏။ ဖေဖေမတရား ဘူးဟုတွေးကာ သူ့စိတ်ထဲမှာ ပေါက်ကွဲနေမိသည်။ ဖေဖေက သူ့ကို ဘယ်လိုထင်သွားသည်မသိ။ ခပ်တွေတွေကြည့်ပြီး . . .

"သား . . မင်း ဖေဖေ့ကို ဘာပြောချင်နေတာလဲ"

ချက်ချင်းပဲ အလင်းရောင်ရင်ထဲမှာ တင်းကျပ်သွားလေသည်။ ဖေဖေ့မေးခွန်းက သူ့အသိစိတ်ကို ရိုက်ချိုးလိုက်သလိုမျိုး။ အလင်းရောင် ဘယ်လိုမှချုပ်ထိန်းမရတော့။ ဖေဖေ့ကို အရူးတစ်ယောက်လို ဟစ်အော် ပြောချလိုက်လေသည်။

"ဖေဖေ မတရားဘူး . . လုံးဝမတရားဘူး၊ သားကို ညာတယ် . . ဟာဗျာ"

သူ့အမူအရာနှင့် လေသံကြောင့် ဖေဖေက မျက်ခုံးနှစ်ဖက် ထင့်၍ အံ့ဩဟန်ပြသည်။ တကယ်ပဲ နားမလည်တာလားဆိုတာကိုတော့ ဖေဖေသာ အသိဆုံးဖြစ်လိမ့်မည်။ ဖေဖေက သူ့ကို တည်ငြိမ်စွာနှင့် မေးလိုက်၏။

"နေပါဦး၊ သားကို ဖေဖေက ဘာတွေညာပြီး ဘာတွေမတရား လုပ်နေလို့လဲကွ"

ထိန်းချုပ်ထားရတာ ပင်ပန်းလွန်းလှပါသည်။ စိတ်ကို လွှတ် ပေးလိုက်တာ အကောင်းဆုံးပဲ ဖြစ်မည်ထင်မိသည်။ အသက်ကိုပြင်း ပြင်းရှူသွင်းပြီး သူ ဖေဖေ့ကို တည့်တည့်ကြည့်လိုက်၏။

"သားမှာ အမွှာညီမလေးတစ်ယောက် ရှိနေခဲ့တာ ဘာဖြစ်လို့ ဖေဖေ မပြောပြခဲ့တာလဲ၊ အခု သားအတုန်သိပြီးသွားပြီ၊ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



သားကို ညာတယ်၊ ဘာဖြစ်လို့ ညာတာလည်း ဖေဖေရာ၊ သားမှာ . . သားမှာတော့ . . ."

ပြောရင်းနှင့် အလင်းရောင်အသံတွေ ဆို့နစ်တိမ်ဝင်လို့သွားသည်။ ဒီအဖြစ်အပျက်တွေကို အစထဲကသိခဲ့လျှင် ဒီလောက်သူခံစားရမှာမဟုတ်တာ သေချာလွန်းလှ၏။

သူ့စကားဆုံးတော့ ဖေဖေမျက်နှာက ရုတ်ချည်းပျက်ယွင်းအိုမင်းသွားတာ အလင်းရောင်တွေ့လိုက်ရသည်။ ခဏကြာမှ ဖေဖေက လေးကန်သော သက်ပြင်းရှည်ကြီးကိုချရင်း အဝေးကိုကြည့်နေပြန်သည်။ ထို့နောက် တိုးညှင်းသော လေသံဖြင့် ဖေဖေက . . .

"သား . . ဖေဖေ့ဒိုင်ယာရီကို ဖတ်ခဲ့မိလို့ထင်တယ်၊ ဟုတ်တယ် အမှန်ပဲသား၊ သားမှာ အမွှာညီမလေးတစ်ယောက် ရှိခဲ့ဖူးတယ်"

ဖေဖေ့စကားသံတို့က သူ့ရင်ခွင်ကို ဓါးနှင့်မွှန်းချလိုက်သလိုမျိုး ခံစားလိုက်ရပြီး နှလုံးသားတစ်ခုလုံး စပ်ဖျဉ်းနာကျင်လို့သွားပါ၏။ အမြင်အာရုံတွေ မှုန်ဝါးပြာဝေနေသည့်ကြားမှ အလင်းရောင်က ပြန်ပြောမိသည်။

"ရှိခဲ့တာမဟုတ်ဖူး ဖေဖေ၊ ခုလည်း ရှိနေသေးတယ်၊ သားရဲ့ ညီမလေး . . ."

"မဖြစ်နိုင်ဘူး"

ရုတ်တရက် အော်ပြောလိုက်သောအသံကြောင့် အလင်းရောင်လည်း ဖေဖေ့ကို အလန့်တကြား လှမ်းကြည့်လိုက်မိလေသည်။ ထိုအခါ ဖေဖေက မျက်နှာထားကြီးတင်းကာ သူ့ကို ဆက်ပြောပြနေပြန်၏။

"မင်းကွာ . . ရုပ်ရှင်ထဲကလို မင်းနဲ့ရုပ်ချင်းတူတာတွေ့တိုင်း မင်းညီမ ဖြစ်ရောလား၊ ရှုးရှူးနှမ်းနှမ်းတွေ မတွေးစမ်းပါနဲ့ကွာ၊ မဖြစ်နိုင်ဘူးကွ"

အခုထိ ဖေဖေ ဘာကြောင့် ငြင်းနေရသလဲ ဆိုတာကို





အလင်းရောင် မတွေးတတ်တော့ချေ။ သူ့ဘက်ကလည်း သေချာနေသည်မို့ . . .

"ဒါဆို အဲဒီကောင်မလေးက ဘာဖြစ်လို့ သားနဲ့တစ်ရက်ထဲ တစ်ချိန်ထဲ ပြည်မှာတစ်မြို့ထဲ မွေးခဲ့တာလဲ၊ သားနဲ့ရုပ်တူနေတာက ရော တိုက်ဆိုင်တာပဲလား၊ ဖေဖေ ပြောလေ"

ဖေဖေက ပိုပြီးစိတ်ရှုပ်ထွေးလာဟန်ဖြင့် ခေါင်းကိုခါပစ်လိုက်ပါသည်။

"အိုကွာ . . အဲဒီနေ့မှာမွေးတာ မင်းတစ်ယောက်ထဲမှ မဟုတ်တာ၊ ရုပ်ဆင်တာကတော့ တိုက်ဆိုင်တာဖြစ်မှာပါ၊ မင်းကလည်း ငါ့ဒိုင်ယာရီကို ဖတ်မိသွားတာကိုး"

"ဒါဆိုလည်း ဟုတ်ပါပြီ ဖေဖေရာ၊ ဟောဒီ ဓါတ်ပုံကိုရော ဖေဖေ ဘယ်လိုငြင်းဦးမလဲ . . ပြော"

အလင်းရောင်က သူ့လက်ထဲမှ ဓါတ်ပုံကိုလှမ်းပေးရင်း ခနဲ့သလို ပြောချလိုက်လေသည်။ ဖေဖေက ဓါတ်ပုံကိုမယူဘဲ တစ်ချက်ကြည့်၍ ခုံပေါ်သို့ မောပန်းစွာ ထိုင်ချလိုက်ပါတော့၏။

"ကဲ . . သားလည်း ခဏထိုင်ဦး၊ ဖေဖေပြောပြပါ့မယ်၊ ဖေဖေ သားကို ညာခဲ့တာ မဟုတ်ပါဘူးကွာ၊ ဖေဖေရော သားပါ မခံစားရအောင်လို့ပါ"

ဖေဖေ ဘာကိုဆိုလိုချင်သနည်း။ အလင်းရောင်သည် ဆူပွက်နေသော စိတ်ကိုလျှော့ချရင်း အားအင်ချိနဲ့စွာပဲ ခုံပေါ်ကို ပြန်ထိုင်ချလိုက်မိသည်။ ဖေဖေ့ထံမှ စကားသံတို့ ဆက်လက်ထွက်ပေါ်လာ၏။

"ဟုတ်တယ်သား၊ သားအမေ ကိုယ်ဝန်ဆောင်တုန်းက အမွှာပဲ၊ သားနဲ့သားညီမလေးပေါ့ကွာ၊ ဒါပေမယ့် ကံဆိုးစွာပဲ သားကိုမွေးပြီးတော့ သမီးလေးမျက်နှာမြင်ခါနီးမှာ သားအမေရဲ့ နှလုံးအားနည်းမှုကြောင့် လူကြီးရောခလေးပါ ဆုံးရှုံးလိုက်ရတယ်၊ ဖေဖေ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရမလဲ သားတွေးကြည့်ပေါ့"

"ဒီအကြောင်းတွေကို ဖေဖေ ပြန်လည်းမတွေးချင်ဘူး၊ သားကိုလည်း မပြောပြချင်ဘူး၊ သားဘဝမှာ အထိးကျန်ပြီး ခံစားနေရမှာ စိုးလို့ပါ၊ သူများတွေမှာက မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ဆိုတော့ သား အဲဒါကိုတွေးမိရင် အားငယ်မှာစိုးတယ်၊ ဒါကြောင့် သားမေမေက ငယ်ငယ်လေးကပဲ ဆုံးသွားပြီလို့ ဖေဖေခပ်ပေါ့ပေါ့ပဲ ပြောခဲ့တာပေါ့၊ သား မျက်နှာငယ်မှာစိုးလို့ ဖေဖေ နောက်အိမ်ထောင်မပြုခဲ့တာ သားအသိပဲ၊ သားတစ်ခါဖုန်းဆက်မေးတော့ ဖေဖေ့စိတ်ထဲ တစ်မျိုးဖြစ်သွားသေးတယ်၊ ဒါပေမယ့် ဖြစ်မှုမဖြစ်နိုင်တာ၊ သားမေမေက ဖေဖေ့လက်ပေါ်မှာ ဆုံးသွားတာလေ၊ သားကို ဖေဖေပြောဖူးပါတယ်၊ သားညီမလေး ရှိရင် သားအမေလည်း မသေဘူးလို့၊ အဲဒါကို သားက တလွဲတွေးမိသွားတာထင်တယ်၊ ခု ဖေဖေပြောပြတာ အကုန်လုံးအမှန်တွေချည်းပဲသား . . ."

လှိုက်မောတုန်ရီနေသော အသံနှင့်အတူ ဖေဖေမျက်ဝန်းများက အတိတ်ဆီ နာကျင်ဆွေးမြေ့စွာ ပျံသန်းနေကြသည်။ ဒါ . . ဒါ တကယ်ကို အမှန်တရားလား၊ အလင်းရောင်မှာ ဗလုံးဗထွေးပဲ မေးလိုက်မိပြန်သည်။

"ဒါ . . ဒါဆို ဒီဓါတ်ပုံက . . ."

"အင်း . . ဒီဓါတ်ပုံက ဖေဖေ့အဖြစ်ကိုသိတဲ့ မြို့မဓါတ်ပုံဆိုင်က ဖေဖေ့သူငယ်ချင်း ဦးဝင်းအောင်လေ၊ ဖေဖေ အဲဒီတုန်းက တော်တော်ခံစားနေရမှန်းသိတာနဲ့ အလွမ်းပြေဆိုပြီး သားနှစ်နှစ်သားတုန်းက ဓါတ်ပုံလေးကို ဓါတ်ပုံပညာနဲ့ မိန်းကလေးပုံလေးထပ်ပြီး လုပ်ပေးထားတာပါ၊ ဖေဖေလည်း နောက်တော့ အမှတ်တမဲ့ပဲ စာအုပ်ကြားထဲညှပ်ထားလိုက်မိတယ်၊ အဲဒါကို အခုမှ သားကတွေ့ပြီး သားဟိုမှာကြုံခဲ့တဲ့ကောင်မလေးနဲ့ ရောထွေးသွားတာပါ"





ဒါတွေဟာ တကယ်ပဲပေါ့။ အလင်းရောင်တစ်ယောက် လှိုက်ခနဲ ပျော်ရွှင်မှုနှင့်အတူ လူပါအမူးပြေချင်သွား၏။ ဖေဖေ့ကို အားကိုးတကြီးနှင့်ကြည့်ကာ . . .

"ဖေဖေ . . ဒါတွေဟာ တကယ်ပါနော်၊ အဲဒီဦးဝင်းအောင်ကော အခုရှိသေးလား ဖေဖေ၊ သားဘဝအတွက် ဒီအမှန်တရားက အရေးကြီးလို့ပါ"

ဖေဖေက ထိုင်နေရာမှထကာ သူ့ခေါင်းကိုပွတ်ပြီး အနွေးထွေးဆုံးပြုံးလိုက်ရင်း . . .

"ရှိပါတယ် သားရာ၊ သားက မယုံသေးဘဲကိုး၊ အဲ . . . ဟိုကလေးမလေးနဲ့သားမှာ မတိုက်ဆိုင်တာ တစ်ခုရှိသေးတယ်ကွ၊ သားကို မွေးတုန်းက ပြည်မှာမဟုတ်ဘူး၊ ရန်ကုန်မှာလေ၊ ဖေဖေလည်း အမွှာဆိုတော့ ရန်ကုန်မှာ သွားမွေးတာ၊ ဒါပေမယ့် မအောင်မြင်လိုက်ပါဘူး သားရယ်"

ဖေဖေ့စကားဆုံးသည်နှင့် အလင်းရောင် အိမ်ပေါ်မှ ဝုန်းခနဲ ပြေးဆင်းပြီး ဆိုင်ကယ်ကို စက်နှိုးလိုက်ပါသည်။ အရာရာကို လိပ်ပြာသန့်သန့်ယုံကြည်ရန် သူရင့်ကျက်စွာ တည်ဆောက်ရပါဦးမည်။ ဦးဝင်းအောင်၏ မြို့မဓါတ်ပုံတိုက်ဆီသို့ သူမောင်းထွက်လာခဲ့သည်။

အလင်းရောင်ကို အဖြစ်မှန်အတိုင်း ဦးဝင်းအောင်က သေသေချာချာ ရှင်းပြရှာသည်။ အားလုံး ဖေဖေပြောပြခဲ့သည့်အတိုင်းပင်။ အလင်းရောင်ခန္ဓာကိုယ်ထဲမှာ အပျော်တွေက လျှင်မြန်စွာ စီးဆင်းလျက်ရှိကြသည်။ ကံတရားသည် ဒီတစ်ခါလည်း သူ့အား မျက်နှာသာပြန်ပေးခဲ့ပြန်လေပြီ။ အပြန်လမ်းတွင် သူက ဆိုင်ကယ်ခဏရပ်၍ ရွှေဆံတော်ဘုရားကို လှမ်းပြီးဦးချမိသည်။

အခုတော့ လွဲချော်ဝေးကွာခဲ့သမျှ အရာအားလုံး ပြီးခဲ့ပြီဖြစ်သည်။ နွမ်းနယ်နေသောရင်ကို စိတ်ချလက်ချ သတိရခွင့်က ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းလာစေသည်။ ခက်ဆစ်ရေ . . လို့ ရင်ထဲမှာ အော်ခေါ်နေမိတော ဘယ်နှစ်ကြိမ်ရှိသွားပြီ မသိတော့။ ခက်ဆစ်ကို သူ ရဲရဲရင့်ရင့် ခုစ်လို့ရပြီမို့ သူ့ရင်ထဲမှာ မျှော်လင့်ချက်တို့က ဆူပွက်ဝေလျှံလာပြန်သည်။ ဒါတွေကို ခက်ဆစ်သိလျှင် ဘယ်လောက်များ ပျော်ရွှင်ဝမ်းသာလိုက်မည်နည်း။

ငါ . . နောက်နေ့ ရန်ကုန်ပြန်မယ်။ ငါပြန်မှဖြစ်မယ်။ ခက်ဆစ်ကို ပြောပြရမယ်။ ငါပြန်လာမယ် ခက်ဆစ်ရေ . .။

အပျော်စိတ်ကိုထူးခတ်ပြီး ဘုရားလမ်းမှ ဗိုလ်ချုပ်လမ်းပေါ်သို့ ဆိုင်ကယ်ကို ချိုးဝင်လိုက်သည်။ ရုတ်တရက် မျက်လုံးကို လာဟပ်သော အလင်းများကြောင့် ပြာဝေသွားပြီး ရင်ထဲမှာလည်း ဟာခနဲဖြစ်သွား၏။ ရှေ့မှာ အရှိန်နှင့်မောင်းလာသည့် ကားတစ်စီး။ အချိန်မှီပါဦးမလား။ ငါမသေချင်သေးဘူး။ သေလို့မဖြစ်ဘူး။ ကားနှင့်လွတ်အောင်ဆိုပြီး လီဗာကို အသားကုန်တင်ကာ လမ်းဘေးကို ကွေ့ချလိုက်မိသည်။ သူက ဘရိတ်နင်းရန်ပါ တစ်ခါတည်း အသင့်ပြင်ထားသော်လည်း . . .

"ကျွိ . . ."

"ဒုန်း . . ."

"အား . . ."

ဘာတွေဖြစ်ကုန်ပြီလဲ . .။ ဦးခေါင်းဆီမှ နာကျင်မှုနှင့်အတူ မျက်နှာပေါ်သို့ စေးပျစ်ပူနွေးသောအရာများ စီးကျလို့လာ၏။ ဒါ . . ဒါသွေးတွေလား။ ဟင့်အင်း . .။ နာကျင်မှုတွေကြားက သူအားယူလိုက်သေးသည်။ ဟင်းလင်းပွင့်ထွက်သွားသော စိတ်နှင့်အတူ သူနောက်ဆုံးမြင်လိုက်ရသည်က အမှောင်ထုကြီးတစ်ခု ဖြစ်နေလေသည်။

* * * *



(၁၄)

အသိစိတ်ဝင်လာသည်နှင့် ခေါင်းထဲက ကိုက်ခဲလေးလံသော ဝေဒနာကို သူအရင်ဆုံး ခံစားလိုက်ရသည်။ မျက်စိကို အားယူ၍ ဖွင့်ကြည့်လိုက်တော့ ဝေဝါးနေသည့် အမြင်အာရုံတွေက မျက်နှာကျက်ဖြူဖြူတွင် ကြည်လင်ပြတ်သားသွား၏။ ဒါ ဆေးရုံပေါ်မှာပေါ့။ ဒါဆို ငါမသေသေးဘူးပေါ့။ ရုတ်တရက် ဝေဒနာတွေကြားမှ သူဖြတ်ခနဲ ဝမ်းသာသွားမိတော့၏။

လှဲနေရာမှ ကုန်းထရန်ပြင်လိုက်တော့ နာကျင်လိုက်သည့်ဖြစ်ခြင်း။ လှုပ်လို့မရအောင် တကိုယ်လုံးက အရိုးတွေ ကြေမွသွားပြီလားထင်ရသည်။ ထိုစဉ်မှာပဲ ခြေသံတဖျတ်ဖျတ်နှင့်အတူ ဆေးရုံအခန်းထဲ ဖေဖေဝင်လာပြီး သူ့ကို စိုးရိမ်စွာကြည့်သည်။ နောက် ဖေဖေက-

"သား . . သား . . သတိရပြီလား။ သားရယ် ဆိုင်ကယ်ကို မြန်မြန်မောင်းတာ မဟုတ်ဘူး၊ မသေကောင်း မပျောက်ကောင်း"

www.burmeseclassic.com



သူ့တို့ ဖေဖေက ဂရုဏာသောသောလေသံဖြင့် ပြောလေသည်။ အလင်းရောင်မှာ ဖေဖေ့ကို သိချင်တာတွေ မေးမိ၏။

"ဖေဖေ . . အခု ဆေးရုံမှာပေါ့နော်၊ ဘာတွေဖြစ်ကုန်ပြီလဲ ဖေဖေရာ၊ သားခြေထောက်တွေလည်း လှုပ်လို့မရတော့ဘူး"

"ဟုတ်တယ်သား၊ ဒဏ်ရာအရှိန်နဲ့ သားသတိမေ့နေတာ နှစ်ရက်တောင်ရှိနေပြီလေ၊ သားရဲ့ခြေထောက်တစ်ဖက်က ကျိုးပြီး ကျန်တဲ့တစ်ဖက်လည်း အရိုးအက်သွားတယ်၊ ဆိုင်ကယ်အရှိန်က အရမ်းများတာကိုး၊ တော်သေးတာပေါ့ သားရယ်၊ ဒီလောက်ပဲဖြစ်တာ"

တကယ်ပင် ဒီလောက်ပဲဖြစ်၍သာ တော်သေးသည်။ ခေါင်းမှာလည်း ပတ်တီးက အဖွေးသား။ ခြေထောက်နှစ်ချောင်းစလုံးမှာလည်း ကျောက်ပတ်တီးက အပြည့်။ လှုပ်လို့ရတာဆို၍ လက်တွေပဲ ရှိတော့သည်။ အားပါးပါး . . စိတ်ဓါတ်ကျစရာကောင်းလိုက်တာ . .။

ထိုအခိုက် ဖေဖေက သူ့နဖူးကို လက်နှင့်သပ်ရင်း ပြောလိုက်ပါ၏။

"သား . . ဟိုမှာ သားသူငယ်ချင်းတွေ ရောက်နေတယ်"

သူ့ခေါင်းက ထောင်လို့မရ၍ ရှေ့ကိုမမြင်ရချေ။ ကျော်မိုးတို့များလားဟု အလင်းရောင်တွေးနေစဉ် အရိပ်လေးတစ်ခုက သူ့မျက်စိထဲသို့ တိုးဝင်လာသည်။ ပြီးတော့ ဘယ်လိုမှမေ့မရနိုင်သော ကိုယ်သင်းနံ့တို့နှင့်အတူ အသံချိုရှရှလေးများ . .။

"အလင်း . . သက်သာရဲ့လားဟင်၊ ဘယ်လိုများဖြစ်ရတာလဲ ဟာ"

"ဟာ . . ခက်ဆစ် . . ."

သူ့အား စိုးရိမ်တကြီးမေးနေသော ခက်ဆစ်ချိုကို အလင်းရောင် အံ့သြဝမ်းသာစွာ ခေါ်လိုက်မိသည်။ သူမကြောင့် နာကျင်နေတာတွေ တစ်ဝက်လောက် သက်သာသွားသလို ခံစားလိုက်ရ၏။





ရုတ်တရက် သူက ဟိုကိစ္စကို သတိရသွားကာ ပြောပြရန် ပြင်လိုက်ပါသည်။

"ခက်ဆစ် . . ဟိုလေ . . ဟို . . ဟိုကိစ္စက . . ."

ခက်ဆစ်ချိုမှာ မပွင့်တပွင့်လေးပြုံး၍ . . .

"ငါသိပြီးပါပြီ အလင်းရယ်၊ ငါလည်း ငါ့ဘက်က စုံစမ်းပြီး သိသိချင်းပဲ နင့်ဆီကို ဖုန်းလှမ်းဆက်တာ၊ အဲဒီမှာ နင်ခုလိုဖြစ်တာတွေ ကြားလို့ ငါတို့လည်း အစီအစဉ်ဆွဲပြီး ချက်ချင်းပြည်တို လိုက်လာခဲ့ကြတာလေ"

"နင်တို့ ဟုတ်လား"

"ဪ . . မင်းက သူငယ်ချင်းတွေကိုပါ အတိုတ်မေ့သွားပြီပေါ့၊ ဟုတ်လား"

ပြောရင်းနှင့် ကုတင်နားသို့ ကပ်လာသူက ခလုတ်။ ဘေးမှာက သီတာပါ။ ခက်ဆစ်ချိုကို ခလုတ်နှင့်သီတာတို့အတွဲက အဖော်လုပ်၍ လိုက်ပါလာခဲ့ကြခြင်းဖြစ်၏။ သီတာကလည်း . . .

"အေးလေ . . ခက်ဆစ်က နင့်ကို ဝမ်းသာစရာပြောမလို့ ဖုန်းဆက်ခါမှပဲ နင်က ဒီမှာဆိုင်ကယ်အက်စီးဒင့်ဖြစ်တယ်ဆိုတော့ စိတ်ပူပြီး ငါတို့လည်း မနက်အစောကြီး ထွက်လာခဲ့ကြတာဟ၊ သိလား"

သီတာစကားဆုံးတော့ အလင်းရောင်က ခက်ဆစ်ချိုကို တစ်ချက်လှမ်းကြည့်ရင်း မေးလိုက်ပါသည်။

"ခက်ဆစ် . . ဝမ်းသာစရာဆိုတာ ဘာလဲဟင်"

အကဲပိုနေသော အလင်းရောင်ကို ခက်ဆစ်က မျက်စောင်းလေးထိုးလိုက်ကာ . . .

"မသိဘူး"

ခက်ဆစ်ချို၏ ရှက်ဝါးဝါးအသံလေးကြောင့် ဘေးနားမှာရှိနေသော ဦးလင်းနောင်ပင် ပြုံးစစဖြစ်သွား၏။ အလင်းရောင်က ထို



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးကို လက်လွှတ်မခံပဲ . . .

"ဖေဖေ . . ခက်ဆစ်ကိုတွေ့လား၊ သားနဲ့တူတယ်နော်"

"အေးကွာ၊ ဖေဖေလည်း ဟောဒီသမီးလေးကိုတွေ့တော့မှ တော်တော်အံ့ဩသွားတယ်၊ သားတို့အထင်မှားရင်လည်း မှားလောက်စရာပဲ၊ သားညီမလေးရှိခဲ့ရင်လည်း ဒီကသမီးလေးအရွယ်လောက်ရှိနေပြီပေါ့"

ဖေဖေသည် လွှမ်းလွှမ်းမောမောလေး ပြောနေ၏။ အလင်းရောင်က ဒဏ်ရာတွေကိုပင် အားမနာဘဲ ဝင်ပြောသည်။

"ဖေဖေရာ သားရှိနေမှတော့ သမီးက အစားရပါတယ်၊ မဟုတ်ဖူးလား"

"ဟာကွာ . . သားကလည်း . . . "

ဖေဖေက အားနာစွာဖြင့် ဟန့်သည်။ ခက်ဆစ်ချို၏ ရှက်သွားသော အမူအရာကိုကြည့်ပြီး ခလုတ်က . . .

"အန်ကယ် . . ဒီကောင့်ကို ခြေထောက်နဲ့ခေါင်းပဲ ပတ်တီးစီးထားရုံနဲ့ မဖြစ်သေးဘူး၊ လက်ကိုကြိုးတုပ်ပြီး ပါးစပ်ကိုပါ ပလာစတာနဲ့ပိတ်ထားရင် ကောင်းလိမ့်မယ်"

အားလုံး ပြုံးကြရပြန်သည်။ ဖေဖေက သူတို့သူငယ်ချင်းတွေကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း . . .

"ကဲ . . သားတို့၊ သမီးတို့ စကားပြောကြဦး၊ အန်ကယ် အပြင်ခဏသွားဦးမယ်"

ဖေဖေထွက်သွားတော့မှ ခလုတ်ကပါ ရုတ်တရက် သတိရသွားဟန်နှင့် . . .

"ဟာ . . ငါလည်း မေ့နေလိုက်တာ၊ မင်းအတွက် စားစရာတွေ ဝယ်လာသေးတယ်၊ လာလာ . . သီတာ ငါတို့ သွားယူမယ်"

အစားအစာတွေက လူနှစ်ယောက်ဝိုင်းသယ်ရလောက်အောင်





များလိမ့်မည်မထင်ပါ။ အလင်းရောင်ကလည်း 'အားနာစရာကွာ' ဟု ပြောပါ။ ချစ်သူငယ်ချင်းကိုသာ ကြိတ်၍ ကျေးဇူးတင်နေမိ၏။

"အေး . . သွားယူကွာ၊ ခုသွားယူ၊ သွား . . သွား . . သီတာ လိုက်သွားလိုက်"

အလင်းရောင်၏ စပ်ဖြဲဖြဲအပြောကြောင့် သီတာက မျက်စောင်းထိုး၏။ ခလုတ်ကပါ ခပ်တိုးတိုးဆဲရေးပြီး ထွက်သွားကြလေသည်။ နောက်မှ ခက်ဆစ်ချိုမှာ အရှက်မျက်နှာလေးနှင့် မပွင့်တပွင့်လေး ပြောလာသည်။

"နင်ဟာလေ၊ ဆက်ပြီး သတိမေ့နေဖို့ကောင်းတယ် သိလား၊ တကယ် မလွယ်ဘူး"

"ခက်ဆစ် . . . "

"ဘာလဲ . . . "

ခက်ဆစ်ချိုက ဘောက်ဆတ်ဆတ်လေး ပြန်ဖြေ၏။ အလင်းရောင်က ခက်ဆစ်မျက်နှာလေးကို ငေး၍ပြောလိုက်ပါ၏။

"ဩော် . . ငါလေ ဆိုင်ကယ်လည်း မှောက်သွားရော၊ ဘာဖြစ်သွားလဲ သိလား"

"သိတယ်လေ၊ ခြေထောက်တွေ ကျိုးသွားတာပေါ့"

သူမအဖြေကား အားရစရာပင်။ ဝမ်းသာနေပုံပေါက်အောင် အသံကို တမင်လုပ်ထားသေး၏။ အလင်းရောင်လည်း အူတွေ၊ အသဲတွေ ယားလာပြီး . . .

"နင်နဲ့ မောင်နှမ,မဟုတ်မှန်းသိရပြီးတော့ ဆိုင်ကယ်လည်း မှောက်သွားရော၊ ငါလည်း နင့်ကိုချစ်သွားရောဟ၊ သိလား"

"အလိုတော် . . ဘာမှလဲမဆိုင်ဘူး"

အံ့ဩဟန်လုပ်ပြီး ပြောနေပေမယ့်လည်း ခက်ဆစ်ချိုမျက်နှာလေးမှာ အရှက်ဖြင့် နီထွေးနေလေပြီ။ အလင်းရောင်က ထိုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တို လက်လွတ်မခံဘဲ အကောင်းအတိုင်း ကျန်ရှိနေသောလက်ဖြ ခက်ဆစ်ချိုလက်ဖဝါးလေးကို လှမ်းဆွဲကိုင်လိုက်ပါ၏။

"တကယ်ပြောတာပါ ခက်ဆစ်ရယ်၊ နင့်ကိုငါ အရမ်းချစ်တယ် နင်ရောငါ့ကို ဘယ်လိုသဘောထားလဲဟင်"

ခက်ဆစ်ချိုက အလင်းရောင်ကို မရဲတရဲလေးကြည့်ရင်း ...

"အလင်းရယ် .. ငါအခု ဘယ်ကိုရောက်နေလဲ"

"ပြည်မှာလေ ..."

"ငါ .. ဘာဖြစ်လို့ ဒီကိုလိုက်လာသလဲဆိုတာ နင်မသိဘူး လား"

သူမမေးခွန်းက အဖြေတစ်ခုကို သယ်ဆောင်လာသည်မှ မခြားတော့ ...။ ထခုန်မိမတတ် ဝမ်းသာမိသော်လည်း သူ့ခမျာ ဘယ်လိုမှ ခုန်လို့မရချေ။ ခြေကျိုးနေ၍ စိတ်ထဲကသာ ခုန်လိုက်ရင်း ခဏကြာတော့ အလင်းရောင်တစ်ယောက် မချင့်မရဲနှင့် ညာဏ်နီညာဏ် နက်တွေ ထွက်လာပြန်သည်။ ချက်ချင်းပင် ခေါင်းကဒဏ်ရာကို ကိုင် လိုက်ပြီး ...

"အား .. ကျွတ် .. ကျွတ် .. ဒဏ်ရာက နာလိုက်တာ ခက်ဆစ်ရယ်၊ သွေးများပြန်ထွက်လာလား မသိဘူး၊ ခဏကြည့်ပေးပါဦး"

သူမလည်း ရုတ်တရက် ဘာလုပ်ရမှန်းမသိဘဲ စိုးရိမ်တကြီး ထရပ်ကာ အလင်းရောင်နဖူးအစပ်နားရှိ ဒဏ်ရာကို ငုံ့ကြည့်လိုက် သည်။ အလင်းရောင်မှာ အကြံသမားပီပီ ခက်ဆစ်ချို၏ ပါးပြင်လေး တဒင်္ဂတံဆိပ်နှိပ်ခွင့်ရလိုက်ပါသည်။ အကျိုးက လက်ဆောင်ရုံမကတော့ ...။ ခက်ဆစ်ချိုလည်း မမျှော်လင့်ဘဲ အကြင်နာပေးခံလိုက်ရ ရှက်ရှက်နှင့် အလင်းရောင်ခေါင်းကို တွန်းပစ်လိုက်မိလေသည်။

"အား .. နာလိုက်တာ ခက်ဆစ်ရာ"

"ကောင်းတယ် .. အခုမှ တကယ်နာသွားပြီ မဟုတ်လား"





"အေး .. ကောင်းပါတယ်၊ နင်လည်း ခုမှတကယ် Kiss ခံလိုက်ရပြီ မဟုတ်လား"

"အလင်းနော်၊ ငါက အကောင်းမှတ်လို့ ကြည့်ပေးတာ"

"ခက်ဆစ်ရယ်၊ ငါကလည်း အကျိုးမို့ နင့်ကို ဒီလောက်လေး ခဲ့ လုပ်မိတာပေါ့"

"အလင်းနော်"

"ခက်ဆစ်နော်"

သူမကို အလင်းရောင်လိုက်စနေ၍ ခက်ဆစ်ချိုမှာ ရှက်ဖို့ တောင်သတိမရဘဲ ရယ်မိသွားတော့သည်။ ညာဏ်များလှသော သူမ၏ ချစ်သူကိုလည်း စိတ်မဆိုးရက်ပါ။ အချစ်ဆိုသည်မှာ တစ်ခါတရံတွင် ဟန်ဆောင်မှုများကို ဖယ်ခွာထားနိုင်မှသာလျှင် ပြည့်စုံစွာပျော်ရွှင်ရ သည် မဟုတ်ပါလား။

* * * *

တစ်နေ့တာအချိန်တွေက တရွေ့ရွေ့နှင့် ကုန်ဆုံးလို့လာသည်။ ချစ်သူတွေ ဖြစ်လာကြပြီဆိုတော့လည်း သူတို့မှာ စကားတွေက ပြော၍ ကုန်နိုင်ကြ။ သို့သော်လည်း ခက်ဆစ်ချိုမှာက ကိုယ့်အကြောင်းနှင့် ကိုယ်မို့ စကားစကိုဖြတ်ကာ မချင့်မရဲလေး ပြောလိုက်မိသည်။

"အလင်း .. ငါတို့ပြန်တော့မယ်ဟာ၊ ကျောင်းပြန်ဖွင့်မှပဲ တွေ့ကြတာပေါ့"

"ခက်ဆစ်ရယ်၊ ချက်ချင်းကြီးပဲ ပြန်တော့မလို့လား၊ ဒီအချိန် ဆို ကားမရှိလောက်တော့ဖူးထင်တယ်"

အလင်းရောင်က မပြန်စေချင်မှန်းသိပေမယ့်လည်း ကိုယ်က ပြန်၍မဖြစ်သောကြောင့် သူမလည်း သက်ပြင်းကို အသာချနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ ခက်ဆစ်က . . .

"မပြန်လို့မဖြစ်ဖူး အလင်းရဲ့၊ ငါတို့က ကားစင်းလုံးငှားလာတာ ဒီညနေ ငါ့အိမ်ကို ပြန်ရောက်မှဖြစ်မှာဟ၊ မနေ့ညကတော့ သီတာတို့အိမ်မှာ အိပ်မယ်ဆိုပြီး ပြောထွက်လာခဲ့တာလေ၊ ဒီညမှပြန်မရောက်ရင် မေမေနဲ့ ပြဿနာတက်မှာပေါ့ဟ"

သူ့အပေါ် အလေးအနက်ရှိ၍ စွန့်စားပြီးလာခဲ့သည့် ခက်ဆစ်ကို အလင်းရောင်လည်း မတားရက်တော့ပေ။ ခက်ဆစ်ချိုဆီမှ အချစ်နှင့် စေတနာတွေကို သူတွေ့မြင်ခဲ့ပြီးပြီမို့ စိတ်လျှော့ပေးလိုက်ပါသည်။ ခက်ဆစ်ချိုကို လွမ်းလွမ်းဆွေးဆွေးလေးကြည့်၍ သူက . . .

"အေးလေ . . ဒီလိုဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ့ဆီတော့ ဖုန်းဆက်ပါဦးနော်၊ ငါနင့်ကို နေ့တိုင်းသတိရနေတော့မှာပဲ ခက်ဆစ်ရာ"

"ဆက်ပါ့မယ်ဟာ၊ နင်ကလည်း ခုမှပိုကဲနေတယ်"

"ချစ်တာကိုးဟ၊ ငါ့မှာ ရင်တထိတ်ထိတ်နဲ့ ဒီအခြေအနေလေးကို မျှော်လင့်ခဲ့ရတာ"

ခက်ဆစ်ချိုမှာ ဘာမှမပြောတော့ဘဲ မပွင့်တပွင့်လေး ခိုးပြုံးလိုက်ပါသည်။ သူမကိုယ်တိုင်လည်း ဒီလိုမျှော်လင့်ခဲ့ရသည်ပဲလေ။ အလင်းရောင်က သူမလက်ကလေးကို အသာဆွဲယူဆုပ်ကိုင်လိုက်ပါ၏။ ပူနွေးသော အားအင်တစ်ခုက သူတို့ရင်ထဲအထိ စီးဝင်သွားကြတော့သည်။ ထိုစဉ် တံခါးတွန်းဖွင့်သံကြား၍ ခလုတ်နှင့်သီတာတို့ဟုထင်ပြီး လှမ်းကြည့်လိုက်မိကြသည်။ အခန်းထဲသို့ဝင်လာသူမှာ ခက်ဆစ်ချို၏ အမေ ဒေါ်ချိုချိုလွင်ဖြစ်နေ၏။ မျက်နှာထားကလည်း တင်းမာခက်ထန်လျက်ရှိ၏။ ခက်ဆစ်မျက်နှာလေးမှာ သွေးမရှိတော့သလို ဖြူဖျော့သွားရှာပါသည်။ အထစ်ထစ် အငေ့ါငေ့ါနှင့် သူမက . . .

"မေ . . မေမေက ဘယ်လိုလုပ်ပြီး . . ."





ဒေါ်ချိုချိုလွင်က သမီးဖြစ်သူကိုကြည့်ကာ အေးစက်စက်ပင် ပြောချလိုက်၏။

"ကဲ . . သမီး . . ခက်ဆစ်ချို မေမေ ဒီမှာစကားတွေ မပြောချင်ဘူး၊ လာပြန်ကြမယ်"

လေသံနှင့် မျက်နှာပေးကိုကြည့်ရုံနှင့် သိပ်အခြေအနေမကောင်းကြောင်းကို အလင်းရောင် သဘောပေါက်လိုက်၏။ ခက်ဆစ်ချိုကလည်း သူမအမေကို ညှိုးညှိုးငယ်ငယ်လေးကြည့်ရင်း ရှင်းပြလိုက်သေးသည်။

"ဟိုလေ . . မေမေ၊ သမီးတို့က အလင်းဆိုင်တယ်မှောက်တယ်ကြားလို့ သတင်းလာမေးကြတာပါ"

ဒေါ်ချိုချိုလွင်က ဘာမှပြန်မပြောပါ။ မည်သို့ပင်ဖြစ်စေ ဒေါ်ချိုချိုလွင်၏နောက်နားဆီမှ ခလုတ်နှင့်သီတာတို့ လုပ်ပြနေသည့် အမူအရာများကတော့ အားတက်ဖွယ်ရာမရှိလှ။ အလင်းရောင်လည်း မထူးတော့ပြီမို့ စိတ်ကိုတစ်ချက်တင်းကာ ဒေါ်ချိုချိုလွင်ကို ရင်ဆိုင်လိုက်ပါသည်။

"ဒီလိုပါ အန်တီ၊ ဘယ်လိုမှတော့ မထင်ပါနဲ့၊ ကျွန်တော်နဲ့ ခက်ဆစ်က ချစ်သူတွေပါ၊ ကျွန်တော်တို့လူငယ်တွေကို နားလည်ပေးဖို့ တောင်းပန်ပါရစေ"

"အလင်း . . ."

ခက်ဆစ်ချိုက စိုးရိမ်တကြီး ဟန့်လိုက်သော်လည်း မမှီတော့ . . .။ ခက်ဆစ်ထံမှ သက်ပြင်းချသံသဲ့သဲ့ကိုသာ ကြားရ၏။ အခုလို ရဲရဲရင့်ရင့် ရင်ဆိုင်ခြင်းက အကောင်းဆုံးနည်းလမ်းတစ်ခု ဟုတ်ပါ့သလား။ သူ့မှာ မှန်လား၊ မှားလားဆိုတာ ဝေခွဲရန် အချိန်မရှိတော့။ ဒေါ်ချိုချိုလွင်က အလင်းရောင်ပြောတာကို မကြားသည့်အလား ဥပေက္ခာပြုထားပြီး ခက်ဆစ်ချိုကိုသာ စကားတွေ ပြောနေ၏။

"သမီး . . မေမေ ဒီအကြောင်းတွေ ဆွေးနွေးဖို့လာတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သမီးကို မြန်လာခေါ်တာ၊ မေမေ ဘယ်လောက်စိတ်ပူနေမလဲဆိုတာ သမီးနားလည်သင့်တယ်၊ မေမေက သမီးမညာတတ်ဘူးလို့ ယုံထားတာ၊ ဒီတစ်ခါ မေမေမှားသွားပြီ၊ မေမေ တကယ်စိတ်မကောင်းဘူး သမီး"

ခက်ဆစ်ချိုဘက်မှ ဘာမှရှင်းပြခွင့်မရအောင် ဒေါ်ချိုချိုလွင်က ပါးနပ်စွာ ထိန်းချုပ်နေလေပြီ။ ခက်ဆစ်လည်း သူမအာမေအကြောင်း သိထားသူမို့ ထပ်ရှင်းပြရန်ပြင်၏။

"မေမေ . . သမီး ပြောပါရစေဦး၊ ခုကိစ္စက . . ."

"ကဲပါ . . သမီးရယ်၊ အဲဒါတွေ အိမ်ပြန်ရောက်မှပဲ ပြောတော့၊ မေမေ ဒီကိုလိုက်လာဖို့ မောင်ခင်မောင်ကြူကို ခေါ်လာရတာ သမီးရဲ့၊ အားနာစရာကြီး . . လာသွားကြမယ်"

ဒေါ်ချိုချိုလွင်က လေပြေထိုးကာ ချော့မော့ခေါ်နေသည်။ ဤအချိန်မှာ သူလည်း အတင်းဝင်တား၍ မဖြစ်တော့။ ခက်ဆစ်ကို ငဲ့ရဦးမည်။ သူ့ကို နားလည်စွာကြည့်နေသည့် ခက်ဆစ်ချိုကို စူးစူးနစ်နစ်လေးပြန်ကြည့်၍ အသာခေါင်းညိတ်ပြလိုက်ပါသည်။ ခက်ဆစ်ကလည်း သူ့အကြည့်ကို နားလည်သည့်အလား ခေါင်းပြန်ညိတ်ပြကာ သူမအမေနောက်သို့ လိုက်သွားတော့သည်။

ခလုတ်နှင့် သီတာတို့လည်း သူ့ကိုစိတ်မကောင်းစွာ ကြည့်နေရုံမှအပ ဘာမှမတတ်နိုင်တော့။ လောလောဆယ်မှာ သူတို့လည်း အမှုတွဲထဲပါသွားလေပြီ။ သီတာကိုလည်း ခက်ဆစ်အမေက ယုံကြည်တော့မည် မထင်ချေ။ အလင်းရောင်ရင်ထဲမှာ နုံးခွေလို့သွားပါ၏။ ဘာတွေများ ဆက်ဖြစ်လာဦးမည်နည်း။

* * * *



(၁၅)

ကျောင်းတွေပြန်ဖွင့်တာ ဆယ်ရက်လောက်နောက်ကျပြီးမှ အလင်းရောင်တစ်ယောက် ရန်ကုန်ပြန်ရောက်လာခဲ့သည်။ ခြေထောက်ဒဏ်ရာက တစ်ခါတစ်ခါ စစ်ခနဲ နာနေသေးသော်လည်း ခက်ဆစ်ကို လွမ်းသည့်စိတ်နှင့် သူပြည်မှာနေလို့မရတော့။ ဒီကြားထဲ ခက်ဆစ်က တစ်ခါမှ ဖုန်းမဆက်၍ စိတ်တထင့်ထင့်နှင့် ပူပန်မိသည်။ သူမအမေက များ အရမ်းတင်းကျပ်ထားလို့လား။ တွေးရင်းနှင့် ရင်လေးလှပါသည်။

အလင်းရောင် အဆောင်ကိုပြန်ရောက်တော့ ခလုတ်နှင့် အပ်ချည်တို့က ကျောင်းသွားနှင့်ကြလေပြီ။ သူလည်း အဆောင်မှာ ပစ္စည်းတွေကို နေရာချပြီး ကျောင်းကို အမြန်ဆုံးထွက်လာခဲ့၏။ မနက်ခင်းပင်ဖြစ်သော်လည်း နေရောင်ခြည်၏ထိုးဆွမှုကြောင့် နှင်းစက်မြူမှုန်တို့ တဖြေးဖြေး လွင့်ပါးနေကြပြီ။ အအေးဓါတ်ကလေးကတော့ ကျောင်းဝန်းထဲတွင် သိုင်းခြုံဝန်းရံလျက် ကျန်ရှိနေဆဲ။ ထိုင်နေကျကန်တင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခလှော်နှင့်အပ်ချည်ကို သူလှမ်းတွေ့လိုက်ရ၏။

“ဟော့ကောင် . . ခလုတ် . . အပ်ချည်”

“ဟာ . . ပုလင်းပြန်လာပြီဟေ့”

ထိုသို့ဖြင့် သူတို့လည်း ပြောမနာဆိုမနာတွေ နှုတ်ဆက်ပြီး ဦးစွာစားသောက်ကြပါသည်။ စားသောက်ပြီးတော့ အလင်းရောင်မှာ ခက်ဆစ်နှင့် တွေ့ချင်နေတာကို မအောင့်အီးနိုင်တော့။ သူနှင့်ခက်ဆစ် အကြောင်းကို ခလုတ်ပြောပြထား၍ အပ်ချည်သိပြီး ဖြစ်ပေလိမ့်မည်။ ခပ်တည်တည်ကြီးတွေလုပ်နေသော ထိုနှစ်ကောင်ကို သူက ပေါ်တင်ပဲ ပြောလိုက်၏။

“ခလုတ် . . လာကွာ၊ အတန်းမတက်နဲ့ဦး၊ ခက်ဆစ်တို့ဆီ အရင်သွားရအောင်”

“ဒါနဲ့ . . မင်းခြေထောက်က လုံးဝပျောက်သွားပြီလား”

အမေးနှင့်အဖြေက ဘာမှလည်းမဆိုင်ချေ။ သို့သော်လည်း ဒဏ်ရာကို သတိတရမေးလာသောကြောင့် အလင်းရောင်က . . .

“နည်းနည်းပါးပါးတော့ နာသေးတာပေါ့ကွာ၊ ဒါပေမယ့် တဖြေးဖြေး အသားကျသွားမှာပါ၊ ပြီးတော့ မင်းတို့ကို ပြောရဦးမယ် သိလား၊ ဖေဖေက ငါ့ကိုမြှောက်ပေးလိုက်တယ်ကွ”

“ပြောစမ်းပါဦး၊ ဘာတွေမြှောက်ပေးလိုက်တာလဲ”

သိချင်စိတ်နှင့် အပ်ချည်က ဝင်မေး၏။ သူကလည်း ပြောချင်တာ ပါးစပ်က ယားနေပြီမို့ . . .

“ငါ့အဖေက မှာလိုက်တယ်ကွ၊ အဆင်ပြေရင် ခက်ဆစ်ကို တစ်ခါထဲသာ ခေါ်လာခဲ့တဲ့၊ ကျန်တာ သူရှင်းပေးမယ်တဲ့ကွာ၊ ဟဲ ဟဲ . . ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ အဖေလဲဆိုတာ”

“ဩော် . . ဟုတ်လား”

ခလုတ်က ဝတ်ကျေတန်းကျေလေးသာ ပြောသည်။ အပ်ချည်





ကလည်း ကျောင်းဝန်းထဲသို့ ငေးနေပြန်၏။ ဒီကောင်တွေ နှစ်ကောင် ပေါင်းပြီး သူ့ကိုဝိုင်းကျပ်ကြပြီထင်သည်။ အလင်းရောင်က စိတ်အချဉ် ပေါက်လာပုံနှင့် . . .

“ဟော့ကောင်တွေ . . မင်းတို့ဘာဖြစ်နေကြတာလဲ၊ ငါနဲ့ ခက်ဆစ်နဲ့ရမှာကိုပဲ မင်းတို့က မလိုလားတဲ့ပုံစံတွေနဲ့၊ ဘာလဲ မင်းတို့ ညီမတွေကို ငါမယူလို့လား . . ဟုတ်လား”

စကားဆုံးတော့ သူထင်ထားသလို နှစ်ကောင်စလုံးက ထဆဲ ပြီး တဟားဟားနှင့်လည်း မရယ်ကြ။ ဆန့်ကျင်ဘက် သက်ပြင်းချသံ များကိုသာ ကြားရသည်။ အလင်းရောင်စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေ ချိန်တွင် ခလုတ်ကပဲ စကားကို ဖြည်းညှင်းစွာ စတင်လာ၏။ မျက်နှာ ကလည်း စိတ်မကောင်းဖြစ်ဟန်နှင့် တည်ငြိမ်လွန်းလှသည်။

“အလင်း . . ငါပြောတာ ခဏနားထောင်ဦး၊ မင်း ဒီနေ့အဖို့ ခက်ဆစ်နဲ့သွားတွေ့လို့ အဆင်ပြေမှာ မဟုတ်ဖူး၊ မင်းကို ငါတို့လည်း ဘယ်လိုရှင်းပြရမှန်း မသိတော့ပါဘူးကွာ”

နောက်ကျတာဆိုလျှင်တော့ နည်းနည်းများနေပြီ။ သို့သော်လည်း သေချာချင်၍ သူက မေးရပြန်သည်။

“ခလုတ် . . အဲဒီလို မနောက်ပါနဲ့ကွာ၊ ငါက ခုမှပြန်ရောက် တာကွ၊ ခက်ဆစ်နဲ့တောင် မတွေ့ရသေးဘူး”

ခလုတ်က ခေါင်းကို အသာရမ်းပြပြီး သက်ပြင်းချကာ . . .

“မနောက်ပါဘူး အလင်းရာ၊ ငါပြောတာကိုယုံပါ”

“ဘာပြောတာယ် ခလုတ်၊ ငါက ဘာတွေကို ယုံရမှာလဲကွ၊ ဘာတွေလဲကွာ”

ချက်ချင်းပင် စိတ်က နောက်ကျိရှုပ်ထွေးလာသည်။ ဒီနှစ်လခွဲ လောက် အချိန်ကလေးမှာ ဘာတွေဖြစ်ကုန်ပြီလဲ။ သူလုံးဝစဉ်းစား၍ မရတော့။ ခလုတ်စကားက နားထဲမှာ ခါးလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ မင်းစိတ်အေးအေးထားပြီး နားထောင်၊ ခုကျောင်းပြန်ဖွင့်ကတည်းက ခက်ဆစ်ကို ဟိုသဘော်သားဘဲကြီးက နေ့တိုင်းအကြိုအပို့လုပ်နေတယ်၊ ပြီးတော့ . . ."

"ပြီးတော့ရော ဘာဖြစ်လဲကွာ၊ ငါနဲ့ ခက်ဆစ်နဲ့က ချစ်သူတွေပဲ၊ ခက်ဆစ်ကို ငါယုံတယ်"

အလင်းရောင်စကားကို ခလုတ်က ခေါင်းထပ်ခါ၏။ ပြီးမှ စကားကို ဆက်ပြောပြန်သည်။

"ငါလည်း ခက်ဆစ်ကို နားမလည်တော့ဘူး အလင်း၊ မင်းကို ချစ်တယ်လို့ ပြောခဲ့တာကိုတောင် သံသယဝင်မိတယ်၊ ခက်ဆစ်က သီတာနဲ့ငါ့ကို မှာထားသေးတယ်၊ မင်းပြန်ရောက်ရင် သူ့ဆီခေါ်မလာပါနဲ့တဲ့၊ ပြီးတော့ မင်းကိုယ်တိုင်လည်း လာမတွေ့ပါနဲ့တော့တဲ့ကွာ၊ အဲဒါပဲ"

စကားသံတွေက နားထဲသို့ ရိုင်းပြကြမ်းတမ်းစွာ တိုးဝင်လာသည်။ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဘဲ သူ့မှာဆွံ့အသွားမိ၏။ နှစ်လခွဲဆိုသော အချိန်က လူတစ်ယောက်၏စိတ်ကို ပြောင်းပြန်ဖြစ်စေနိုင်လား။ သူ့မစဉ်းစားတတ်ပါ။ အလင်းရောင်လည်း အေးအေးစက်စက်နှင့် ပြန်ပြောလိုက်၏။

"ငါ . . လုံးဝမယုံနိုင်ဘူးကွာ၊ ငါခက်ဆစ်နဲ့ သွားတွေ့မှဖြစ်မယ်"

ခလုတ်က တစ်ခွန်းမှဝင်မပြော။ အပ်ချည်ကလည်း စာနာသလိုကြည့်ပြီး ခေါင်းကိုအသာညိတ်ပြပါသည်။

"ဒါကတော့ တားမရလည်း မင်းသဘောပဲလေ၊ ငါတို့ကတော့ မင်းကိုမခံစားစေချင်တာ အမှန်ပဲ"

အပ်ချည်၏စကားများက မသွားစေချင်မှန်း သိသာလှသည်။ သို့သော်လည်း သူသွားမှ ဒီအဖြစ်အပျက်တွေကို လက်ခံလို့ရနိုင်မည်





မဟုတ်မါလား။

"ဘာပဲဖြစ်ဖြစ် ငါသွားမယ်ကွာ၊ ဘာလဲ . . မင်းတို့က မလိုက်ချင်ဘူးလား"

"လိုက်ရမှာပေါ့ကွာ၊ မင်းကိစ္စဆိုတာ ငါတို့ကိစ္စပဲ၊ ကဲ . . ခလုတ်လာလေကွာ"

စိတ်ထဲမှာ ပူလောင်ပြင်းပြစွာနှင့် Chemistry ကင်တင်းဘက်ကို သူတို့လျှောက်လာခဲ့ကြသည်။ ဇောနှင့်မို့ ခြေထောက်နာနေတာလည်း သူက ဂရုမစိုက်နိုင်တော့။ ဟိုရောက်တော့ သူမတို့ကို မတွေ့ပါ။ ခက်ဆစ်တို့ အတန်းတွေတက်သို့ ထပ်ထွက်လာခဲ့ကြပြန်၏။ အတန်းထဲမှာလည်း ခက်ဆစ်တို့ကို မတွေ့ရချေ။ ဒါဆို ဘယ်သွားနေသနည်း။ သူတွေးနေစဉ်မှာပဲ ခလုတ်က ပြောလာ၏။

"အလင်း . . ငါတို့ ဒီဘက်ထောင့်ကပဲ စောင့်ရအောင်ကွာ၊ ခဏနေ သီတာလည်း ဒီကိုလာမှာပဲ"

ဒီလိုနှင့် သူတို့လည်း မလှမ်းမကမ်းနေရာလေး၌ ထိုင်စောင့်နေလိုက်ပါသည်။ လူက ငြိမ်သက်နေပေမယ့် အလင်းရောင်မျက်လုံးတွေက ကော်ရစ်တာတစ်လျှောက် လှမ်း၍မျှော်နေမိ၏။

"ဟာ . . အလင်း၊ ဟိုမှာ ခက်ဆစ်တို့ လာနေကြပြီကွ"

"ငါထင်သားပဲ"

အပ်ချည်၏စကားနှင့်အတူ ခလုတ်မှတ်ချက်ချသံကြောင့် အလင်းရောင် ဆတ်ခနဲ လှည့်ကြည့်မိလိုက်ပါသည်။ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူ့မျက်လုံးတွေပင် ပြာဝေသွားရသည်။ ခက်ဆစ်က တစ်ယောက်ထဲမဟုတ် . .။ သူမထက် အသက်တော်တော်ကြီးမည် ဟုယူဆရသော လူကြီးတစ်ယောက်နှင့် ရယ်ရယ်မောမော စကားပြော၍ လမ်းလျှောက်လာကြသည်။ ခက်ဆစ်ချို့မှာ ပျော်ရွှင်နေသည့်ပုံစံမို့ သူ့ရင်ထဲတွင် စစ်ခနဲ နာသွားမိ၏။ ခက်ဆစ်တကယ်ပဲ ပြောင်းနေတာ



www.burmeseclassic.com

www.burmeseclassic.com



လား . . ၊ ဟင့်အင်း . . ဒါလုံးဝမဖြစ်တာ . . . ။

အလင်းရောင်က ခက်ဆစ်မျက်ဝန်းတွေကိုပဲ စိုက်ကြည့်နေမိတော့သည်။ ခက်ဆစ်ချိုလည်း စကားတပြောပြောနှင့် လျှောက်လာရင်း သူ့ကို ရုတ်တရက်တွေ့လိုက်၍ မျက်နှာပျက်ယွင်းသွား၏။ ဒါပေမဲ့ ချက်ချင်းပဲ ဘာခံစားချက်မှမရှိသော ပုံစံမျိုးနှင့် ဟိုလူကြီးဘက်ပြန်လှည့်ကာ သူတို့ကို ဖြတ်ကျော်သွားလေသည်။ အလင်းရောင်မှာ လှမ်းခေါ်ချင်လှသော်လည်း ကျောက်ဆစ်ရုပ်လို တည်ငြိမ်သော ခက်ဆစ်၏ မျက်နှာပေးကြောင့် စကားလုံးတွေ ဆွံ့အပျောက်ဆုံးသွားရတော့သည်။

ခက်ဆစ်ချိုမှာ အလင်းရောင်နှင့် မျက်လုံးချင်း တစ်ချက်ဆုံလိုက်သော်လည်း နောက်ထပ်လုံးဝ လှည့်မကြည့်တော့ချေ။ အခန်းဝသို့ရောက်လျှင်ပဲ ဟိုလူကြီးက ခက်ဆစ်ခေါင်းလေးကို တစ်ချက်ပုတ်၍ နှုတ်ဆက်စကားတွေ ပြောနေပြန်သည်။ ခက်ဆစ်ချို၏ ရယ်သံချိုချိုရှရှလေးများက သူ့နားထဲ၌ ကျယ်လောင်စွာ မြည်ဟီးနေကြသည်။

အလင်းရောင်မှာ ပေါက်ကွဲဖို့ပင် အင်အားမရှိတော့လောက်အောင် ရင်ထဲမှာ ဝမ်းနည်းခြင်းတွေက နေရာအပြည့်ယူထားလေ၏။ ဒီအချိန်မျိုးတွင် မျက်စိစုံမှိတ်၍ လှည့်ထွက်လာရန်ကလွဲပြီး သူ့မှာဘာမှ လုပ်စရာမရှိတော့။ ဆောင်းနေ့လည်ခင်းသည် မိုးတိမ်တွေမရှိပါဘဲ မည်းမှောင်လွန်းလှသည်။ အိပ်မက်တစ်ခုဆိုရင်တောင် ဒါဟာ ဆောင်းအိပ်မက်လို ဂယောက်ဂယက်နှင့် ခြောက်ခြောက်ခြားခြား မြင်မက်ရတာမျိုးပဲ ဖြစ်ပါလိမ့်မည်။

* * * *

ကင်တင်းထဲတွင် အလင်းရောင်တို့တစ်ဝိုင်းလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိပါသည်။ စကားသံများအစား ဆေးလိပ်မီးခိုးငွေ့တွေ





တ လွင့်ပျံ့နေကြသည်။ စိန်ပန်းတွေကလည်း လေအဝှေ့မှာ နီဆွေးဆွေးကြွေကျနေရှာတော့၏။

သီတာက သူ့ကို ခပ်နွမ်းနွမ်းလေးပြုံးပြရင်း သူမလွယ်အိတ်ထဲမှ စာရွက်ခေါက်လေးတစ်ခုကို ထုတ်ပေးလာသည်။

"ရော့ . . အလင်းရောင်၊ ခက်ဆစ်ပေးလိုက်တာ၊ ငါလည်း စိတ်မကောင်းပါဘူးဟာ"

စိတ်မကောင်းကြဘူးတဲ့လား၊ ဒီစကားက ထုံကျင်နေသော သူ့နှလုံးသားကို ထပ်ပြီးမတုန်လှုပ်နိုင်တော့တာ သေချာပါသည်။ သူက မရေရာမှုတွေနှင့် စာရွက်ခေါက်လေးကို ဖွင့်ဖတ်လိုက်မိ၏။

အလင်းရောင်

နှင့်ကို ငါတောင်းပန်ပါတယ်။

ခက်ဆစ်ချို

ခက်ဆစ် ဘာကိုဆိုလိုချင်ပါသလဲ။ သူနားမလည်နိုင်သေးပါ။

"အလင်းရောင် . . နင်တော်တော်ခံစားနေရလား"

သီတာအမေးကို သူပြန်မဖြေမိ။ သက်ပြင်းကိုသာ ဆေးလိပ်မီးခိုးနှင့်အတူ ခပ်ဖျော့ဖျော့ မှုတ်ထုတ်လိုက်မိသည်။

ခလုတ်က စဉ်းစားနေရာမှ ဝင်မေး၏။

"သီတာ . . မနေ့က ခက်ဆစ်က အလင်းကို တွေ့သွားတာပဲ၊ နင့်ကို ဘာပြောသေးလဲ"

"မျက်နှာတော့ မကောင်းဘူးဟ၊ အလင်းကို တွေ့လိုက်တယ်လို့တော့ ပြောတာပဲ၊ တခြား ဘာမှမပြောဘူး"

ခက်ဆစ်မျက်နှာထားကို သူမြင်လိုက်ရသားပဲ။ သီတာက သူ ခံစားရသက်သာအောင် ပြောနေခြင်းပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



အပ်ချည်က သီတာကို မေးလိုက်ပြန်သည်။

"သီတာ . . နင် ခက်ဆစ်ကို အကဲခတ်ကြည့်ရသလောက် ဘယ်လိုမြင်လဲ"

"မင်းကလည်း အပ်ချည်ရာ၊ ဘယ်လိုမြင်ရမှာလဲ၊ အပြောင်းအလဲမြန်တဲ့ မိန်းမပေါ့"

သူ့ဘက်က မခံချင်စိတ်နှင့် ခလုတ်က ဝင်ပြောသည်ကို သီတာက မျက်စောင်းထိုးရင်း . . .

"ကိုနော် . . ခက်ဆစ်ကို ဒီလောက်ကြီးတော့ မပြောပါနဲ့၊ သူလည်း သွေးနဲ့သားနဲ့ပဲ၊ ခံစားချက်တော့ရှိမှာပေါ့၊ အကြောင်းရှိလို့နေမှာပါ"

"သွားစမ်းပါဟာ၊ ဘာအကြောင်းလဲ၊ မိဘစကားကို နားထောင်တဲ့ သမီးအလိမ္မာလေးလား၊ သူလည်း အစောကြီးကပဲ အဲဒီလူနဲ့ သူ့အမေက ပေးစားချင်နေမှန်း သိသားပဲ၊ ဒီကြားထဲ ဘာဖြစ်လို့ အလင်းနဲ့ မောင်နှမ,မဖြစ်ချင်ရတာလဲ၊ အလင်းဆီကနေ ဘာမျှော်လင့်ခဲ့တယ်ဆိုတာ အားလုံးသိတယ်၊ သူ့မပြတ်သားရဲ့ရင် ရှေ့မတိုးနဲ့ပေါ့၊ ဒီကောင်ဆိုင်ကယ်မှောက်တုန်းက ဒီလိုပုံစံမျိုးလား၊ ငါတို့တောင် သူ့ကိုသနားလို့ ပြည်ကိုလိုက်ပို့ပေးခဲ့တာပဲ၊ ဒါတွေဟာ အမှန်တရားပဲ၊ ကျောင်းတွေပြန်ဖွင့်မှ ခက်ဆစ်က အချိုးပြောင်းသွားတာ၊ ဟော့ကောင် အလင်း မင်းလည်း ဒီလောက်ခံစားမနေနဲ့၊ ခုလည်း မင်းအမြင်ပဲ မဟုတ်လား"

ခလုတ်မှာ ပေါက်ကွဲနေတော့သည်။ သူပြောနေတာကလည်း အမှန်တွေချည်းမို့ သီတာလည်း ဘာမှပြန်မပြောနိုင်ချေ။ သို့သော်လည်း သီတာက မှတ်ချက်လေးတော့ ချခဲ့သေးသည်။

"အင်း . . ဟုတ်တော့ ဟုတ်ပါတယ်လေ၊ သူ့အမေ ဘယ်လိုညည်းညူလိုက်လဲ မသိဘူး"

"လူတွင်ပါလို့ နွားကျားကိုက်တာပါကွာ"





ခလုတ်က ခက်ဆစ်ချိုကို လုံးဝအမြင်မကြည်ဘဲ ဘုတွေသာ လျှောက်ပြောနေသည်။ ကြာလာတော့ သီတာ့လည်း သူမသူငယ်ချင်းဖြစ်သူဘက်မှ တင်းမာလာပုံရသည်။

"နင်ဘယ်လိုပဲပြောပြော ခက်ဆစ်က အလင်းရောင်အပေါ်မှာ သံယောဇဉ်ရှိသေးတယ်ဆိုတာ ငါလုံးဝယုံကြည်တယ်၊ ငါ သူ့ကို မေးလို့မရပေမယ့် ခက်ဆစ်မျက်လုံးတွေကို ငါကောင်းကောင်းသိတယ်"

"နင် ဘာကိုဆိုလိုချင်တာလဲ သီတာ၊ ငါ ခက်ဆစ်ကို ပြန်ပြီး ကြိုးစားသင့်တယ်လို့ ပြောချင်တာလား"

အလင်းရောင်၏ ခြောက်ကပ်ကပ်မေးသံကို သီတာက ခေါင်းမညိတ်ခေါင်းမခါဘဲ . . .

"ဒါကတော့ နင့်သဘောပဲလေ၊ ငါကတော့ ဘာမှမပြောချင်ဘူး၊ နင့်စိတ်ကို နင်ပြန်ဆန်းစစ်ကြည့်ဦးပေါ့၊ ဒီကိစ္စကို ဒီအတိုင်းပဲ လက်ခံနိုင်သလား၊ ဒါမှမဟုတ် နင်ဘာဆက်လုပ်သင့်သလဲဆိုတာ နင့်ဘာသာဆုံးဖြတ်ပေါ့"

"ဟုတ်တယ်ကွ၊ ခုဟာက မင်းအနေနဲ့ တဖက်သတ်ကြီးကြေကွဲနေရသလိုမျိုး ဖြစ်နေတယ်၊ ငါတို့က မင်းတို့နှစ်ယောက်စလုံးကို ပျော်စေချင်တာပါပဲ"

အပ်ချည်က ထိုသို့ တွေးတွေးဆဆ ပြောလာသည်။ ခလုတ်ကမူ ဘာမှဝင်မပြောတော့။ အလင်းရောင်က သူငယ်ချင်းများအားလုံးကို ဝေ့ကြည့်ကာ ပြုံးရွှင်စွာ ပြောလိုက်၏။

"အေးပါကွာ၊ မင်းတို့ပြောတာ ငါနားလည်ပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ငါလည်း ခက်ဆစ်နဲ့ သွားတွေ့ဖို့ကို ဆုံးဖြတ်ထားပြီးသားပါ။ ဟိုနေ့က မခံစားနိုင်လွန်းလို့ လှည့်ထွက်သွားခဲ့တာပါ၊ ခုလည်း ခံနိုင်ရည်ရှိအောင် အားမွေးနေတာမျိုးပါ၊ ခက်ဆစ် ငါ့ကို သံယောဇဉ် ရှိနေသေးတယ်ဆိုတာတော့ ငါအသေအချာသိတယ်"

ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသားရှိသော သူ့အပြောကြောင့် အားလုံး၏မျက်နှာတွေမှာ ကျေနပ်သည့်အရိပ်များ ဖြတ်သန်းသွားကြသည်။ သူနှင့်ခက်ဆစ်တို့ကြားက ချည်နှောင်မှုတွေကို သူတို့နှစ်ယောက်သာ အသိဆုံးဖြစ်ပါလိမ့်မည်။ အလင်းရောင်လည်း အစိပ္ပါယ်မဲ့ ခပ်ဖွဖွရယ်မောမိလိုက်၏။

* * * *



# (၁၆)

တစ်ရက်တစ်ရက် အချိန်တွေက တစ်ပတ်လောက်ကြာလာ၏။ အချိန်တွေဆွဲရင်း အလင်းရောင်မှာ အခုထိ ခက်ဆစ်ချိုနှင့် စကားမပြောဖြစ်သေးပေ။ ဒီကြားထဲ ဟိုသဘော်သား မောင်ခင်အောင်ကြူဆိုသည့် လူကြီးကလည်း ခက်ဆစ်ကို မနက်ပိုင်းကျောင်းလာပို့သည်။ ကျောင်းဆင်းလျှင် လာကြိုပေးသည်။ ထိုပုဂ္ဂိုလ်ကြီးကိုတော့ အလင်းရောင်က သိပ်ခေါင်းထဲထည့်မထားပါ။ သူ့အနေနှင့် ခက်ဆစ်ကို စကားမပြောချင်သေး၍ မပြောခြင်းသာဖြစ်သည်။ သူတကယ်ပြောချင်လျှင် ခက်ဆစ်ချို ကင်တင်းထွက်မထိုင်သည့်တိုင်အောင် အတန်းထဲသို့ ခပ်တည်တည်နှင့် သွားပြောလို့ရ၏။ ဘယ်သူကမှ ကိုယ့်ထမင်းကိုယ်စားပြီး သူ့ကို မောင်းထုတ်ကြမည်မဟုတ်။ သူက ကိုယ့်ခြေထောက်နှင့်ကိုယ်သွားပြီး ကိုယ့်ပါးစပ်နှင့်ကိုယ် ပြောလိုက်ရုံသာ။ အကြောင်းလေးတွေရှိနေ၍ မပြောသေးတာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်သည် အခုဆို မကြာခဏ ခက်ဆစ်ချိုတို့ အတန်းရှေ့သွားကာ သူမမျက်နှာကို အကဲခတ်ကြည့်သည်။ တစ်ချက်တစ်ချက် သူ့ကိုပြန်ကြည့်လိုက်သည့် ခက်ဆစ်မျက်ဝန်းထဲမှာ အုံ့ညြခြင်းနှင့် နားမလည်နိုင်ခြင်း အရိပ်အငွေ့များကို တွေ့မြင်နေရ၏။ တစ်ခါတလေတော့လည်း သူ့ကို ရီဝေဝေလေးကြည့်ပြီး ခေါင်းလွှဲသွားတတ်သည်။

ဒီနေ့လည်း ခက်ဆစ်တို့အတန်းရှေ့မှာ အချိန်သွားဖြုန်းနေလိုက်၏။ မည်သို့ပင်ဖြစ်စေ သူမကို လုံးဝမေ့လို့မရသေးသည့် သူ့အတွက်တော့ ခက်ဆစ်ချိုကို အဝေးမှမြင်နေရရုံနှင့် တစ်မျိုးစိတ်ချမ်းသာရပါသည်။ တဖြေးဖြေးနှင့် ခက်ဆစ်၏မျက်ဝန်းတွေကို သူနားလည်စပြုလာပြီ။ ခက်ဆစ်ဆီမှာလည်း အကြောင်းတစ်စုံတရာရှိ၍ဖြစ်မည်ဟု သူခံစားနေမိ၏။

အလင်းရောင်တစ်ယောက် တွေးငေးနေစဉ်မှာပဲ အချိန်ပြောင်းခေါင်းလောင်းထိုးသွားသဖြင့် ကျောင်းသူ၊ ကျောင်းသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါသည်။ တချို့က အခန်းအပြင်သို့ ထွက်လာကြ၏။ ဒီပုံအတိုင်း အတန်းရှေ့မှာ သူရှိနေပါက ခက်ဆစ်ချိုလေး အပြင်မထွက်တော့မှာ စိုးရသေးသည်။ သို့နှင့် ခက်ဆစ်ကို သူက တစ်ချက်လှမ်းကြည့်၍ ရပ်နေရာမှ ထွက်ခွာသွားရန် ပြင်လိုက်၏။ သူ့ကြောင့် သူမ,နေရထိုင်ရတာ မကျဉ်းကျပ်စေလိုသဖြင့် အလင်းရောင်လည်း သက်ပြင်းလေးအသာချပြီး လှည့်ထွက်လာခဲ့ပါသည်။

"အလင်း . . ရောင် . . ."

ခေါ်သံကြောင့် အလင်းရောင်ခြေလှမ်းများ တုန့်ခနဲရပ်သွား၏။ သူနားကြားမလွဲနိုင်ပါ။ ဘယ်အချိန်မှာမဆို မှတ်မိနေမည့် သူမ၏အသံလေး မဟုတ်လား။ အလင်းရောင်တစ်ယောက် နောက်သို့လှည့်ကြည့်လိုက်၏။ ခက်ဆစ်ချိုက သူ့အနားကို တည်တည်ငြိမ်ငြိမ်လေး လှမ်းလျှောက်လာပါသည်။ အနားကိုရောက်တော့ . . .





"နင် အတန်းမတက်ဘူးလား"

"ဒါ . . နင်မေးရမယ့်မေးခွန်း မဟုတ်ဘူးထင်တယ် ခက်ဆစ်"

ခက်ဆစ်ချိုသည် သူ့စကားကို စိတ်ဆိုးဟန်မရှိဘဲ . . .

"တကယ်တော့ နင့်ကို ငါဘာမှလဲ မမေးချင်ဘူး၊ ဘာမှလဲ မဖြေချင်ဘူး အလင်းရောင်၊ ဒါပေမယ့် အခု နင့်ကို ကျောင်းစာတွေ ထိခိုက်မှာစိုးလို့ လာပြောတာပါ"

ကျောင်းစာတွေ ထိခိုက်မှာစိုးလို့တဲ့လား ခက်ဆစ်ရယ် . .။ ရင်ထဲမှာ ထိရှကွဲကြေနေတဲ့ ငါ့ခံစားချက်တွေကိုရော နင်က မစိုးရိမ်တော့ဘူးလားဟု အလင်းရောင်က စိတ်ထဲမှ နာကျင်စွာ တွေးလိုက်မိပါသည်။ နောက် . . သူက မခံစားနိုင်စွာ ခနဲ့စကားဆိုဖြစ်သွား၏။

"ဒါဖြင့် နင်အတိတ်တော့ မမေ့လောက်သေးပါဘူးနော်"

ခက်ဆစ်ချိုက သက်ပြင်းငွေ့ငွေ့ချလိုက်ရင်း . . .

"ဟုတ်တယ် . . ငါအတိတ်မမေ့သေးပါဘူး၊ ဒါပေမယ့် အနာဂတ်ကိုလည်း ငါမေ့ထားလို့မရဘူး"

သူမစကားက ဘာကိုဆိုလိုသည်လဲ။ သူမအမေစီစဉ်ထားသော အနာဂတ်ကို ဆိုလိုသည်လား။ ဒါဆို သူနှင့်ပတ်သက်သည့် အနာဂတ်တွေကရော . . .။ ခက်ဆက်ချို၏ ခံစားချက်အမှန်ကို သူ ဘယ်လိုဆွဲထုတ်ပြရပါမလဲ။ အလင်းရောင်လည်း ခေါင်းထဲမှာ အပြေးအလွှား အလုပ်တွေလုပ်နေမိသည်။ ပြီးမှ ခပ်ဟဟလေးပြုံး၍ . . .

"ငါ အခုဒီကိုလာနေတာ နင်အဖြေရကျပ်အောင် ဟိုဟိုဒီဒီတွေ လျှောက်မေးဖို့လာတာ မဟုတ်ဘူး၊ နင်ပြောပြချင်တာတွေရှိရင် ငါက နားထောင်ပေးရအောင် လာစောင့်နေတာမျိုးပါ၊ ငါ နင့်ကို မေးချင်ရင် . . ငါပေါက်ကွဲချင်ရင် အချိန်မရွေး နင့်အတန်းထဲအထိ ဝင်မေးလို့ရတာပဲ၊ နင်သိပါတယ် ခက်ဆစ်ရယ်"

"နင် ငါ့ကို အခုဘယ်လိုမြင်နေပြီလဲဟင် . . အလင်းရောင်"



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်ချိုဆီမှ စကားသံက တိုးဖွပြတ်တောင်းစွာ ပွင့်ထွက်လာသေး၏။ သူ့ဘက်ကလည်း ပြန်ဖြေစရာတစ်ခုပဲ ရှိတော့သည်။

"နှင့်ကို ငါချစ်သူလို့ပဲ ခုထိခံယူထားတာလေ ခက်ဆစ်ရဲ့ ငါ့ချစ်သူလို့ပဲ မြင်တာပေါ့၊ အဲဒါ ငါမှားလား"

နှုတ်ခမ်းနှစ်လွှာကို စေ့ကပ်လိုက်တော့ ခက်ဆစ်မျက်နှာလေးက တစ်မျိုးဖြစ်သွား၏။ တစ်ခုခုကိုပြန်ပြောရန် သူမ့အတော်ခက်ခဲနေဟန်တူပါသည်။ စကားလုံးတွေက ထွက်မလာဘဲ နှုတ်ခမ်းဖျားလေးများမှာ တဆတ်ဆတ် တုန်ယင်နေတော့သည်။

သူမကိုလည်း သူသနားလာ၏။ ဒီလောက် ခက်ခဲနေရင်လည်း ရှိပါစေတော့လေ။ သူပြောချင်တာလည်း ပြောခဲ့ပြီးပြီ။

အလင်းရောင်သည် ခက်ဆစ်ချိုကို နားလည်စွာ ပြုံး၍ကြည့်လိုက်ရင်း ရင်ထဲကအရှိအတိုင်း ပြောချလိုက်မိသည်။

"ကဲပါ ခက်ဆစ်ရယ်၊ နှင် ဒီလောက်ပြောရခက်နေရင်လည်း ငါနားမထောင်ချင်တော့ပါဘူး၊ နှင်နဲ့ပတ်သက်လို့ ငါနားလည်တတ်သလို နားလည်ထားလိုက်ပါ့မယ်၊ ဒါပေမယ့် ဘာအကြောင်းပဲဖြစ်ဖြစ်ပေါ့ဟာ၊ နှင့်ကို ငါက အပြစ်တင်စိတ်ဆိုးနေမှာ မဟုတ်ဘူးဆိုတာ နှင်ယုံပါ၊ ငါက နှင့်ကို ချစ်နေရုံလေးပဲ ချစ်နေချင်တာပါ၊ ကဲ . . ထားလိုက်ပါတော့ဟာ၊ နှင့်ဆီကို ငါနောက်နေ့တွေမှာလည်း မလာတော့ပါဘူး၊ ကဲ . . ငါသွားပြီ ခက်ဆစ်"

သူက ဆို့နစ်စွာပြောပြီး ချာခနဲ လှည့်ထွက်လိုက်ပါသည်။ ဒါ . . အချစ်အတွက် သူစွန့်စားနေတာလား၊ ဒါမှမဟုတ် စွန့်လွှတ်နေတာလားဆိုတာကို ဝေခွဲလို့မရပေမယ့် တစ်ခုခုကတော့ သေချာလွန်းလှ၏။

တစ်လှမ်း . . နှစ်လှမ်း . . သုံးလှမ်း . . ။ ဒါဆို ပြီးသွားပြီလား။ အင်းပေါ့လေ။ ငါတို့အပြုံးတွေနဲ့ပဲ လမ်းခွဲကြပါစို့ . . . ။





"အလင်း . . ."

အလင်းရောင်ခြေလှမ်းတွေ ရပ်တန့်သွားရပြန်၏။ သူအကြားချင်ဆုံး ထိုခေါ်သံလေးကို လွန်ဆန်နိုင်ရန် သူ့မှာ အင်အားမရှိပါ။ အပျော်စိတ်လေးက သူ့ရင်ထဲကို ချက်ချင်းစီးဝင်လို့သွားသည်။ အလင်းရောင်လည်း မျှော်လင့်ခြင်းများစွာဖြင့် သူမကို ပြန်လှည့်ကြည့်လိုက်ပါ၏။

"နှင့် . . ခြေထောက်တွေ သက်သာသွားပြီလားဟင်"

သေသေအသေလိုက်ချင်တော့သည်။ ဒါ . . ဒီအချိန်မှာ ပြောရမယ့်စကားလား- ခွေးမလေးရယ်လို့ ကြေကွဲဆို့နစ်စွာ တွေးမိ၏။ ဖီးလ် (Feel) တွေ အပြည့်ထည့်ထားကာမှ အလင်းရောင်မှာ မအီမလည်ကြီးဖြစ်သွားရရှာသည်။ ကတ္တီပါလမ်းခွဲကျမှပဲ ဒင်းက လူနာသတင်းလာမေးနေသေးသည်။ သူ့စိတ်ထဲရှိသလို လျှောက်ပြောလိုက်လျှင် မကောင်းဘဲရှိတော့မည်။ အလင်းရောင်က ပြုံး၍ . . .

"ကောင်းသွားပါပြီဟာ . . နှင်တို့ ပြည်အထိ သတင်းလာမေးတာလဲ ကျေးဇူးပါပဲ၊ ခြေထောက်က သိပ်မနာတော့ပါဘူး"

ရင်ထဲကပဲ နာနေတာပါ ခက်ဆစ်ရာ . . ဟုတော့ သူဆက်မပြောဖြစ်။ ခက်ဆစ်ချို သူ့ကိုကြည့်နေသည့် အကြည့်ထဲမှာ သံယောဇဉ်ငွေ့ငွေ့တို့ကို မြင်တွေ့နေရ၏။ သူလည်း သူမကို သတိလွတ်စွာ တရှိုက်မက်မက် ပြန်ကြည့်နေမိသည်။ ငါတို့တွေ ချစ်ခဲ့ကြတာ သေချာပါတယ်ကွာ . . ။

သူမက မျက်လွှာလေးကိုချပြီး တိုးတိုးပြောလိုက်၏။

"မနက်ဖြန် မနက်စောစောကို ငါတို့ Chemistry ကင်တင်းမှာ နှင်လာစောင့်ပေးနိုင်မလား၊ ငါ နှင့်ကို ပြောစရာရှိလို့ . . ."

အလင်းရောင်မှာ သူ့နားကိုပင် သူသိပ်မယုံချင်တော့ . . ။ သူက စိတ်လှုပ်ရှားမှုကိုထိန်းကာ တုန်ပြန်ပြောလိုက်ပါသည်။

"ရပါတယ် . . ငါလာခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

သူတို့နှစ်ယောက်၏ အဖြစ်အပျက်မြင်ကွင်းစုံအား အတန်းထဲမှ အစအဆုံးမြင်တွေ့ခဲ့ရသော သီတာတစ်ယောက် သူမသူငယ်ချင်း ခက်ဆစ်ချိုကို နားမလည်နိုင်အောင်ဖြစ်နေ၏။ အမှန်က ဒီကိစ္စမှာ သူမနှင့် ခက်ဆစ်တို့နှစ်ယောက်ထဲ ဇာတ်တိုက်ထားပြီးသားဖြစ်သည်။ အစီအစဉ်ထဲတွင် ခက်ဆစ်ကစ၍ အလင်းရောင်ကို စကားသွားပြောရန်တော့ မပါပေ။ အလင်းရောင်ဘက်မှ ကြိုးစားမှုတွေကို မသိမသာလေး စောင့်ကြည့်နေရုံမျှသာ ဖြစ်ပါ၏။ သီတာလည်း တစ်စုံတစ်ခုကို အတွေးပေါက်ပြီး ပြုံးမိသွား၏။

မည်သို့ပင်ဖြစ်စေ သူငယ်ချင်းနှစ်ယောက် ပြေလည်သွားသည့်အတွက် သူမက ဝမ်းသာရပါသည်။ ဇာတ်လမ်းအစက ဒီလိုဖြစ်၏။ သူမတို့ ကျောင်းတွေပြန်ဖွင့်သောနေ့တွင် ခက်ဆစ်ချိုက သီတာကို အခုလို ပြောလာခဲ့သည်။





"သီတာ . . ငါစဉ်းစားမိတာလေး တစ်ခုရှိလို့၊ အဲဒါ ငါ့ကို ကူညီပေးစမ်းပါ"

"ကူညီရမယ် . . ဟုတ်လား . . ပြောစမ်းပါဦး၊ ဘယ်လိုကူညီရမှာလဲ"

ခက်ဆစ်က နားထင်ကို လက်ညှိုးလေးထောက်ကာ စဉ်းစားဟန်ပြုရင်း . . .

"ဒီလိုဟာ . . အလင်း ကျောင်းပြန်တက်ရင် ငါ့ဆီမလာဖို့နဲ့ ငါနဲ့လုံးဝမဆက်သွယ်နဲ့လို့ သွားပြောပေးစမ်းပါ"

ဘုရားရေ . .။ သီတာလည်း တော်တော်အံ့ဩသွား၏။ ချစ်သူတွေဖြစ်တာမှ ပူပူနွေးနွေးလေးပဲ ရှိသေးသည်။ ခက်ဆစ်တစ်ယောက် ဘာအရူးထပြန်ပြီ မသိ။ သီတာက နားမလည်စွာနှင့် မေးမိသည်။

"ဘယ်လိုဖြစ်တာလဲ ခက်ဆစ်ရာ၊ ဩော် . . ဩော် . . သိပြီ၊ နင်က အလင်းရောင်ကို နောက်ချင်လို့ထင်တယ်"

"မနောက်ပါဘူး အတည်ပြောတာ၊ ဒါပေမယ့် နင်သူ့ကိုတည့်တိုး သွားမပြောနဲ့၊ ခလုတ်ကတဆင့်ပြောပေး ဟုတ်ပြီလား"

"ဝုဒ္ဓေါ . . . ခက်ဆစ် နင်စိတ်ကောင်းပါတယ်နော်၊ နင် အလင်းရောင်ကို အဖြေပေးပြီးသားလေ၊ ဘာလဲ နင်သူ့ကို တကယ်မချစ်လို့လား"

ခက်ဆစ်လုပ်ပုံက အန္တရာယ်ရှိသဖြင့် သီတာလည်း သေချာအောင် မေးရတော့သည်။ သူမက စိတ်ရှုပ်ဟန်နှင့် ခေါင်းကိုဖွဖွကုတ်ကာ . . .

"အလင်းကို ချစ်တော့ ချစ်သလိုပဲဟာ၊ ဒါပေမယ့် . . ."

"ဒါပေမယ့် မလုပ်နဲ့လေ ခက်ဆစ်ရယ်၊ ဘာမှမရေရာသေးတဲ့ ကောင်လေးနဲ့များ ယောကျ်ားတစ်ယောက်ကို အဖြေပေးခဲ့ရတယ်လို့၊ အံ့ပါရဲ့တော်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အငေါ်တူးလိုက်တော့မှ ခက်ဆစ်ချိုက သူမကို သေချာရှင်းပြလေ၏။

"ငါ စဉ်းစားမိတာက ဒီလိုဟာ၊ ငါ့အနေနဲ့ အလင်းကိုတော့ သံယောဇဉ်ရှိပါတယ်၊ ဒါပေမယ့် အလင်းကလည်း ငါနဲ့မောင်နှမ မဟုတ်မှန်းသိတာနဲ့ ချက်ချင်းကြီး ချစ်တယ်ဆိုတာ တကယ်ရောဟုတ်ပါ့မလား၊ နောက်ပြီးတော့ သူငယ်ချင်းသံယောဇဉ်တွေနဲ့ ရောထွေးပြီး ငါ့ကိုချစ်တယ်လို့ ထင်သွားတာလားလို့လည်း သံသယဖြစ်မိတယ်"

သီတာလည်း ကြားထဲကနေ ဘလိုင်းကြီး ဦးနှောက်စားသွားရှာ၏။ ပြဿနာက တိမ်မယောင်နှင့် နက်နဲနေလေပြီ။ စဉ်းစားရင်းနှင့် သီတာက . . .

"ဒါဆို နင့်ဘက်ကရော . . ဘာလို့အဖြေပေးခဲ့တာလဲ"

"အေး . . ငါလည်း အဲဒီတုန်းက သွေးပူတုန်းမို့ အလင်းကို ဒဏ်ရာတွေနဲ့ သနားပါတယ်ဆိုပြီး အဖြေပေးခဲ့မိတာဟ . . ၊ ဒီတော့ ငါ့ဖက်ကလည်း သူ့ကို တကယ်ချစ်မချစ်ဆိုတာ သေသေချာချာ သိချင်သေးတယ်"

"ခက်ဆစ်ရယ် . . နင်တို့ဟာတွေကလည်း တရားဝင်ချစ်သူတွေဖြစ်ပြီးမှ တစ်ယောက်နဲ့တစ်ယောက် ပြန်လေ့လာနေသလိုမျိုး ဖြစ်နေပြီ"

ခက်ဆစ်ချိုက တကယ်အလေးအနက်ထားပြီး ပြောနေသောကြောင့် သီတာလည်း မနေနိုင်ဘဲ ခေါင်းဝိုင်းစားပေးရတော့သည်။ သီတာက . . .

"တစ်ခုတော့ရှိတယ် ခက်ဆစ်ရ၊ နင် အလင်းရောင်ဘက်ကိုတော့ ထည့်စဉ်းစားဖို့လိုလိမ့်မယ်၊ တော်ကြာမလိုအပ်ဘဲ ပြဿနာတက်မှာလည်း စိုးရသေးတယ်"

ခက်ဆစ်က အဲဒါကို စဉ်းစားထားပြီးသား ပုံစံနှင့် . . .





"ငါပြောပြမယ်ဟာ၊ အခုလည်း မေမေက ငါတို့ကိစ္စသိသွားလို့ ဟိုလူကြီးကိုခင်အောင်ကြူကို စောင့်ကြည့်တဲ့သဘောနဲ့ အကြိုအပို့ လုပ်ခိုင်းထားတာ နင်လည်းအသိပဲ၊ ငါပြောခိုင်းတာသာ အလင်းကို ပြောလိုက်၊ အလင်း ကျောင်းပြန်တက်ရင် ငါနဲ့ကိုခင်အောင်ကြူကို တွဲပြီးတွေ့မှာပဲလေ၊ အဲဒါဆို သူ ငါနဲ့ပတ်သက်ပြီး ဘယ်လောက်နက်ရှိုင်းတယ်ဆိုတာ သိရမှာပဲ၊ သူ ငါ့ကို ဘယ်လိုသဘောထားမလဲပေါ့ဟာ၊ ဘာတွေလုပ်မလဲပေါ့၊ ငါ့ဘက်ကလည်း လောလောဆယ် မေမေ့စကားနားထောင်ပြီးသား၊ ယုံကြည်မှုတည်ဆောက်ပြီးသား ဖြစ်သွားတာပေါ့၊ ဒါပေမယ့် ဒီကိစ္စတွေ ဘယ်သူ့ကိုမှ မပြောဘူးလို့ နင်ငါ့ကို ကတိပေးရမယ်၊ ငါ့ဘဝအတွက် အရေးကြီးလို့ပါ သီတာရယ်နော်"

"အေးပါဟာ၊ ငါကတိပေးပါတယ်"

ကတိပေးရင်း သီတာလည်း သက်ပြင်းတွေ ချနေမိသည်။ အလင်းရောင်မှာ ခပ်ထူထူပိန်းပိန်းကောင်မျိုး မဟုတ်ပေမယ့် ခက်ဆစ်ကို နားလည်နိုင်ပါ့မလားဟု စိတ်ပူမိခဲ့သေး၏။ အခုတော့ အလင်းရောင်၏ သိမ်မွေ့သော ဖြားယောင်းမှုအောက်တွင် ခက်ဆစ်ချိုတစ်ယောက် စနစ်တကျ မျောပါသွားလေပြီ။

"ဟဲ့ . . သီတာ ဘာတွေစဉ်းစားနေတာလဲ"

ခက်ဆစ်ချို၏ ရုတ်တရက်ခေါ်သံကြောင့် သူမအတွေးလေးများ ပြတ်တောက်လို့သွား၏။ ခက်ဆစ်ချိုမှာ ရွှင်လန်းမြူးထူးနေသည်မို့ သီတာက ကြည့်မရစွာနှင့် . . .

"ဘာစဉ်းစားရမှာလဲ၊ မိန်းမနော် .ငါသိတယ် . . ဟွန်း"

ခက်ဆစ်က မျက်လုံးလေးထောင့်ကပ်ပြီး ရှက်ဝဲဝဲအသံလေးနှင့် ပြန်မေး၏။

"အောင်မာ . . နင်က ဘာသိတာလဲ"

"ငါ့ကိုများ နင်က လာလိမ့်ချင်သေးတယ် ဟုတ်လား၊ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ပြောတုန်းက အလင်းရောင်ဆီ စကားသွားပြောတဲ့ အစီအစဉ်မပါဘူး ဆော မိန်းမရဲ့"

"အပီး . . ဟုတ်တော့ဟုတ်ပါတယ်ဟာယ်၊ ဒါပေမယ့် အလင်းက ငါ့ကို တကယ်ချစ်ရှာတာဟ၊ သူခံစားနေရတာတွေကို သနားလို့"

ခက်ဆစ်မှာ သူမဘာသာပြောလိုက်ပြီးမှ မျက်နှာတစ်ခုလုံး ရှက်ငွေ့တွေနှင့် နီရဲနေတော့သည်။ သီတာလည်း ဝမ်းသာအားရနှင့်-

"ဟုတ်ပါပြီ . . ဟုတ်ပါပြီ၊ ဒါနဲ့ ရှင့်ဘက်ကရော ဘယ်လိုလဲ ပြောစမ်းပါဦး"

သီတာ့အမေးကြောင့် ခက်ဆစ်ချိုမှာ ဦးစွာခေါင်းကို ငုံ့ချပစ်လိုက်သည်။ နောက်မှ . . .

"အဟင်း . . ငါလည်း တကယ်ချစ်လို့ပေါ့ဟာ၊ ဟာ . . ရှက်လိုက်တာ"

"ဟွန်း . . ခုမှ ရှက်နေလိုက်တာ၊ အစကတော့ သူ့ဇာတ်သုမနိုင်ဘဲနဲ့၊ ကဲပြော ခုနှစ်ယောက်ပြေလည်ခဲ့ပြီပေါ့"

"ချက်ချင်းကြီးဆို ဈေးပေါ်သွားမှာပေါ့ သီတာရယ်၊ အဲဒါနဲ့ ဟိုလိုလို ဒီလိုလိုလုပ်ပြီး မနက်ဖြန်မနက်တွေ့ဖို့ ချိန်းထားတယ်"

ဈေးပေါ်သွားမယ်ဆိုပါလား။ မယ်မင်းကြီးမက ခုထိ အပြောကို မလျှော့သေးပေ။ ပြည်မှာတုန်းကတော့ သူပဲ အောက်ဈေးနဲ့ ထိုးပေးခဲ့ပြီး၊ အခုကျမှ ဈေးကိုင်ပြနေတာ အမြင်ကပ်စရာကောင်းလှသည်။ ဒီအချိန်မှာ ရောင်းသူဝယ်သူ အသံတူသွားကြပြီဆိုပေမယ့်လည်း ဟိုဆေးရိုးသည် သဘော်သီးက ရှိနေသေး၏။

"ဟဲ့ . . ခက်ဆစ်၊ နင်မနက်ဖြန်မနက် ကျောင်းလာရင် ဟိုလူကြီးပါလာမှာပေါ့၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ အဲဒါကြီးက တမှောင့်နော်"

"မနက်ဖြန် သူငယ်ချင်းမွေးနေ့ ဘုရားတက်မယ်ဆိုပြီး အိမ်ကစောစောထွက်လာခဲ့မယ်လေ၊ မေမေလည်း အခု ငါ့ကို ယုံနေပါပြီ





နောက်ကျနေရင် ဟိုလူကြီးက ဘေးမှာတွယ်ကပ်ပါလာဦးမယ်၊ ကျန်တဲ့အပိုင်းကိုတော့ အလင်းနဲ့တိုင်ပင်ပြီးမှ ဆက်ရှင်းတော့မယ်ဟာ၊ မကောင်းဘူးလား"

"ကောင်းပါ့တော် . . ကောင်းပါ့"

သီတာက အလွယ်တကူပဲ ထောက်ခံလိုက်မိသည်။ အလင်းရောင်ဆိုတာကလည်း ဉာဏ်များလွန်းလှသော သတ္တဝါမို့ သိပ်တော့ ပူစရာမရှိပေ။ ခက်ဆစ်မျက်နှာလေးမှာလည်း "အချစ်" ဆိုသည့် မျှော်လင့်ချက်တွေနှင့် လက်ပလို့နေလေ၏။

ဒီလိုနေ့မျိုးတွင် ယောကျ်ားလေးတစ်ယောက်အနေနှင့် စောစောကြိုရောက်နေဖို့လိုသည်ဆိုသော အတွေးကြောင့် အလင်းရောင်မှာ မနက်ရှစ်နာရီလောက်ထဲက Chemistry ကင်တင်းသို့ ရောက်ရှိနေခဲ့၏။ ဘဝ၌ ပထမဆုံးအကြိမ် ချစ်သူထံမှ အဖြေရမည့် လူငယ်လေးတစ်ဦးလို ရင်ခုန်စွာ စိတ်တွေဂဏာမငြိမ် ဖြစ်နေမိသည်။

မနက်အစောကြီး အဆောင်က ထွက်လာခဲ့၍ ခလုတ်နှင့် အပ်ချည်တို့ကိုပင် မခေါ်ဖြစ်ခဲ့။ ဒီကိစ္စမျိုးက အဖော်ခေါ်ရန်မလိုတော့ . . .။ ချစ်သူနှင့်တွေ့ဖို့ကိစ္စမှာ အဖော်ဆိုတာ အနှောင့်အယှက်ပင်မဟုတ်လား။

ကင်တင်းထဲသို့ ကျောင်းသူ၊ ကျောင်းသားတွေက တဖွဲဖွဲနှင့် ရောက်လာနေကြ၏။ စောစောချိန်းထားသော မရွှေခက်ဆစ်ကမူ ခုထိပေါ်မလာသေး။ ကော်ဖီသောက်တာလည်း နှစ်ခွက်ရှိပြီမို့ သူလည်း ရေနွေးကြမ်းပဲ ဖိသောက်နေမိသည်။ နောက်ထပ် နာရီဝက်လောက်မှ မရောက်လာခဲ့လျှင်တော့ အလင်းရောင်မှာ သေးထွက်ကျမည့်သဘောမှာ ရှိပါသည်။ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ငေးမျှော်ကြည့်လိုက်စဉ်မှာတော့ ကင်တင်းထဲသို့ လှမ်းကြွဝင်လာသော ခက်ဆစ်ချိုကို တွေ့လိုက်ရလေ၏။ ကြည်လင်ပြတ်သားသွားသော မြင်တွင်းထဲမှာ သူ၏



www.burmeseclassic.com

www.burmeseclassic.com



[illegible] အနားကို ဖြေးဖြေးချင်း တိုးဧရွ့ရောက်ရှိလာခဲ့သည်။

"ရောက်နေတာ ကြာပြီလား"

ရှေ့ကခုံမှာဝင်ထိုင်ရင်း ခက်ဆစ်က ခပ်တိုးတိုး မေးလိုက်သည်။ အလင်းရောင်က ပြန်မဖြေဖြစ်သေးဘဲ ခက်ဆစ်ကို ငေးမောနေမိသေး၏။ ခက်ဆစ်ချိုလည်း အနေရခက်စွာ ရှိုးတိုးရှန့်တန့် ဖြစ်သွားပုံရသည်။

"ဟဲ့ . . အလင်း ငါမေးတာ မကြားဘူးလား"

အခုမှ အလင်းရောင်မှာ သတိပြန်ဝင်လာပြီး . . .

"အင်း . . ကြားပါတယ်၊ ဒါနဲ့ ခက်ဆစ် . . နင် နင် . . တကယ်လာတယ်နော်"

"ငါက နောက်ပုံမလား အလင်းရာ"

"မသိဘူးလေ၊ ငါမှာ စောင့်သာစောင့်နေရတာ၊ နင်မလာခဲ့ရင် ငါက ဘာမှတတ်နိုင်တာမှမဟုတ်ပဲ ခက်ဆစ်ရယ်"

အလင်းရောင်စကားကြောင့် ခက်ဆစ်ရင်ထဲမှာ ဆို့နင့်လို့သွား၏။

"နင် . . ငါ့ကို စိတ်ဆိုးနေလားဟင် . . အလင်း"

"မဆိုးပါဘူးဟာ၊ ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"

ပြောလိုက်မှပဲ အလင်းရောင်ကို ပိုပြီးသနားသွားမိသည်။ သူ့အချစ်ကို အထင်လွဲမိခဲ့သည့် ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်လို့ မဆုံးတော့ . . .။

"ငါ့ရဲ့အပြုအမူတွေအတွက် နင့်ကို တောင်းပန်ပါတယ်ဟာ တကယ်တော့ . . ငါက . . ."

ခက်ဆစ်ချိုသည် သူမဘာကြောင့် ဒီလိုလုပ်ရသည်ကို အလင်းရောင်အား ပြောပြလိုက်ပါတော့သည်။ အလင်းရောင်လည်း နားထောင်နေရင်းမှ သူမ၏စိတ်ကို အံ့ဩနေမိ၏။ မည်သို့ပင်ဖြစ်စေ ဒီပွဲမှာ သူ့အချစ်က သူမအပေါ် အနိုင်ရခဲ့လေပြီ။





ခက်ဆစ်စကားအဆုံးတွင် အလင်းရောင်က . . .

"ဩော် . . ဒီကိစ္စမှာ သီတာကလည်း အလိုတူအလိုပါပေါ့ ဟုတ်လား"

"သီတာက ငါခိုင်းလို့လုပ်ရတာပါဟာ၊ သီတာကို စိတ်မဆိုးပါနဲ့"

"မဆိုးပါဘူး၊ ငါကလည်း ဥစ္စာမှန်လို့ ပြန်ရတယ်လို့ပဲ သဘောထားပါတယ် . . အဟဲ ဟဲ"

"နင်ကတော့ လုပ်ပြီ"

ရှက်ပြုံးလေးနှင့် ခက်ဆစ်က ပြော၏။ သူတို့နှလုံးသားတွေလည်း မနက်ခင်းနှင့်အပြိုင် ကြည်နူးချမ်းမြေ့လျက် ရှိကြပါသည်။ အလင်းရောင်က မှုန်ကုတ်ကုတ်လေးနှင့် သူမကို စိုးရိမ်ပူပန်စွာ ပြောလိုက်၏။

"ခက်ဆစ် . . ဒီတစ်ခါတော့ နင်ငါ့ကို ချစ်တယ်ဆိုတာ သေချာလောက်ပါတယ်နော်"

"ငါ . . နင့်ကိုချစ်ပါတယ် အလင်းရယ်၊ ကျေနပ်ပြီလား"

ဒီတော့မှ အလင်းရောင်မှာ ပြုံးဖြီးဖြီးလေး ဖြစ်သွားပါသည်။ နှင်းဆီတစ်ခင်းပွင့်သွားသော ချစ်သူပါးပြင်လေးကိုငေးရင်း အလင်းရောင်တစ်ယောက် အသက်ရှူဖို့ပင် မေ့လျော့နေမိ၏။ ငုတ်တုတ်မေ့တယ်ဆိုတာ ဒါမျိုးပဲဖြစ်ရမည်။

အတန်ကြာမှ ခက်ဆစ်က တစ်စုံတစ်ရာကို သတိရသွားပုံဖြင့် . . .

"အလင်း . . နင့်ကိုငါ ပြောစရာရှိသေးတယ်၊ ပြည်မှာတုန်းက ဖြစ်တဲ့ကိစ္စကြောင့် မေမေက ငါ့ကို ဟိုလူကြီးနဲ့ စေ့စပ်ပေးဖို့ စီစဉ်ချင်နေတာဟ၊ ငါလည်း သမီးလွတ်လွတ်လပ်လပ်ပဲ ကျောင်းတက်ချင်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ နင်နဲ့လည်း လုံးဝမဆက်သွယ်ပါဘူးဆိုပြီး ဂတိပေးထားရတယ် . . သိလား"

"ဒါဖြင့် . . ."

"ဟုတ်တယ် . . အလင်း၊ ငါတို့နှစ်ယောက်လုံး သတိထားပြီး နေမှ ဖြစ်လိမ့်မယ်၊ ဒီမနက်တောင် မေမေ့ကို သူငယ်ချင်းမွေးနေ့ ဘုရားသွားမယ်လို့ ညာပြီးထွက်လာခဲ့တာ၊ နေ့တိုင်းက ညာဖို့မလွယ်ဘူးလေ"

အလင်းရောင်ရင်ထဲမှာ လေးလံတင်းကျပ်လို့သွား၏။ သူတို့ချင်း ပြေလည်နေတော့လည်း ပြဿနာက နောက်ထပ်တစ်မျိုး ဖြစ်လာပြန်သည်။ သူက ခက်ဆစ်ချိုကို မေးလိုက်၏။

"ခက်ဆစ် . . ဟိုလူကြီးက နေ့တိုင်းလာပို့လာကြို လုပ်နေမှာလား"

"ဟုတ်တယ်"

"ဟာကွာ၊ ဒီလူကလည်း ကိုယ့်ထမင်းကိုယ်စားပြီး သူများရည်းစားကို လိုက်နှယ်နေတယ်"

"အလင်းကလည်းကွာ၊ နေ့လည်ပိုင်းတွေ ကျောင်းမှာတွေ့လို့ရတာပဲဟာကို . . ."

"အေးပါ . . နောက်နေ့မှ နင့်ကို နေ့လယ်ပိုင်း ကန်ပေါင်ပေါ်ခေါ်သွားပြီး . . ."

"အလင်းနော်"

"ဩော် . . နင့်ကို မုန့်တီတိုက်မလို့ပါ . . ဟဲ ဟဲ ဟဲ"

စပ်ဖြဲဖြဲလေးဖြစ်နေသော အလင်းရောင်ကို ခက်ဆစ်ချိုက မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်ပါသည်။ ပြီးတော့ သူတို့ပြိုင်တူ ရယ်မောမိသွားကြ၏။ လေးလံလှသော ဖိအားများကြားတွင် အခုလို ပျော်ပျော်ပါးပါး ရယ်မောနေနိုင်သေးသည်မှာ သူတို့တစ်ယောက်အပေါ် တစ်ယောက်ထားရှိသည့် အပြန်အလှန် ယုံကြည်မှုကြောင့် ဖြစ်နိုင်ပါ





သည်။ ခက်ခဲမှုတွေနှင့် ဖွဲ့စည်းထားသော မနက်ဖြန်များစွာ၌ ချစ်ခြင်းအားဖြင့် ရှင်သန်နေထိုင်ရန် သူတို့နှစ်ဦးစလုံး စိတ်လှုပ်ရှားလို့ နေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

Chemistry ကင်တင်းထဲရှိ အလင်းရောင်တို့ဝိုင်းလေးမှာ ရယ်သံများဖြင့် စည်ဝေစိုပြေနေပါသည်။ ခက်ဆစ်ချိုဆိုသည့် လှတပတ ကောင်မလေးကလည်း ခင်အောင်ကြူပြန်သွားသည်နှင့် အတန်းထဲမှ ကင်တင်းဆီကို ချက်ချင်းရောက်လာတော့၏။ ချစ်သူတွေဆိုတော့လည်း တစ်ရက်မတွေ့ရရင် တစ်ရက်ဆိုသလောက် နေမထိထိုင်မသာ ဖြစ်ကုန်ကြသည်။ စားရင်းသောက်ရင်းမှ ခက်ဆစ်ချိုက သူ့ကို ရုတ်တရက် လှမ်းပြောလိုက်ပါ၏။

"ဟဲ့ . . အလင်း၊ နင့်ကို ပြောရဦးမယ်၊ ခုတလော ငါ့ကို ဟိုလူကြီးလာပို့ရင် ပို့ပြီးတော့ အကဲခတ်လာတယ် သိလား ကျောင်းထဲ ရောက်ရင် ဟိုကြည့်ဒီကြည့်နဲ့ . . ."

"ဟော . . ဟုတ်လား တစ်ခုခုတော့ တစ်ခုခုပဲ"

အလင်းရောင်၏စကားကို သီတာက ဝင်၍ . . .





"တစ်ခုခုလုပ်မနေနဲ့၊ ခက်ဆစ် . . အဲဒါ နင်လည်းလိုတယ်၊ နင်က ခုနောက်ပိုင်း ကိုခင်အောင်ကြူလိုက်ပို့ရင် မျက်နှာက စူပုတ်နေတာကိုးဟ၊ နည်းနည်းပါးပါးတော့ ဟန်ဆောင်ပန်ဆောင်လေး နေဦးမှပေါ့"

ထိုအခါ ခက်ဆစ်ချိုက နှုတ်ခမ်းလေးမဲ့ကာ မကျေမနပ်နှင့် ပြန်ပြော၏။

"ဩော် . . ငါက သူနဲ့တွဲလာရတာကို ပျော်မြူးနေရမှာလား"

သူမက ခပ်ရွဲ့ရွဲ့လေး ပြန်ပြောလိုက်သဖြင့် သီတာက . . .

"ဟဲ့ . . ငါက အကောင်းပြောတာ၊ ခက်ဆစ် . . နင်အရင်က အလင်းရှေ့မှာ သူနဲ့တွဲလာရင် ပျော်သလိုလုပ်ပြခဲ့ဖူးတာကိုး၊ ခုပုံစံပြောင်းနေတော့ သူ့စိတ်ထဲလည်း တစ်မျိုးမြင်မှာပေါ့ဟ"

"အဲဒါတော့ သီတာပြောတာ မှန်တယ်၊ ခက်ဆစ် . . နင် သတိတော့ထားရလိမ့်မယ်"

အလင်းရောင်၏ စကားဆုံးတော့ နားထောင်နေသည့် ခလုတ်ကပါ ဝင်ပြောပြန်၏။

"ပြီးတော့ . . မင်းလည်း သတိထားဦး၊ မနက်မနက်ကို ခက်ဆစ်တို့အတန်းရှေ့က သွားသွားမစောင့်နဲ့တော့၊ မနက်ကလည်း ခက်ဆစ်မင်းကို လှမ်းကြည့်နေတာ ဟိုဘဲကြီးမြင်သွားပုံရတယ်၊ သူ့မျက်နှာက တစ်မျိုးဖြစ်သွားတယ်"

အခု ခလုတ်ပြောတာကိုတော့ သူရော၊ ခက်ဆစ်ပါ အလေးအနက်ထားဖို့လိုသည်။ အခြေအနေက ကိုယ့်ဘက်မှာ အပိုင်ရှိသေးသည်မဟုတ်။ တော်ကြာ မလိုအပ်ဘဲ ပြဿနာတွေ တက်လာလျှင် အားလုံးခက်ကုန်လိမ့်မည်။ အလင်းရောင်က သူငယ်ချင်းတွေကို ဝေ့ကြည့်ပြီး . . .

"အေးပါကွာ၊ ငါလည်း သတိထားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတစ်ခုပြောဦးမယ်ကွ၊ ဒီဘဲကြီးက နေ့လည်ဘက် ကျောင်းမှာစွဲမယ့် ကျောင်းသားတစ်ယောက်ယောက်ကို စည်းရုံးပြီး ခက်ဆစ်တို့ စောင့်ကြည့်ခိုင်းထားရင်ကော၊ မင်းတို့ အဲဒါကို စဉ်းစားမိကြရဲ့လား"

အမြဲပေါက်ကရပြောနေတတ်သော အပ်ချည်ကလည်း ထိုသို့ တွေးတွေးဆဆ ပြောလိုက်၏။ တစ်ဝိုင်းလုံး ငြိမ်သက်သွားပြီး အလင်းရောင်မှာ ကျောမလုံစွာ နောက်သို့တစ်ချက် လှည့်ကြည့်မိသေးသည်။ ခက်ဆစ်ချိုလည်း မျက်နှာလေးငယ်သွားရှာသည်။ ဒီကိစ္စသာ မေမေတို့ သိသွားရင် သူမတို့ ပိုပြီးတင်းကျပ်လာတော့မည် မဟုတ်ပါလား။

"အေးဟာ . . မေမေကလည်း ဟိုလူကြီး သဘောပြန်မတက်ခင် စေ့စပ်ပေးချင်နေတာ၊ ငါနဲ့ အလင်းရဲ့အကြောင်းကိုသာ တွေ့သွားလို့ကတော့ ဟိုလူကြီးက မေမေ့ကို အတင်းအကျပ်ပြောမှာ သေချာတယ်၊ မေမေကလည်း ဘာတွေများသဘောကျနေလဲ မသိပါဘူး"

ခက်ဆစ်အပြောကတော့ ရင်လေးစရာပင်။ အလင်းရောင်လည်း ခက်ဆစ်ချိုကို အလေးအနက် မေးကြည့်မိသည်။

"ကဲ . . အကြောင်းကြောင်းကြောင့်ပေါ့လေ၊ နင့်ကို အဲဒီလို အတင်းအကျပ်စီစဉ်လာရင် နင်ဘယ်လိုဆုံးဖြတ်မှာလဲ"

ခက်ဆစ်က စဉ်းစားထားပြီးသားပုံစံနှင့် . . .

"အဲဒါက နင်ဆုံးဖြတ်ရမှာလေ အလင်းရဲ့"

ပြောပြီး ခက်ဆစ်ချိုမှာ ခေါင်းလေးငုံ့ချသွား၏။ ဒီလောက်ဆိုရင် အလင်းရောင် ကောင်းကောင်းသဘောပေါက်လိုက်ပါသည်။ သူ့ရင်ထဲမှာလည်း အတိုင်းမသိ ပျော်ရွှင်သွားတော့သည်။

"OK . . OK . . ပေါက်ပြီ၊ ဖေဖေကတော့ ငါ့ကို မှာလိုက်တယ်၊ သဘောမတူရင် ကောင်မလေးကို ခိုးသာခိုးလာခဲ့တဲ့ . . ."

"အာ . . အလင်းကလည်း . . ."

"ဘာလဲ . . နင်က မလိုက်ဘူးလား"





"အင်း . . လိုက်တော့လိုက်ချင်သားဟ . . ဟီးဟီး . . ."

ခက်ဆစ်ချိုတစ်ယောက် တော်တော်လေး အချိန်ယူပြီး ခက်ခက်ခဲခဲ ဆုံးဖြတ်လိုက်ရဟန်တူသည်။ သူမက အရယ်တစ်ဝက်နှင့် မဆိုင်းမတွ ပင် အဖြေပေးလာ၏။ ခက်ဆစ်၏ ဒီလိုပွင့်ပွင့်လင်းလင်း ရှိပုံလေးကို အလင်းရောင်က ပိုချစ်ရပြန်သည်။

"ခက်ဆစ် . . ငါတစ်ခါတည်း အသေအချာမှာထားမယ်နော်၊ အကြောင်းတစ်ခုခုဆိုရင် ဘာမှစဉ်းစားမနေနဲ့ သိလား၊ ယောက်မပြင်းစီးပြီးသာ ထွက်လာခဲ့ . . သိလား . . ဟဲဟဲ"

နောက်သလိုလိုနှင့် ပြောလိုက်သောကြောင့် သူ့ကို ခက်ဆစ်ချိုက မျက်စောင်းထိုးလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် လိုအပ်လာလျှင် စွန့်စားဖို့ အဆင်သင့်ဖြစ်အောင် သူမသတ္တိမွေးရပါဦးမည်။ လောလောဆယ်တော့ သူတို့မှာ ကိုယ့်အစီအစဉ်နှင့်ကိုယ် ပျော်ရွှင်နေကြသေး၏။ သူတို့အုပ်စုအား အထူးသဖြင့် အလင်းရောင်နှင့် ခက်ဆစ်တို့ကို သံသယများဖြင့် လိုက်လံစောင့်ကြည့်နေသော လူတစ်ယောက်ရှိနေခဲ့သည်ဆိုလျှင် အလင်းရောင်တစ်ယောက် ဘာဆက်လုပ်မည်လဲ။ တစ်ဖက်မှ ကိုခင်အောင်ကြူက အားလုံးသိသွားပြီးဖြစ်သော်လည်း ဘာမှမသိသေးသော အလင်းရောင်ကတော့ ခက်ဆစ်ချို၏ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ ကြည်နူးလျှက်ရှိပါသည်။

ကံတရားသည် ဘယ်သူ့ကိုမှ စောင့်ပေးလေ့မရှိသည်မှာ ကမ္ဘာဦးအစကထဲကပင် ဖြစ်လေသည်။

* * * *

အံကို တင်းတင်းကြိတ်၍ ခင်အောင်ကြူသည် ကျောင်းဝင်း ထဲ ကားမောင်းထွက်လာခဲ့ပါ၏။ ကြားခဲ့ရသော သတင်းနှင့် မြင်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သော မြင်ကွင်းတွေက သူ့ကိုသွေးပျက်စေခဲ့ပြီ။ ဘာဆက်လုပ်ရမှန်းလည်း မသိတော့။ ခက်ဆစ်ချို၏ မျက်နှာပေါ်က အရိပ်အကဲများကို ဖမ်းလို့မရအောင်ပင် နှလုံးသားရေးရာမှာ သူက ဆင်းရဲချို့တဲ့လွန်းခဲ့သည်။ သူ့ဘဝတွင် ငွေသာအဓိက။ အချစ်ဆိုတာ ဘာမှန်းမသိခဲ့ . .။ အခု "အချစ်" ကို သိရသည်နှင့် ဆုံးရှုံးရတော့မည်လား။ ခက်ဆစ်ချိုကို သူလက်လွှတ်မခံနိုင်ပါ။ သူမထံတွင် သူတစ်သက်လုံး စွဲလန်းတပ်မက်နေစေလောက်သည့် အလှတရားတွေရှိ၏။ ခက်ဆစ်နှင့်ပေါင်းရလျှင် သူ့ဘဝမှာ ပြီးပြည့်စုံပြီဟုပင် ထင်မိသည်။ ဒီအခြေအနေကျမှတော့ ဖြစ်သည့်နည်းနှင့် သူရှေ့ဆက်ရန် ကြိုးစားရပေတော့မည်။

တစ်ခါတုန်းက ပြည်ကိုလိုက်ပို့ခိုင်းသည့် ကိစ္စနှင့်ပတ်သက်၍ ခက်ဆစ်၏အမေက သူ့အားစိတ်မပူဖို့ ပြောခဲ့သည်။ ခက်ဆစ်မှာ ချစ်သူမရှိသေးကြောင်း၊ သူမအနေနှင့် လွတ်လွတ်လပ်လပ် ကျောင်းဆက်တက်ချင်သေးကြောင်း . . ဆိုလာ၍ စေ့စပ်မည့်ကိစ္စကို သူ့ဖက်က ရွှေ့ပေးခဲ့ခြင်းဖြစ်သည်။ အခုတော့ အစီအစဉ်ကို ပြောင်းရန်လိုလာပြီ။ ဟိုကောင်လေးနှင့် ခက်ဆစ်တို့အကြောင်းကို သူမအမေအား ပြောပြကာ အမြန်ဆုံးစီစဉ်ခိုင်းရတော့မည်။ သူ့အနေနှင့် ထပ်ပြီးနောက်မကျအောင် အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ဆွဲနေမိသည်။ မနက်ဖြန် နေ့လည်ပိုင်းလောက် မေမေ့ကိုပါ အသိပေးပြီး ခက်ဆစ်တို့ အမေဆီ တစ်ခါထဲ သွားလိုက်မည်ဟု သူက ဆုံးဖြတ်ချက်ချလိုက်၏။

ကားမောင်းရင်း သူ့အတွေးတွေက ခက်ဆစ်တို့စုံတွဲဆီ ရောက်သွားပြန်သည်။ အင်း . . ဒီကောင်နဲ့ထိုင်နေရင် ခက်ဆစ်ပန်းကိုများ ဖတ်ထားမှာလား။ ဒါမှမဟုတ် လက်ချင်းတွဲပြီး လမ်းလျှောက်နေမလား။ တော်ကြာနေ ခြေသွက် လက်သွက်ကောင်မျိုးဆိုရင် ဒုက္ခ။ ကန့်ပေါင်တွေဘာတွေ ခေါ်သွားပြီး နှစ်ယောက်ထဲ ဟာ . . .။ ခင်အောင်ကြူ၏ မျက်စိထဲတွင် လူလည်လိုလို၊ ပေသီးလိုလိုနှင့် ခက်ဆစ်





ဘေးမှကောင်ပုံစံကို စိတ်တိုလာကာ ကားဟွန်းကို ဖိ၍တီးပစ်လိုက်မိသည်။

"ကဲကွာ . . ."

"တီ . . ."

"ရှီ! . . ."

ကားဟွန်းသံထွက်လာသည်နှင့် မရှေးမနှောင်းမှာ ယာဉ်ထိန်းရဲ၏ ဝီစီသံကလည်း လိုက်ထွက်လာတော့သည်။ အသံကြောင့် ဖားသေဆိုတာမျိုးပဲ ဖြစ်မည်။ ခင်အောင်ကြူမှာ စိတ်ရှုပ်စွာနှင့် ကားကို ရပ်ပေးလိုက်၏။

ယာဉ်ထိန်းရဲက ကားထဲမှ သူ့ကိုလှမ်းကြည့်ကာ . . .

"ကဲ . . ဆရာ၊ ဒါ ဟွန်းမတီးရနယ်မြေဆိုတာကိုတော့ သိမှာပေါ့"

"မသိဘူးကွာ၊ ဒီမှာ စိတ်တိုနေတယ်"

"ဗျာ . . ကျွန်တော့်ကို စိတ်တိုတာလား"

ယာဉ်ထိန်းရဲက ခပ်တည်တည်နှင့် ပြန်မေး၏။ ဆက်ပြောနေလျှင် ဝတ္တရားနှောင့်ယှက်မှုပါ ထပ်တိုးလာမှာစိုး၍ ခင်အောင်ကြူလည်း ပြာပြာသလဲဖြင့် ရှင်းပြရတော့သည်။

"ဟာ . . မဟုတ်ပါဘူး . . မဟုတ်ပါဘူးဗျာ၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့် စိတ်တိုနေလို့ပါ၊ ဆောရီးနော်"

"ဒါဆိုလည်း လိုင်စင်လေး ခဏပေးပါ"

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

ခင်အောင်ကြူခမျာမှာတော့ လိုင်စင်ကိုထုတ်ပေးရင်း ခက်ဆစ်ဘေးမှ သတ္တဝါအား စိတ်ထဲက ကျိန်ဆဲနေမိ၏။ ထိုအချိန်၌ ခက်ဆစ်တို့အတွဲ ကန်ပေါင်ပေါ် တကယ်ရောက်နေမှန်းသာသိပါက ခင်အောင်ကြူတစ်ယောက် ကားကို ကန်တော်ကြီးထဲ မောင်းချ၍ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်သေကောင်း သတ်သေသွားနိုင်ပါသည်။ လောလောဆယ်တော့ ကိုယ့်မိုက်ပြစ်နှင့်ကိုယ်မို့ (၅၁) လမ်း မော်တော်ပီကယ်ရုံးသို့ ဒက်ငွေ သွားဆောင်ရပေဦးမည်။ ဒေါသ၏ အကျိုးဆက်ပင်တကား . . .။

* * * *



## (၁၉)

ဒီနေ့တော့ ကျောင်းဆင်းသည်နှင့် ခက်ဆစ်ချိုလည်း အိမ်ကို တန်းပြန်လာခဲ့သည်။ ခြံထဲအဝင်၌ပင် သူမမျက်လုံးကလေးများဝိုင်း သွားအောင် အံ့ဩလိုက်ရ၏။ အိမ်ရှေ့ပေါ်တီကိုအောက် ခင်အောင်ကြူ ၏ကား ရပ်ထားတာကို တွေ့ရသောကြောင့် ဖြစ်သည်။ သူမကို လာကြို တာမတွေ့၍များ အိမ်သို့လာပြောလေသလား။ ဒီလူ တဆိတ်တော့ ိုလွန်းပြီဟုတွေးရင်း စိတ်ထဲမှာလည်း အတော်ကျဉ်းကျပ်သွားမိ၏။ ရှေ့လျှောက် ကိုခင်အောင်ကြူနှင့် ဆက်ဆံရမှာ ရင်လေးစရာကောင်း လှသည်။

အိမ်ထဲသို့ လှမ်းဝင်ဖို့ပြင်လိုက်စဉ်မှာပဲ ဧည့်ခန်းဆီမှ စကား သံများကြောင့် ခက်ဆစ်ချို၏ခြေလှမ်းတွေ ရပ်တန့်သွားရသည်။ သူမ သည်း ချက်ချင်းအိမ်ထဲကို မဝင်သေးဘဲ အသာလေးနားစွင့်နေလိုက်၏။

"ကျွန်တော် တကယ်ပြောတာပါ အန်တီ၊ အစကတော့ မသေ

www.burmeseclassic.com



နားသွဲ့ မပြောသေးတာပါ၊ ဒီနေ့လည်း ခက်ဆစ်ကျောင်းမတက်သ
အဲဒီကောင်နဲ့ ကန်ပေါင်ပေါ်မှာရှိတယ်ဆိုတာ ကျွန်တော်အတိအလ
သိထားပါတယ်"

ဘုရား . . ဘုရား . . ။ ကြားလိုက်ရသည့် စကားများကြောင့်
ခက်ဆစ်ချိုမှာ မျက်လုံးတွေ ပြာဝေသွားတော့သည်။ ဒါဖြင့် ဒီလူက
သူတို့အကြောင်းတွေ အကုန်သိနေတာပေါ့။ သူမတစ်ယောက် တုန်လှုပ်
ခြောက်ခြားစွာ တွေးမိလိုက်သည်။ ခဏာတိတ်ဆိတ်နေရာမှ မေမေ့
စကားသံတို့က ထွက်ပေါ်လာပြန်၏။

"ဒီကလေးမနဲ့တော့ ဒုက္ခပါပဲကွယ်၊ အို . . ဘာပဲဖြစ်ဖြစ်
အန်တီတော့ လုံးဝသဘောမတူနိုင်ဘူး၊ ရအောင်ခွဲပစ်မယ်၊ လာပါဦး
. . ဒင်း . . . "

မေမေ့စကားများက သူမရင်ထဲမှာ အင်အားတို့ကို ဆွဲနှုတ်
လိုက်သလိုမျိုး တစ်ကိုယ်လုံးနုံးခွေသွားမတတ် ခံစားလိုက်ရသည်။ ထို
ကဲ့သို့ သူမခံစားနေရသလောက် ခင်အောင်ကြူကတော့ အားရကျေနပ်
နေမည် ထင်ပါသည်။ သို့သော်လည်း ခင်အောင်ကြူ ထပ်မံပြောလိုက်
သောစကားကြောင့် ခက်ဆစ်ချိုမှာ တော်တော်လေး အံ့ဩသွားမိ၏။

"ကျွန်တော် တစ်ခုလောက်ပြောပါရစေ . . အန်တီ၊ သူတို့ကို
အန်တီဘာမှ စိတ်လိုက်မာန်ပါ သွားမလုပ်ပါနဲ့၊ ခက်ဆစ်ကိုလည်း မမေး
ပါနဲ့၊ အန်တီမသိသလိုသာ နေပေးလိုက်ပါ၊ သိပ်တင်းကျပ်ထားရင်
လူငယ်တွေဆိုတာက မိုက်ရူးရဲဆန်တတ်ကြတာ များတယ်၊ အမှား
အယွင်းတွေ ဖြစ်ကုန်မှာစိုးလို့ပါ၊ ကျွန်တော်လည်း မသိသလိုနေ . . အဲ
ပြောချင်တာတစ်ခုကတော့ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် အန်တီဘ
ကျွန်တော့်ဘက်မှာ ရှိနေပေးဖို့ပါပဲ၊ ကျွန်တော့်မေမေကိုလည်း ပြောပြ
ထားပြီးပါပြီ"

"အေးပါကွယ်၊ မင်းရဲ့သဘောပါပဲ အန်တီစိတ်နဲ့ဆိုရင်တော့





စေ့စပ်တာမဟုတ်ဘူး၊ ရက်ရွေးပြီး တစ်ခါတည်း လက်ထပ်ပေးလိုက်ပြီး
မင်းကြိုက်သလို လုပ်ပါကွယ်၊ မင်းညီမကို မင်းလက်ထဲအပ်ပါတယ်"

"ဟုတ်ကဲ့ . . ကျေးဇူးပါပဲ အန်တီ"

"ကဲ . . အအေးလေး သောက်လိုက်ပါဦး"

သူမမှာ အိမ်ထဲသို့ မဝင်ရဲသေးဘဲ ပင့်သက်ရှည်ကြီးကို မှုတ်
ထုတ်ရပြန်သည်။ သူမ၏ ဆန္ဒမပါသော မေမေ့အစီအစဉ်ကိုတော့
ရင်နာနာနှင့်သိရပြီ။ ဘာဆက်လုပ်ရမည်နည်း၊ လောလောဆယ်မှာ
တော့ အချိန်ဆွဲပေးသော ခင်အောင်ကြူကိုပဲ ကျေးဇူးတင်ရမလို ဖြစ်နေ
လေသည်။ သူကသာ အတင်းအကျပ်ပြောရင် မေမေက အခုချက်ချင်း
ထစီစဉ်ပစ်လိုက်မှာ သေချာလှသည်။ နဂိုထဲကမှ သူမကို မေမေက
သိပ်ယုံကြည်မှုရှိသည်မဟုတ်။ အခုတော့ ကိုခင်အောင်ကြူက သူ့ဘာ
သာသူ ကြိုးစားပြီးတားမည်တဲ့။ ဘယ်လိုကြိုးစားပြီးတားမှာလဲ။ လူကြီး
လူကောင်းဆန်ဆန် တားမြစ်မှာလား။ မည်သို့ပင်ဖြစ်စေ သူမရင်ထဲမှာ
အလင်းရောင်တစ်ယောက်ကလွဲ၍ ဘယ်သူမှမရှိချေ။ ကိုခင်အောင်ကြူ
က အေးအေးဆေးဆေး ပြောလာလျှင်လည်း သူမက အားနာနာနှင့်
ငြင်းရရုံသာရှိလိမ့်မည်။ ဘာပဲဖြစ်ဖြစ် အခုချိန်မှာ ကိုခင်အောင်ကြူ
ကြောင့် သူမအသက်ရှူချောင်သွားတာတော့ အမှန်ပဲဖြစ်သည်။

ခက်ဆစ်ချိုလည်း အသက်ကိုဝအောင်ရှူလိုက်ပြီး အိမ်ထဲသို့
အသံပေးကာ ဝင်လာခဲ့၏။

"မေမေရေ . . သမီးပြန်လာပြီ"

စိတ်ညစ်သံမပါစေရန် ဂရုစိုက်၍ ပေါ့ပေါ့ပါးပါးနှင့် အိမ်ထဲ
ကို အပြေးလေးဝင်လာခဲ့ရာ ဧည့်ခန်းထဲမှာ ခင်အောင်ကြူကို မထင်
မှတ်ဘဲ တွေ့လိုက်ရလေဟန်ဖြင့် . . .

"ဟယ် . . ကိုခင်အောင်ကြူကြီးပါလား ဒီနေ့လေ သူငယ်ချင်း
တစ်ယောက်ရဲ့အိမ်ကို လိုက်လည်နေလို့ ကိုခင်အောင်ကြူကို မစောင့်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘာ၊ အားနာစရာကောင်းလိုက်တာ၊ တကယ်ပဲ . . ဆောရီးနော်"

ခက်ဆစ်ချို ဦးစွာတောင်းပန်လိုက်သောကြောင့် ခင်အောင်ကြူမှာ လိပ်ပြာမလုံစွာ မနေတတ်မထိုင်တတ် ဖြစ်သွားရှာတော့၏။

"ဟာ . . ရပါတယ်၊ ကိုယ်လည်း ဒီနေ့ ကျောင်းကိုရောက်တာ နောက်ကျသွားတယ်လေ၊ အဲဒါ ခက်ဆစ်ကို တောင်းပန်ရအောင်ဆိုပြီး အိမ်ကိုလိုက်လာခဲ့တာ"

အောင်မယ် . . တော်တော်ဟန်ဆောင်ကောင်းပါလား၊ ခက်ဆစ်ချိုစိတ်ထဲမှာ ထိုသို့မှတ်ချက်ချလိုက်သော်လည်း ပါးစပ်ကတော့ အပြုံးလေးပဲ ပြောလိုက်ပါသည်။

"ဒါဆိုလည်း ကျေပြီပေါ့၊ ကိုခင်အောင်ကြူကြီး အအေးသောက်လိုက်ဦးနော်၊ ကျွန်မ အဝတ်အစားသွားလဲလိုက်ဦးမယ်"

ပြောရင်း သူမက အိပ်ခန်းထဲသို့ ပြေးဝင်သွားလိုက်၏။ ခပ်စူးစူးကြည့်နေသည့် မေမေ့မျက်ဝန်းတွေကိုတော့ သူမလည်း မသိချင်ယောင်ဆောင်ထားလိုက်ပါ၏။ မေမေကတော့ သူမကို ဘာမှပြောဦးမည်မဟုတ်တာ သေချာလှသည်။ အခုလောလောဆယ်တွင် သူမတို့ဖာတ်လမ်းအား သိရှိထားသော ခင်အောင်ကြူ၏ ခြေလှမ်းတွေကို ပြန်စောင့်ကြည့်ရပေဦးမည်။ ခက်ဆစ်ချိုမှာ ကုတင်ပေါ်သို့ပစ်လှဲရင်း အလင်းရောင်ကို တမ်းတလိုက်မိသည်။ မနက်ဖြန်ကျရင်တော့ ဒီကိစ္စကို အလင်းရောင်နှင့် တိုင်ပင်မှပဲဟု သူမတွေးနေစဉ်မှာပဲ ကိုခင်အောင်ကြူ ပြန်သွားသော ကားသံကို ကြားလိုက်ရပါသည်။

* * * *

နောက်နေ့မှာ ခက်ဆစ်ချိုက ပြောပြလိုက်တော့ သူငယ်ချင်းတွေအားလုံး အံ့အားသင့်နေကြသည်။ ခက်ဆစ်ချိုကိုယ်တိုင်လည်း





ကိုခင်အောင်ကြူကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရသေးသည် မဟုတ်ပါလား။ သီတာက ခက်ဆစ်ပြောပြပြီးသားကြီးကို ထပ်ကြော့၍မေးလိုက်၏။

"ဒါဆို သူက နင်နဲ့ အလင်းရောင်အကြောင်းကို သိရက်နဲ့ မသိချင်ယောင်ဆောင်နေတာပေါ့ ဟုတ်လား"

"အေး . . ."

"နင်ပြောတဲ့အတိုင်းဆိုရင် သူက ဘယ်လိုကြံစားမလဲ မသိဘူးနော်"

ခက်ဆစ်ချိုမှာ သက်ပြင်းချလိုက်ရင်း ခေါင်းကိုပဲခါရမ်းနေတော့သည်။ ပြီးမှ . . .

"မသိပါဘူးဟယ်၊ ဘယ်လိုပဲ ကြံစားကြံစား သူ့ကိုငါ စိတ်မဝင်စားပါဘူး၊ ဒါပေမယ့် စိတ်တော့ရှုပ်တယ်ဟာ"

တစ်ချိန်လုံး ငြိမ်ကာစဉ်းစားနေသော အလင်းရောင်က သူမကို မေးလာပြန်သည်။

"ဒါနဲ့ ခက်ဆစ်၊ အဲဒီလူကြီး နင့်အပေါ် ဆက်ဆံတာက ဘယ်လိုပုံစံမျိုးလဲ"

"နင်ပြောတာ ငါသိပ်နားမလည်ဘူး"

"ဒီလိုဟာ . . နင့်အမေက သူနဲ့သဘောတူထားတယ်ဆိုတော့ နင့်အပေါ်ကို သူပြောတာဆိုတာ ဆက်ဆံတာမှာ အခွင့်အရေးယူတာမျိုးတွေ ရှိလားလို့ပါ"

သူ့မေးခွန်းကို အားလုံးက စိတ်ဝင်စားသွားကြသည်။ ခက်ဆစ်ချိုက တစ်ချက်စဉ်းစားလိုက်ပြီး . . .

"အဲဒီလိုတော့လည်း မရှိပါဘူး၊ သူက ငါ့ကို ကောင်းကောင်းမွန်မွန် အကြိုအပို့ လုပ်ပေးနေတာပဲ၊ ဒါပေမယ့် သူ့ရှုပ်ထဲတွေက ငါ့ကို သဘောကျနေတယ်ဆိုတာတော့ သိသာတယ်၊ ဒါပေမယ့် သူက



www.burmeseclassic.com

www.burmeseclassic.com



ရှိသဲ့သဲ့တွေဘာတွေ လုံးဝမပြောဘူး၊ ငါကလည်း ခပ်တည်တည်နေ လာတိုး"

"ဒါဆို နင့်ကို တရားဝင်ပရိုပို့(စ်) မလုပ်ထားဘူးပေါ့"

ခလုတ်၏အမေးကို ခက်ဆစ်ချိုက ခေါင်းခါပြသည်။ နောက် သူမက . . .

"သူလည်း မေမေကိုယ်တိုင် သဘောတူထားတယ်ဆိုတော့ စိတ်ချနေမှာပေါ့"

"ဒါပေမယ့် အခု သူက နင်တို့အကြောင်း သိသွားပြီလေဟာ! အရင်လို စိတ်ချပါတော့မလား"

"အေး . . ဟုတ်တယ်၊ သူဘယ်လိုဆက်လုပ်မယ်ဆိုတာ စဉ်းစားစရာပဲ"

သီတာစကားဆုံးတော့ အလင်းရောင်က ခက်ဆစ်ချိုကို တစ်ချက်လှမ်းကြည့်သည်။ သူမက အလင်းရောင်ကို အေးအေးလေးပြုံးပြလိုက်ရင်း . . .

"အလင်း . . နင်ဘယ်လိုလုပ်ချင်လဲ"

ဒီစကားသည် ခက်ဆစ်က သူ့ကိုပေးလိုက်သော အခွင့်အရေးတစ်ရပ်ဆိုတာ အလင်းရောင် နားလည်သဘောပေါက်ပါသည်။ လက်ရှိအခြေအနေအရ သိပ်တွေဝေနေ၍ မဖြစ်မှန်းလည်း သူသိလိုက်၏။

"စာမေးပွဲက နီးလာပြီလေ၊ ဒီကြားထဲ ခက်ဆစ်အမေက အတင်းအကျပ် မစီစဉ်တာပဲ တော်သေးတယ်၊ လောလောဆယ်တော့ ခက်ဆစ်လည်း ဘာမှမသိသလိုဘဲ နေလိုက်ဦး၊ စာမေးပွဲပြီးရင် ငါတစ်ခုခုစီစဉ်ပါ့မယ်၊ နင်သာ ငါ့ဘက်မှာရှိရင် ငါဘာမှမကြောက်ဘူး ခက်ဆစ်ရယ် . . သိလား"

"စိတ်ချပါ အလင်းရယ်၊ ငါ့ဆုံးဖြတ်ချက်ကလည်း ဘယ်တော့မှပြောင်းမှာ မဟုတ်ပါဘူး၊ အဲဒါကို နင်ယုံပါ"





အလင်းရောင်လည်း ခက်ဆစ်ချိုကိုကြည့်၍ ခေါင်းညိတ်ပြလိုက်မိ၏။ ကျန်သူငယ်ချင်းများကလည်း အလင်းရောင်နှင့် ခက်ဆစ်ချိုတို့ ဆုံဆည်းစေလိုသော ဆန္ဒတွေရှိနေတာ သိသာလွန်းလှသည်။

မမြင်နိုင်သော မနက်ဖြန်များကိုတွေးပြီး သူတို့အားလုံး စိတ်မောနေကြလေသည်။

* * * *

www.burmeseclassic.com

## (၂၀)

အနေ့ချိန်တွေက တစ်ရက်တစ်ရက်နှင့် ကုန်လွန်လာခဲ့၏။ ဆောင်းသည် နှင်းဝတ်မှုန်များဖြင့် သူ့ရာသီ၏ နောက်ဆုံးချိန်များအထိ ချမ်းစိမ့်နေဆဲပင်ဖြစ်သည်။ လမ်းဘေးဝဲယာရှိ မြက်ဖျားပေါ်မှ နှင်းစက်များသည် နေရောင်ခြည်နှင့်အတူ စိုလက်နေကြသည်။ တစ်ဆောင်းကုန်လျှင် တစ်နွေသစ်ပြန်တော့မည်။ တရွေ့ရွေ့ဖြတ်သန်းလာသော နေ့ရက်တို့နှင့်အတူ စာမေးပွဲကလည်း နီးလာလေပြီ။

ခက်ဆစ်ချိုမှာ သူမတို့အကြောင်းကိုသိထားသော ခင်အောင်ကြူ တစ်ယောက် ဘာမှမလှုပ်ရှားသေးသဖြင့် အံ့သြနေမိသည်။ ခင်အောင်ကြူ ပုံစံကတော့ အရင်အတိုင်း သူမကို လာပို့လာကြို လုပ်ပေးသည်ကလွဲပြီး သိပ်ထူးခြားဟန်မပြချေ။ စာမေးပွဲပြီးတော့မှ ခက်ဆစ်ချို၏မေမေ့ကို အတင်းအကျပ် စီစဉ်ခိုင်းမည်လား။ ထိုသို့ဆိုလျှင်တော့ သူမဘက်က လည်း စွန့်စားရပေလိမ့်မည်။





စဉ်းစားရင်းနှင့် ခက်ဆစ်ချိုသည် ကားမောင်းနေသော ခင်အောင်ကြူမျက်နှာကို အကဲခတ်ကြည့်လိုက်မိသည်။ တည်ငြိမ်နေသည့် ခင်အောင်ကြူမျက်နှာပေါ်မှာ ဘာအရိပ်မှ ရှာမတွေ့ပါ။ သူ့အတွင်းစိတ်ကို ခန့်မှန်းရန် မလွယ်သော မျက်နှာမျိုးဟု ဆိုနိုင်လေသည်။ ထိုအခိုက် ခင်အောင်ကြူက ဆတ်ခနဲ လှည့်ကြည့်ပြီး . . .

"ခက်ဆစ် . . ကိုယ့်ကို ဘာပြောချင်လို့လဲ"

ရုတ်တရက်မို့ ခက်ဆစ်လည်း ကြောင်သွား၏။ ပါးနပ်လွန်းလှသော ခင်အောင်ကြူကိုလည်း လန့်သွားမိသည်။ သူမက အကြည့်ကို ချက်ချင်းလွှဲကာ ဟန်ဆောင်လိုက်ပါ၏။

"ဘာ . . ဘာမှမဟုတ်ပါဘူး၊ ဘာပြောစရာမှလည်း မရှိပါဘူး"

ခင်အောင်ကြူက ဟက်ခနဲ တစ်ချက်ရယ်ရင်း . . .

"ဒါဖြင့် ခက်ဆစ်ကို ကိုယ်တစ်ခုလောက် အကြံပေးချင်တယ်၊ ရမလား . . ."

"ရှင် . . ."

ခက်ဆစ်ချို၏ အာမေဋိတ်ကြောင့် ခင်အောင်ကြူက အလျှင်အမြန်ပဲ ရှင်းပြလိုက်ပါသည်။

"ဩော် . . ဒီလိုပါ၊ စာမေးပွဲဖြေပြီးရင် ခက်ဆစ်တို့ သူငယ်ချင်းတွေနဲ့ ခရီးတစ်ခုခုလောက် ထွက်ကြပါလား၊ စာမေးပွဲကာလမှာ ပင်ပန်းပြီး စိတ်ဖိစီးနေတာတွေ ပြေပျောက်သွားတာပေါ့"

"သူငယ်ချင်းတွေနဲ့ ဟုတ်လား၊ အဲဒါဆို မေမေက ဘယ်လွှတ်ပါ့မလဲ"

"ဟုတ်တယ်လေ၊ ခက်ဆစ်တို့ကျောင်းက သူငယ်ချင်းတွေနဲ့ ငပလီဖြစ်ဖြစ်၊ ချောင်းသာဖြစ်ဖြစ် စိတ်ပြေလက်ပျောက် သွားကြပေါ့၊ ကိုယ်ကိုယ်တိုင် အန်တီကို ဝိုင်းပြောပြီး စီစဉ်ပေးပါ့မယ်၊ ဘယ်လိုလဲ သွားချင်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ခက်ဆစ်ချိုလည်း ဦးနှောက်စားသွားရသည်။ ဒါ . . သေးနိုးသားနိုးမှ ဟုတ်ရဲ့လား။ ဘာလိုချင်လို့ ဒီလိုတွေ လုပ်ပေးနေရတာလဲ။ သူမအနေနှင့် အပြုတ်မငြင်းသေးဘဲ အလင်းရောင်တို့နှင့် တိုင်ပင်ပြီးမှ ဆုံးဖြတ်တာ ပိုကောင်းပါလိမ့်မည်။ သူမက . . .

"ကိုခင်အောင်ကြူကို ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ စဉ်းစားဦးမယ်လေ၊ သူငယ်ချင်းတွေနဲ့လည်း တိုင်ပင်လိုက်ပါဦးမယ်"

"ရပါတယ်ဗျာ၊ ခက်ဆစ်သဘောပါပဲ"

ဘာပဲဖြစ်ဖြစ် ခက်ဆစ်ချိုအတွေးစိတ်ကူးထဲမှာလည်း ယောက်ျားမယူသေးခင် သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါး ခရီးတစ်ခုလောက်ထွက်ချင်နေမိ၏။ ဒီအခြေအနေမျိုးနှင့် မေမေ့ကို ပြောလို့ရမည်မထင်၍ ငြိမ်နေရခြင်းဖြစ်သည်။ အခုတော့ ကံကြမ္မာက ကိုယ့်ဖက်ပါလာလေပြီး အခွင့်အရေးဆိုတာ အမြဲမရနိုင်ကြောင်းကိုလည်း သူမသိပါသည်။ ထို့နောက် ဒီကိစ္စကို အလင်းရောင်တို့နှင့် တိုင်ပင်ဖို့ ကျောင်းမြန်မြန်ရောက်စေရန် သူမတစ်ယောက် စိတ်စောနေမိတော့၏။

* * * *

ခက်ဆစ်ချိုက ပင်လယ်ခရီးသွားမည့် အစီအစဉ်ကို ပြောပြလိုက်တော့ သူငယ်ချင်းတွေအားလုံး တစ်ယောက်တစ်ပေါက်နှင့် ဆူညံလို့သွားကြသည်။

သီတာက စိတ်ကူးတွေနှင့် ကျူးရင့်နေ၏။

"ဟာ . . ပျော်စရာကြီး၊ စံပယ်ကိုလည်း လိုက်ဖို့ခေါ်ရမယ်၊ ဟဲ့ . . ခက်ဆစ် အတန်းထဲက ပုပုတို့ ယုယုတို့အုပ်စုကို ခေါ်ရင်ကောင်းမလား"





"နင်ကလည်း . . အဲဒီကောင်မတွေက အစားကပုတ်နဲ့၊ ငါတို့အိပ်ထဲကချည်းပဲကုန်မှာ"

"အလကားတော့ ရမလားဟ၊ သူတို့လိုက်ချင်ရင် ပိုက်ဆံထောင်းမှာပေါ့၊ ပိုက်ဆံပေးရလဲ လိုက်မှာပါဟာ၊ ဒီကောင်မတွေက အပျော်အပါးဆို သိပ်ဝါသနာပါတာ၊ မယုံရင်ကြည့်နေ၊ ပုပုက သူ့ဘဲကိုတောင် ခေါ်လာဦးမယ်"

"နင်တို့သဘောပဲဟာ၊ ငါကတော့ ပျော်ပျော်ပါးပါး စိတ်လွတ်လက်လွတ်သွားရရင် ပြီးရော"

ခက်ဆစ်ချိုအပြောကြောင့် ခလုတ်က စပရိန်မျက်နှာနှင့် . .

"ဘာလဲ . . နင်က ယောက်ျားယူရတော့မယ်ဆိုပြီး အသားတုန်ကဲချင်နေတာပေါ့"

ခက်ဆစ်မျက်နှာလေးမှာ ချက်ချင်းမဲ့သွားကာ ခလုတ်ကိုလည်း ဘုကြည့်ကြည့်လိုက်သေးသည်။ ပြီးတော့ သူမက . . .

"အောင်မာ . . ဘာဆိုင်လို့လဲ၊ သူ့ဘာသာသူ မေမေ့ကိုဖားပြီး စီစဉ်ပေးတာပဲ၊ ငါက ဘာဖြစ်လို့ ယူရမှာလဲ"

နားလည်မှုလွဲပြီး တုန့်ပြန်နေသော ခက်ဆစ်ချိုကို ခလုတ်က တဟားဟားရယ်နေတော့သည်။ ရယ်လို့အားရသွားတော့မှ . . .

"ခက်ဆစ်ရာ . . ဝေးလိုက်တာ၊ ယောက်ျားယူရတော့မယ်ဆိုတာ အလင်းနဲ့ပြောတာပါဟ၊ ဘာလဲ . . နင်က မယူတော့ဘူးလား"

"ငါ့ဘဲတော့ ငါယူမှာပေါ့ဟဲ့"

တစ်ဝိုင်းလုံးရယ်ကြရပြန်သည်။ အပ်ချည်ကလည်း . . .

"ငါ့အထင်တော့ နင်ပင်လယ်ခရီးကပြန်ရောက်ရင် နင့်အမေက ဟိုလူကြီးနဲ့ ပေးစားတော့မှာထင်တယ်၊ နင့်ရဲ့ အပျိုဘဝနောက်ဆုံးချိန်လေးမှာ လွတ်လွတ်လပ်လပ် သွားပါစေဆိုပြီး လွှတ်လိုက်တာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ အပ်ချည်ရာ၊ ခရီးထွက်တယ်ဆိုမှတော့ ခက်ဆစ်မှာ အဝတ်အစားရော၊ မှတ်ပုံတင်ပါ ပါပြီလေ၊ ပင်လယ်ခရီးက အပြန်မှာ အလင်းရောင်က တစ်ခါထဲ 'မ' သွားလိုက်ရုံပဲ၊ ဒါဆို ပွဲသိမ်းနေပြီ"

ခလုတ်၏အကြံပေးမှုကို အပ်ချည်က အားရပါးရပဲ ထောက်ခံလိုက်သည်။

"ဟာ . . ဟုတ်တယ် . . ဟုတ်တယ်၊ ကောင်းလိုက်တဲ့ အကြံကွာ၊ အကြံဟုန်းနီးမွန်းပေါ့၊ ဘယ်လိုလဲ ခက်ဆစ် . . ငါတို့ပေးတဲ့ အကြံ ကြိုက်တယ်မဟုတ်လား"

စသလို၊ နောက်သလိုပြောနေ၍ ခက်ဆစ်ချိုကလည်း ရွှံ့ဖြူ သူမရင်ဘတ်ပေါ် လက်ကလေးဖိလိုက်ကာ . . .

"သိပ်ကြိုက်ပေါ့၊ အခုတောင် ရင်တွေခုန်နေပြီ"

"နင် . . အိုရတော့မှာနော်"

"အို . . အိုဟာ၊ အိုနာသေဘေး ဘယ်သူမှ ပြေးမလွတ်ပါဘူးဟယ် . . ခစ် ခစ်"

"ဟယ် . . ကောင်မ . . ."

သီတာက ခက်ဆစ်ချိုကို ဗိုက်ခေါက်ဆွဲလိမ်တော့သည်၊ ခက်ဆစ်ချိုလည်း ခန္ဓာကိုယ်လေး တွန့်ကာတွန့်ကာနှင့် အော်နေလေ၏။

"ဟာ . . သီတာ နာတယ်ဟ၊ ငါက တကယ်ပြောနေတာကို"

"ပြောလေ ကဲလေပါလား၊ ကဲဟယ်"

"အား . . ."

"ဟား . . ဟား . . ဟား . . ဟား"

သူမတို့နှစ်ယောက်ကိုကြည့်ပြီး ခလုတ်နှင့်အပ်ချည်တို့လည်း ရယ်လိုက်မိကြသည်။ အလင်းရောင်တစ်ယောက်သာ ပြုံးဖိဖိနှင့် တစ်စုံတစ်ခုကို စဉ်းစားနေ၏။ ခက်ဆစ်ချိုနှင့် ခရီးသွားရမှာ သူ့အတွက်



ရင်ခုန်စရာကောင်းလှပါသည်။ အခြေအနေအရ ခလုတ်ပြောသလို ခက်ဆစ်ချိုကို သူခိုးပြေးသွားရင် ဘာတွေဖြစ်ကုန်မှာလဲ။ နောက်ပြီး ဒီကိစ္စက ထင်သလောက်လွယ်ပါ့မလား . . ။ ခင်အောင်ကြူကရော ဒါတွေကို လုံးဝမစဉ်းစားမိဘူးလား။

အလင်းရောင်မှာ တွေးရင်းနှင့် မျက်နှာက တဖြေးဖြေး လေးနက်လာသည်။ ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးနေပုံရ၏။ ခက်ဆစ်ချိုကို တည်တည်ငြိမ်ငြိမ်ပဲ ပြောလိုက်ပါ၏။

"ခက်ဆစ် . . ဒီကိစ္စကြီးဟာ တမင်လမ်းဖွင့်ပေးထားသလို ဖြစ်နေတယ်၊ သိပ်မရိုးသားတာတော့ အမှန်ပဲ၊ အင်း . . ဒါပေမယ့် ငါစိုးရိမ်နေတာလည်း ဖြစ်မှာပါလေ၊ ငါတို့ သေချာထပ်စဉ်းစားကြည့်ရင် ကောင်းလိမ့်မယ်"

အလင်းရောင်၏ စကားအဆုံးတွင် သူတို့တစ်ဝိုင်းလုံး တိတ်ဆိတ်ငြိမ်သက်လို့ သွားကြ၏။ ထို့နောက်တွင်တော့ သံသယ၏ အငွေ့အသက်များက သူတို့အားလုံးကို စတင်ရစ်ပတ်လောင်ကျွမ်းလာတော့သည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

စာမေးပွဲတွေက ပြီးသွားလေပြီ။ ချောင်းသာသို့ ခရီးထွက်မည့် အစီအစဉ်မှာ ခလုတ်နှင့်အပ်ချည်တို့က အလင်းရောင်ထက်ပင် ပို၍တက်ကြွနေပါသည်။ ခလုတ်မှာလည်း သူ့ကောင်မလေးသီတာပါမည်။ အပ်ချည်ဆိုရင်လည်း သူနှင့်အီစီကလီဖြစ်နေသည့် မြန်မာစာမှ ကောင်မလေးက လိုက်မည်ဟု ဂတိပေးထားပြီပြီ မဟုတ်ပါလား။ အလင်းရောင်မှာမူ ခက်ဆစ်နှင့် ခရီးသွားရမှာကို ပျော်မိသော်လည်း သူ့စိတ်ထဲတွင် ခင်အောင်ကြူနှင့်ပတ်သက်၍ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်နေလေသည်။

ခလုတ်က အဝတ်အစားတွေကို ခရီးဆောင်အိတ်ထဲသို့ထည့်ရင်း လှမ်းမေး၏။

"ဘာဖြစ်နေတာလဲ အလင်းရာ၊ ငူငူငိုင်ငိုင်နဲ့ မင်းပစ္စည်းတွေ ထည့်ထားတော့လေ"





"ထည့်မှာပေါ့ကွာ၊ မနက်ဖြန်မှ သွားမှာပဲဟာကို"

"ဘာပဲဖြစ်ဖြစ်လေကွာ၊ မင်းပုံစံက သိပ်မတက်ကြွသလိုပဲ ဘာလဲ ဒီခရီးစဉ်ကို ဟိုဘဲကြီးစီစဉ်ပေးတာမို့လို့ မင်းဦးနှောက်စားနေတာလား၊ ထားလိုက်ပါကွာ၊ မင်းဘက်မှာ ခက်ဆစ်တစ်ယောက်လုံး ရှိနေတာပဲ"

"ဟုတ်တော့ ဟုတ်ပါတယ်လေ" ဟု အလင်းရောင်တွေးလိုက်မိသည်။ အပ်ချည်ကလည်း . . .

"ဒီလောက် စိုးရိမ်နေရင်လည်း ခလုတ်ပြောသလို ချောင်းသာကအပြန်မှာ မင်းခက်ဆစ်ကို တစ်ခါထဲ ခိုးသွားပေတော့ ဟုတ်ပြီလား"

"အေးကွာ၊ ခိုးသင့်ရင်တော့ ခိုးရမှာပဲ"

"အောင်မာ . . မိန်းမများ ခိုးသင့်မှ ခိုးမယ်ရှိရသေးတယ်၊ မင်းနှာနေဦးမယ် ဟော့ကောင်"

ခလုတ်က အလင်းရောင်ကို မကျေမချမ်းနှင့် အဆောင်အောက်ထပ်သို့ ဆင်းသွားလေသည်။ ထို့နောက် သူက အောက်ထပ်မှဖုန်းဖြင့် မနက်ဖြန် ချောင်းသာလိုက်မည့်သူများအား ကားထွက်မည့် အချိန်နှင့် နေရာကို နောက်မကျစေရန် ဆော်ဩနေတော့သည်။ သူတို့စုရပ်သို့ ခက်ဆစ်ချိုကို ခင်အောင်ကြူနှင့် သူမအမေလိုက်ပို့မည်ဟု ယူဆရသောကြောင့် အလင်းရောင်က ကြိုသွားနှင့်ပြီး မြို့အပြင်လမ်းမှ ကားကို စောင့်စီးရန် ကြံရွယ်ထားသည်။ အစီအစဉ်တွေက အခုချိန်ထိ ချောမွေ့လို့နေသေး၏။

* * * *

"သမီး . . ဟိုရောက်ရင် ကျန်းမာရေး ဂရုစိုက်နေ၊ ဘုရားလည်း မှန်မှန်ရှိခိုးဦး၊ ဘယ်သူနဲ့ဖြစ်ဖြစ် အဆင်ပြေအောင်နေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ မေမေ့ဆီလည်း ဖုန်းဆက်ဦးနော်၊ မေမေ ဆေးတွေလည်း ထည့်ပေးလိုက်တယ်၊ မတည့်တာတွေ မစားမိစေနဲ့ . . သိလား"

မနက်ထဲက မှာစရာတွေ မဆုံးနိုင်သည့် မေမေ့ကို ခက်ဆစ်ချို စိတ်မရှည်ချင်တော့။ သုံးရက်လောက် သွားရမည့်ခရီးကို သုံးနှစ်လောက် မှာတမ်းချွေနေသည်။ ကိုယ်ကဆို ဒီလောက်မလိုအပ်ပါ။ အရင်တုန်း ကလည်း ဒီလိုခရီးမျိုး သွားဖူးခဲ့သည်ပဲ။ အခုတစ်ခေါက်မှ မေမေက ပို၍အစိုးရိမ်ကြီးနေခြင်း ဖြစ်သည်။ အင်းလေ . . အမေဆိုတာ ဒီလို ပါပဲဟူ၍ စိတ်ဖြေယူရသည်။

သူမက မေမေ့ကို ဦးချကန်တော့လိုက်ရင်း . . .

"သမီးသွားတော့မယ် မေမေ၊ ကားထွက်ဖို့ အချိန်က နီးနေပြီ ဟိုမှာ သူငယ်ချင်းတွေ စောင့်နေတော့မယ်"

မေမေက ခက်ဆစ်၏ နဖူးလေးကိုနမ်းပြီး နှုတ်ဆက်ပါသည်။

"အေးအေး . . လမ်းခရီးမှာ အန္တရာယ်ကင်းပါစေကွယ်၊ သမီး ကို မောင်ခင်အောင်ကြူ လိုက်ပို့ပေးလိမ့်မယ်၊ မေမေတော့ မလိုက် တော့ဘူး"

ဘေးမှာထိုင်နေသော ခင်အောင်ကြူက ခေါင်းအသာညိတ် ပြသည်။ ခက်ဆစ်လည်း အဝတ်အစားအိတ်ကိုဆွဲပြီး ခင်အောင်ကြူ ဂျစ်ကားဆီသို့ လျှောက်သွားလိုက်၏။ ခင်အောင်ကြူက သူမနောက်မှ ပြေးလိုက်လာကာ . . .

"ခက်ဆစ် . . ကိုယ့်ကားက သိပ်မကောင်းဘူး၊ ဆီနည်းနည်း ပိတ်နေလို့ ခက်ဆစ်တို့အိမ်က ကားနဲ့ပဲ လိုက်ပို့ပေးမယ်လေ၊ တော်ကြာ လမ်းမှာပျက်နေရင် စုရပ်ကိုရောက်တာ နောက်ကျနေလိမ့်မယ်"

ခက်ဆစ်ချိုက ဘာမှပြန်မပြောတော့ဘဲ အိတ်ကို ခင်အောင် ကြူဖွင့်ပေးသော ဆလွန်းကားနောက်ဖုံးထဲသို့ ထည့်လိုက်ပါသည်။ ဆောလောဆယ်တော့ ခင်အောင်ကြူကို ကလန်ကဆန်လုပ်၍ မဖြစ်





သေး။ သူမလည်း ကားပေါ်တက်လိုက်၏။ အလင်းရောင်တစ်ယောက် လမ်းမှာစောင့်နေမည်ကို တွေးမိကာ သူမရင်ထဲ၌ နွေးပျပျလေး ဖြစ်သွား မိသည်။

ခက်ဆစ်ချိုလိုက်ပါသွားသော ကားလေးခြံထဲမှ မောင်းထွက် သွားသည်ကို ဒေါ်ချိုချိုလွင်က မျက်စိတဆုံး လိုက်ကြည့်လို့နေ၏။ ဒေါ်ချိုချိုလွင် မျက်ဝန်းဆီမှ ဝေ့ဝဲနေသော မျက်ရည်စများကိုတော့ ခက်ဆစ်ချိုတစ်ယောက် မမြင်နိုင်တာ သေချာလှပါသည်။

လမ်းသွယ်လေးမှတဆင့် အဝေးပြေးလမ်းမကြီးပေါ်သို့ ကား ကို ချိုးကွေ့လိုက်ရင်း ခင်အောင်ကြူက သူမကို စကားစလာသည်။

"ခက်ဆစ် . . အရမ်းပျော်နေတာပေါ့ . . ဟုတ်လား"

"ဒီလိုပါပဲ၊ ခရီးသွားတော့လည်း ငြီးငွေ့နေတာတွေ စိတ်ပြေ လက်ပျောက်ဖြစ်တာပေါ့"

ခင်အောင်ကြူက တစ်ချက်ပြုံးလိုက်ပြီး . . .

"ဒါနဲ့ . . ခက်ဆစ်တို့ ဘာအစီအစဉ်ရှိသေးလဲ"

"ဘာကိုပြောတာလဲ ကိုခင်အောင်ကြူ၊ ကျွန်မ သိပ်နားမလည် ဘူး"

ခက်ဆစ်ချို၏စကားကြောင့် ခင်အောင်ကြူက ကားကို အရှိန် မြှင့်လိုက်ပါ၏။ ကားမောင်းနေရင်းမှ သူက . . .

"ဪ . . ခက်ဆစ်က သူငယ်ချင်းတွေနဲ့ ဘာတွေလုပ်ဖို့များ တိုင်ပင်ထားသေးလဲလို့ပါ"

ခင်အောင်ကြူ ဘာတွေပြောနေသည်ကို ခက်ဆစ်သိပ်နား မလည်လှပါ။ ပြီးတော့ သူ့ကိုကြည့်ရတာ ဒီနေ့မှ တစ်မျိုးဖြစ်နေသည်ဟု သူမထင်မိသည်။ မျက်နှာကလည်း ဟိုကြည့်ဒီကြည့်နှင့် သိပ်ဂဏာ မငြိမ်ချေ။

"ဘာကိုတိုင်ပင်ရမှာလဲ၊ အပျော်ခရီးသွားတာပဲ ဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ခင်အောင်ကြူသည် နဖူးက ချွေးစတွေကို လက်ကိုင်ပုဝါဖြင့် သုတ်ကာ ခက်ဆစ်ချိုဆီ တစ်ချက်လှမ်းကြည့်လိုက်၏။ နောက် . . .

"ခက်ဆစ်ကို တစ်ခုပြောစရာရှိတယ်၊ ခဏနားထောင်ပေးပါ နော်"

ငြင်းလို့ရမှာ မဟုတ်သဖြင့် ခက်ဆစ်က ဘာမှပြန်မပြောဘဲ ရှေ့တည့်တည့်ကိုပဲ စိုက်ကြည့်နေလိုက်သည်။

ခင်အောင်ကြူလည်း သက်ပြင်းကို အသာချကာ စကားကို ပြောလေ၏။

"ကိုယ်နဲ့ ခက်ဆစ်ကို လူကြီးတွေ သဘောတူထားကြတာ ခက်ဆစ်သိတယ်နော်၊ တကယ်တော့ သူတို့ချင်းသဘောတူတာထက် ကိုယ်က ခက်ဆစ်ကို မြတ်မြတ်နိုးနိုး ချစ်နေမိလို့ လက်ထပ်ချင်တာပါ ကိုယ်မင်းကိုချစ်တယ် ခက်ဆစ်"

ဒီအချိန်မှာ ဒီစကားမျိုး ပြောလာမည်မထင်ထားသဖြင့် ခက်ဆစ် လည်း အတော်အံ့ဩနေမိသည်။ သို့သော် သူမဆီမှာ အဖြေက အဆင် သင့်ရှိပြီးသား ဖြစ်ပါ၏။ ခင်အောင်ကြူဘက်ကိုလှည့်၍ သူမက ခပ်အေးအေးပဲ ပြန်ပြောလိုက်လေသည်။

"ကျွန်မ ဝမ်းနည်းပါတယ် ကိုခင်အောင်ကြူ၊ ကျွန်မမှာ ချစ်သူ ရှိတယ်၊ သူနဲ့ပဲ ကျွန်မလက်ထပ်ရပါလိမ့်မယ်"

သူမစကားကို ခင်အောင်ကြူက ဘာမှမဖြစ်သောပုံစံနှင့် . .

"မင်းမှာ ချစ်သူရှိတာ ကိုယ်သိပြီးသားပါ၊ ဒါပေမယ့် မင်း ကိုယ့်ကိုပဲ လက်ထပ်ရလိမ့်မယ် ခက်ဆစ်"

"မိဘတွေ သူတို့သဘောနဲ့ စီစဉ်ထားတာ ကျွန်မစိတ်မဝင် စားဘူး ကိုခင်အောင်ကြူ၊ ပြီးတော့ ကျွန်မ ရှင့်ကိုလည်း လက်မခံနိုင် ဘူး"

ခက်ဆစ်ဆီမှ အငြင်းကို ပြတ်ပြတ်သားသား ကြားလိုက်ရ







တော့ ခင်အောင်ကြူက ဟက်ခနဲ တစ်ချက်ရယ်ပါသည်။ ပြီးတော့-

"မင်းသူငယ်ချင်းတွေကတော့ စောင့်နေမှာပဲနော်၊ မင်းချစ်သူ တတော့ ချောင်းသာက အပြန်မှာ ခိုးပြေးမယ်တောင် စီစဉ်ရင် စီစဉ် ထားဦးမှာ"

"ရှင် ဘာတွေလာပြောနေတာလဲ"

ခက်ဆစ်လည်း စူးစူးဝါးဝါးပင် အော်ပစ်လိုက်၏။ ခင်အောင် ကြူကမူ အပြုံးမပျက်ဘဲ အေးစက်စက်လေသံနှင့် . . .

"ကိုယ်က ဖြစ်နိုင်တာတွေ ပြောကြည့်တာပါ၊ ဒီခရီးက ကိုယ် စီစဉ်ခဲ့တာပဲလေ၊ ကိုယ်လည်း အစထဲက မတွေးမိဘဲ နေပါ့မလား"

ခက်ဆစ်ချိုမှာ အလင်းရောင်ပြောခဲ့သည့် စကားများကို ပြန် လည်သတိရလာသည်။ ဒီလူကြီး ဘာကိုဆိုလိုချင်တာပါလိမ့်။ တွေးရင်း သူမကျောထဲမှာ စိမ့်ခနဲ ဖြစ်သွား၏။

ခင်အောင်ကြူက သူမနာမည်ကို ခေါ်လိုက်၏။

"ခက်ဆစ် . . ."

"တော်ပြီ . . ကိုခင်အောင်ကြူ၊ ဒီအကြောင်းပြောမယ်ဆိုရင် တော့ ကျွန်မ လုံးဝမဆွေးနွေးနိုင်တော့ဘူး၊ ကျွန်မကို ကားရပ်ပေးပါ၊ ဒီကနေ ကားငှားပြီး ကိုယ့်ဘာသာပဲ သွားတော့မယ်"

"ဟား . . ဟား . . ဟား . . ခက်ဆစ်ရယ်၊ အဲဒီလောက် လွယ်ပါ့မလား၊ ဒါတွေကို ဒီအခြေအနေအထိရောက်အောင် ကိုယ် စီစဉ်ထားတာ အလကားမှမဟုတ်တာ၊ ခက်ဆစ်အမေကိုယ်တိုင် ကိုယ့် လက်ထဲထည့်ပေးလိုက်တာပဲလေ"

"ရှင် . . ရှင် . . ဘာတွေပြောနေတာလဲ"

သူမ၏ အလန့်တကြား ရေရွတ်သံများအဆုံးမှာ ခင်အောင် ကြူက ကားကို အရှိန်ထပ်မံမြှင့်လိုက်ပါသည်။

"မင်းကို ပြောပြီးသားလေ၊ မင်း ကိုယ်နဲ့ပဲ လက်ထပ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာကို၊ ကိုယ်မင်းကို ခေါ်လာတာ မင်းအကောင်ရဲ့လက်ထဲ ထည့်ပေးလိုက်ဖို့ မဟုတ်ဘူး"

"ရှင် . . ရှင်ရူးနေလား ကိုခင်အောင်ကြူ။ ကားကို အခုရပ်လိုက်ပါ"

သူ့အပြုအမူကြောင့် ခက်ဆစ်ချိုမှာ တုန်လှုပ်လာမိသည်။ ခင်အောင်ကြူသည် အေးစက်နေသော မျက်နှာထားနှင့် ကားကို တရှိန်ထိုးမောင်းလျက်ရှိသည်။ နှုတ်မှလည်း ဂမူးရူးထိုးတွေ လျှောက်ပြောနေပြန်၏။

"ကိုယ်မင်းကို အဆုံးအရှုံးမခံနိုင်ဘူး ခက်ဆစ်၊ မင်းကို အရမ်းချစ်တယ်"

"အို . . မသိဘူး . . မသိဘူး၊ ရှင် ကားကိုရပ်မလား၊ မရပ်ပေးဘူးလား"

ခင်အောင်ကြူက သူမစကားကို မတုန်လှုပ်ချေ။ ဒါဆို သူမကို ကားတင်ပြေးလာပြီပေါ့။ မေမေက သိသိနဲ့ထည့်ပေးလိုက်တာပေါ့။ ခက်ဆစ်ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားမိသည်။ ခင်အောင်ကြူ၏အစီအစဉ်တွေကိုလည်း သူမရိပ်မိလာ၏။ သူမမှာ အခုတော့ အဝတ်အစားအပြည့်အစုံနှင့် မှတ်ပုံတင်ပါထည့်ပြီး လိုက်လာမိသလို ဖြစ်နေလေပြီ။ စောင့်နေမည့်ချစ်သူ အလင်းရောင်ကိုတွေးမိတော့ သူမစိုးရိမ်ဝမ်းနည်းလာမိသည်။ ဒီလောက် အမြန်မောင်းနေသည့် ကားပေါ်ကလည်း ခက်ဆစ်ချိုမခုန်ချရဲပါ။ စိတ်ကို ငြိမ်အောင်ထား၍ ခက်ဆစ်ချိုမှာ အသက်ကို ဝအောင်ရှူပစ်လိုက်ပါ၏။

ခက်ဆစ်က လေသံကို အတည်ငြိမ်ဆုံးထားကာ ခေါ်လိုက်သည်။

"ကိုခင်အောင်ကြူ . . ."

"ကားရပ်ခိုင်းမလို့လား ခက်ဆစ်၊ မဖြစ်နိုင်ဘူး၊ ရုပ်ရှင်တွေ





ထဲကလို ခုန်တော့မချလိုက်နဲ့နော်၊ အဲ . . ဒါပေမယ့် တံခါးတွေကိုတော့ (Lock) တွေချထားပြီးသားပါ"

ခက်ဆစ်ချိုမှာ လုံးဝမတုန်လှုပ်တော့ဘဲ ခုံပေါ်မှာ သက်တောင့်သက်သာ မှီချပစ်လိုက်ပါတော့သည်။ သူမက . . .

"ကျွန်မတို့ ဆွေးနွေးရအောင် ကိုခင်အောင်ကြူ။ ကျွန်မ ကားပေါ်က ခုန်မချရဲပါဘူး၊ ကျွန်မသေလို့လည်း မဖြစ်သေးဘူး။ ကျွန်မတို့ ဆွေးနွေးပြီးရင် ရှင့်သဘောပါပဲ၊ ရှင်ခေါ်သွားမယ့်နေရာကို ကျွန်မ အေးအေးဆေးဆေးပဲ လိုက်ခဲ့မှာပါ၊ ကားကို ခဏရပ်ပြီး ကျွန်မတို့ စကားပြောကြတာပေါ့"

ခင်အောင်ကြူက နားမလည်သလိုပုံမျိုးနှင့် ခက်ဆစ်ချိုကို လှမ်းကြည့်လိုက်၏။ သူမသည် တကယ်ပင် တည်ငြိမ်အေးဆေးစွာ ပြောနေခြင်း ဖြစ်ပါသည်။ သူမမျက်နှာပေါ်မှာ စိုးရိမ်ကြောက်လန့်သော၊ ဝမ်းနည်းဒေါသထွက်သော အမူအရာများလည်း မရှိပါ။ ခင်အောင်ကြူသည် ကားကို အရှိန်လျှော့ချ၍ လမ်းဘေးမှာ အသာလေးထိုးရပ်လိုက်တော့သည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

လက်ပတ်နာရီကို ငုံ့ကြည့်မိရင်း အလင်းရောင်စိတ်တွေ ဂဏာမငြိမ် ဖြစ်လာသည်။ သူနာရီကြည့်နေမိသည်မှာ ဘယ်နှစ်ကြိမ် ရှိမှန်းပင် မသိတော့။ သူစောင့်နေသည့်နေရာကို စုရပ်မှ ကားရောက်လာသင့်ပြီ။ ဘာများအဆင်မပြေ ဖြစ်နေပြီလဲ။ ခလုတ်က အဖော် လိုက်စောင့်ပေးမယ်ဆိုတာကို ထားခဲ့မိ၍ သူ့မှာတိုင်ပင်စရာလူလည်း မရှိပေ။ သူ့ဆီမှာ လိုရမယ်ရ ဆက်သွယ်လို့ရအောင်ဆိုပြီး ခဏာယူလာသည့် စံပယ်ဟန်းဖုန်းတော့ရှိ၏။ ဒါပေမယ့် ခက်ဆစ်ချိုက သူ့မအိမ်ကို ဖုန်းမဆက်ပါနှင့်ဟု သေသေချာချာ မှာထားသဖြင့် အလင်းရောင်လည်း ဖုန်းကြီးကိုင်ကာ ဘာမှလုပ်မရဘဲ ငုတ်တုပ်မှေ့နေလေသည်။ သို့သော် အရေးအကြောင်း တစ်ခုခုဆိုလျှင်တော့ ခက်ဆစ်က သူ့ဆီကို ဆက်ပါလိမ့်မည်။

ဘမြေးမြေး အချိန်က လင့်လာ၏။ ခက်ဆစ်ဘက်မှာ အခက်





အခဲတွေ ရှိနေလို့လားဆိုပြီး သူလည်း စိုးရိမ်လာမိသည်။ ခင်အောင်ကြူ ဆိုသည့် လူကလည်း သိပ်ယုံရတာမဟုတ်။ အချိန်ကြာလာလေ သူ့မှာ စိတ်ဖိစီးမှုများလာလေ ဖြစ်နေရသည်။

ထိုစဉ် ရုတ်တရက် ဖုန်းမြည်လာသောကြောင့် အလင်းရောင်လည်းပျော်ပြီး အမြန်နားထောင်လိုက်သည်။

"အလင်း . . လား၊ ငါပါ . . ."

"ဟာ . . ခက်ဆစ်ရာ၊ နင်တို့ အခုထိ ထွက်မလာကြသေးဘူးလား၊ ငါဒီမှာ စိတ်ပူလို့သေတော့မယ်၊ နင်တို့က ဘာလို့ကြာနေကြရတာလဲ"

ခက်ဆစ်ချိုဆီမှ သက်ပြင်းချသံသဲ့သဲ့ ကြားလိုက်ရသဖြင့် အလင်းရောင်တစ်ယောက် ပို၍စိတ်ပူသွားတော့၏။

"ခက်ဆစ် . . ဘာတွေများ အဆင်မပြေဖြစ်နေတာလဲ၊ ငါပြောတာရော ကြားရဲ့လား"

"ကြားပါတယ်၊ အလင်း . . ငါပြောတာကို နင်သေသေချာချာ နားထောင်နော်"

ခက်ဆစ်၏အသံက ပုံမှန်မဟုတ်မှန်း သူနားလည်လိုက်ပါသည်။ ထို့ကြောင့် . . .

"ခက်ဆစ် . . ပြဿနာတစ်ခုခု ရှိနေပြီလား၊ ငါ့ကို မြန်မြန်ပြောဟာ"

"နင် သိပ်စိတ်ပူမနေနဲ့နော် အလင်း၊ ငါ အခုထိ စုရပ်ကို မရောက်သေးဘူး၊ ဟိုကောင်တွေ နင့်ဆီဖုန်းဆက်ရင် ရှေ့ကနေသွားခိုင်းထားလိုက်၊ ငါနဲ့နင်နဲ့က အိမ်ကကားနဲ့ နောက်ကနေ လိုက်လာခဲ့မယ်လို့ပြောလိုက် . . သိလား၊ ငါဒီမှာ ကိစ္စတစ်ခုရှိနေသေးလို့ ဘယ်လိုပဲဖြစ်ဖြစ် နင်ရှိတဲ့နေရာကို ငါရောက်အောင်လာခဲ့မှာပါ၊ နင်က အဲဒီနေရာမှာပဲ ငါမလာမချင်းစောင့်နေနော် . . အလင်း"



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မှာ စိုးရိမ်စိတ်တွေ ငယ်ထိပ်ရောက်သွားရှာ၏။ ခက်ဆစ်တစ်ခုခုဖြစ်နေတာ သေချာသွားပြီ။ တွေးကြည့်စရာကလည်း ဟိုလူကြီးနှင့် ပတ်သက်မှုရှိနေသည့် အကြောင်းကလွဲ၍ တခြားမရှိနိုင်ပေ။

"ခက်ဆစ် . . ဟိုလူကြီးနဲ့ ဘာတွေဖြစ်နေလို့လဲ၊ ငါ့ကိုပြောစမ်းပါ၊ ခု နင်ဘယ်နေရာမှာရှိလဲ၊ ငါအခုချက်ချင်း လိုက်လာခဲ့မယ်၊ နင့်အတွက်ဆိုရင် ငါဘာမှဂရုမစိုက်ဘူး"

အတန်ကြာသည်အထိ ခက်ဆစ်ဘက်မှ တိတ်ဆိတ်နေသေးသည်။ ပြီးမှ မနည်းတည်ငြိမ်အောင် ကြိုးစားပြောလိုက်ရသော လေသံဖြင့် . . .

"နင်စိတ်ပူတာကို ငါနားလည်ပါတယ် အလင်းရယ်၊ ဒါပေမဲ့ နင်လိုက်လာလို့ မဖြစ်ဘူး၊ ငါပြောသလိုသာ လုပ်လိုက်ပါ၊ ဘယ်အခြေအနေပဲဖြစ်ဖြစ် ငါနင့်ဆီကို ရောက်အောင်လာခဲ့မှာပါ၊ ဒါပဲနော်"

"ခက်ဆစ် . . နေဦး၊ ခက်ဆစ် . . ဟာ . . ."

ခက်ဆစ်က ဖုန်းချသွား၏။ သူမ၏ ဖုန်းနံပါတ်ကို ပြန်ခေါ်လိုက်တော့ connecting က error တက်နေလေသည်။ အလင်းရောင်မှာ ငူငူငိုင်ငိုင်နှင့် ဘာဆက်လုပ်ရမှန်း မသိတော့ပေ။ ခက်ဆစ်နှင့် ဟိုလူကြီးကြားမှာ ပြဿနာတစ်ခုခုရှိနေတာ သေချာသလောက်ရှိသည်။ ချစ်သူကို ဘာမှမလုပ်ပေးနိုင်သဖြင့် သူလည်း ကြေကွဲစွာ ခေါင်းငိုက်စိုက်ကျသွား၏။ ချောင်းသာခရီးစဉ်ကို သူတို့လက်ခံလိုက်တာ အမှားပဲဟု အချိန်လွန်မှ အလင်းရောင်သိလိုက်ရပါသည်။ ဒီတစ်ခါ ကံတရားက ကိုယ့်ကိုမျက်နှာသာပေးပါဦးမလား။ အနာဂတ်တွေက မရေမရာရှိလှသည်။

သူ့စိမ်းနံပါတ်တစ်ခုဖြင့် ဖုန်းက ထပ်မြည်လာသောကြောင့် သူလည်း နားထောင်လိုက်ပါ၏။ ဟိုဘက်ကလူမှာ ခလုတ်ဖြစ်နေ၏။ ခလုတ်က သူ့ကို . . .





"ဟော့ကောင် . . . ခက်ဆစ်က အခုထိ မလာသေးဘူးကွ၊ သိတာ သူ့အိမ်ကို လှမ်းဆက်ကြည့်တော့လည်း အိမ်က ထွက်သွားတာ ကြာပြီဆိုလို့ ငါတို့အားလုံး ခက်ဆစ်ကိုစောင့်နေတာ၊ တော်ကြာ နောက်ကျတယ်ဆိုပြီး မင်းစိတ်ပူနေမှာစိုးလို့"

အလင်းရောင်မှာ ပြန်ပြောရန်ပင် အားမရှိတော့ပေ။ ဒီကိစ္စကို ပြောပြလိုက်လျှင် ပျော်ရွှင်တက်ကြွနေကြသည့် သူငယ်ချင်းတွေ စိတ်နောက်ကျိသွားကြဦးမည်။ အပူမီးတိုတော့ သူများတွေ မကူးစက်စေချင်ပါ . .။ ကိုယ့်တစ်ယောက်ထဲသာ ခံစားလိုက်ပါတော့မည်။ ခက်ဆစ်ကလည်း ဘာမှမပြောဖို့ မှာထားသေးသည် မဟုတ်လား။

အလင်းရောင်က အသံကို ပျော်ရွှင်နေသလို ခပ်မြူးမြူးလေး လုပ်ကာ . . .

"ငါကတော့ စိတ်မပူပါဘူးကွာ၊ ခက်ဆစ်က ငါနဲ့အတူတူ ရှိနေတာကွ . . ဟဲ ဟဲ . . ."

ထိုအခါ သူ့ကို ခလုတ်က စိတ်တိုသွားဟန်ဖြင့် . . .

"ဘာလဲကွာ၊ ဒီမှာ စောင့်နေတာကို ခက်ဆစ်က မလာဘဲနဲ့ ဘာလုပ်တာလဲ"

"မဟုတ်ဘူးကွ၊ ခက်ဆစ်ကို သူ့အိမ်က တစ်နေရာကို အရေးတကြီး သွားခိုင်းနေလို့ကွာ၊ အဲဒါ . . ငါပါ အဖော်လိုက်လုပ်ပေးနေရတယ်"

"ဟင် . . ဒါဆို သူက မလိုက်တော့ဘူးလား၊ ဟာကွာ"

"လိုက်မှာပါ၊ အဲဒါပြောမလို့ မင်းတို့ဆီ ဖုန်းခေါ်နေတာ၊ ဖုန်းက လုံးဝခေါ်လို့မရဘူး၊ ခက်ဆစ်ရဲ့ကိစ္စက နေ့လည်လောက်မှပြီးမှာဆိုတော့ ငါတို့ကို မစောင့်ကြနဲ့တော့၊ မင်းတို့ကား ရှေ့ကသွားနှင့် . . . ဟုတ်ပြီလား၊ သူနဲ့ငါက သူတို့အိမ်ကကားနဲ့ လိုက်လာခဲ့မယ်"

ခလုတ်က သိပ်မယုံချင်ဘဲ ပြန်မေးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . အတည်နော်"

"နောက်ပါမလားကွ၊ ငါလည်း သူနဲ့နှစ်ယောက်ထဲ ခရီးသွားရမှာကို ရင်ခုန်နေတာ . . ဟဲ ဟဲ၊ မင်းတို့ ဒိုးနှင့်ကြတော့"

"ခွေးကောင် . . အဲလိုမှန်းသိရင် မင်းတို့ကို မစောင့်ပါဘူး၊ ဒါဆိုလည်း ငါတို့သွားနှင့်မယ်"

"OK . . OK . . ဟိုမှာတွေ့မယ်"

အလင်းရောင်မှာ စိတ်ပင်ပန်းစွာ သက်ပြင်းကို ရှိုက်လိုက်မိသည်။ သူဖုန်းထဲမှာ ပြောခဲ့သလို အပြင်မှာ တကယ်ဖြစ်လာလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ အခုတော့ ခက်ဆစ်ချိုကို စောင့်နေရုံမှတပါး ဘာမျှော်လင့်ချက်မှ မရှိတော့ချေ။ သူမကို စောင့်နေခြင်းသည် တစ်နည်းအားဖြင့် သူ့အနာဂတ်ကို ဖန်တီးနေရခြင်းပင် ဖြစ်၏။ အလင်းရောင်လည်း အဝေးကြီးဆီသို့ ငေးရီကြည့်နေမိတော့သည်။

* * * *

သစ်ပင်များ ဝဲယာပေါက်ရောက်နေသည့် အဝေးပြေးလမ်းမဘေးတစ်နေရာတွင် ဆလွန်းကားလေးတစ်စီး ရပ်ထားပါသည်။ လမ်းဘေး သစ်ပင်ကြီးတစ်ပင်အောက်မှာလည်း လူနှစ်ဦးက မလှုပ်မယှက်တိတ်ဆိတ်စွာ ရပ်နေကြသည်။ ခင်အောင်ကြူနှင့် ခက်ဆစ်ချိုတို့က လေအဝေ့တွင် ရွက်ခြောက်များ လွင့်ကြွေကျလာသည်ကိုကြည့်ရင်း သက်ပြင်းကို ချလိုက်ပြန်၏။

သူက ခက်ဆစ်ကို စပြောပါသည်။

"ခက်ဆစ် . . ပြောလေ၊ ကိုယ်က နားထောင်ရုံသက်သက်ပဲ"

"ကျွန်မ ခုနက ကိုခင်အောင်ကြူဖုန်းနဲ့ အလင်းဆီကိုဆက်တာ ကြားတယ်နော်"





ခင်အောင်ကြူက ခပ်ထေ့ထေ့လေး ပြုံးလိုက်ပြီး . . .

"ကိုယ်မကြားဘူး၊ ပြီးတော့ . . အဲဒါကိုလည်း စိတ်မဝင်စားဘူး ခက်ဆစ်"

ခက်ဆစ်ချိုကလည်း အပြုံးလေးနှင့် သူ့ကိုပြန်ကြည့်၏။ ထိုအပြုံးလေးသည် ထက်မြနေသော ဓါးတစ်စင်းကဲ့သို့ သူ့အားစိန်ခေါ်နေလေသည်။

ခက်ဆစ်ချိုက . . .

"ရှင် စိတ်ဝင်စားလာမှာပါ၊ ရှင့်ကို ကျွန်မ ခုနက ပြောခဲ့တဲ့စကားတွေကို မှတ်မိသေးရဲ့လား"

"ဘာကိုဆိုလိုတာလဲ . . ခက်ဆစ်"

နားမလည်နိုင်စွာ သူက မေးမိသည်။ ခက်ဆစ်က ခင်အောင်ကြူဘက်ကိုလှည့်၍ . . .

ကားပေါ်မှာ ရှင့်ကို ကျွန်မလက်ထပ်ရမယ်လို့ ရှင်ပြောတုန်းက ကျွန်မပြောခဲ့တာ မှတ်မိလား၊ ကျွန်မချစ်သူကိုပဲ လက်ထပ်ရလိမ့်မယ်ဆိုတာရယ်၊ ပြီးတော့ . . ကျွန်မကားပေါ်က ခုန်မချရဲဘူး၊ သေလို့မဖြစ်သေးဘူး ဆိုတာရယ်လေ"

"အဲဒါက . . ."

"အဲဒါ . . ကျွန်မ သေရမှာကြောက်လို့ မဟုတ်ဘူး၊ လူမပီသမှာစိုးလို့"

"မင်း . . မင်း . . ဘာကိုဆိုလိုတာလဲ ခက်ဆစ်"

သူ ဆတ်ခနဲ တုန်လှုပ်သွားပါသည်။ ဒီတစ်ခါ တုန်လှုပ်ခြောက်ခြားရမှာ သူ့အလှည့်ဖြစ်သွားပြီလား။ ခင်အောင်ကြူက ခက်ဆစ်မျက်နှာပေါ်မှာ တစ်စုံတစ်ခုကို အသဲအသန် လိုက်ရှာဖွေနေမိသည်။ တည်ငြိမ်ရဲရင့်နေသည့် သူမဟန်ပန်များက သူ့ကို တဖြေးဖြေး ချောက်ချားလာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . ကိုခင်အောင်ကြူ ကျွန်မ မသေရဲဘူး၊ ကျွန်မ ချစ်သူနဲ့ လက်ထပ်မှုကို ဖြစ်တော့မယ်၊ ရှင်သိထားတာထက် ကျွန်မ တို့နှစ်ယောက်က နက်နက်ရှိုင်းရှိုင်း ပတ်သက်မိခဲ့ပြီးပြီ၊ ဒီအချိန်မှာ ကျွန်မနောက်ဆုတ်လို့ မဖြစ်တော့ဘူး ကိုခင်အောင်ကြူ ကျွန်မ လူပီသ ချင်သလို၊ ရှင့်ကိုလည်း မရိုင်းစေချင်ဘူး"

"မင်း . . မင်း . . ငါ့ကို လှည့်စားနေတာလားဟင် ခက်ဆစ်"

အထစ်ထစ် အငေါ့ငေါ့နှင့် ခင်အောင်ကြူက ပြောနေ၏။ သူ့ရင်ထဲမှာ မျှော်လင့်ချက်တွေ ဝုန်းခနဲ ပြိုဆင်းသွားသလို ခံစားလိုက်ရသည်။ သူမက ဆက်၍ပြောပြန်သည်။

"လှည့်စားတယ်ဆိုရင်တောင်မှ အပွင့်တစ်ပွင့် ပွင့်လာဖို့အတွက် အပင်တစ်ပင်ကို တွန်းအားပေးခဲ့ရသလို လှည့်စားလိုက်ရတာမျိုးပါ၊ ရှင်မယုံရင် ကားထဲက ကျွန်မအိတ်ထဲမှာ ဆေးစစ်ချက်ရှိတယ်၊ ဒီနေရာနဲ့ မနီးမဝေးမှာ ကျွန်မချစ်သူရှိတယ်၊ သူကလည်း ပြောတယ်၊ ခု ရှင်နဲ့ ကျွန်မလိုက်သွားလည်း ခွင့်လွှတ်ပါတယ်တဲ့၊ ပြီးတော့ . . ကျွန်မဘယ် အချိန်မဆို ပြန်လာခဲ့၊ သူလက်ခံပါတယ်တဲ့၊ အဲဒီတော့ ရှင်ဆုံးဖြတ်ပါ၊ ကျွန်မပြောချင်တယ်ဆိုတာ ဒါပါပဲ၊ ဒီလောက်ဆို အချစ်ဆိုတာ ကျွန်မ တို့နှစ်ယောက်ကြားမှာ ဆက်ပြောဖို့ မလိုတော့ပါဘူးနော်"

သူ့အား ဆုံးဖြတ်ခိုင်းနေသည့် ခက်ဆစ်ပုံစံက အရာရာကို ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပြီးပြီမှန်း သိသာလှသည်။ သူက ဘာကိုဆုံးဖြတ်ပေးရမှာလဲ။ စောစောတုန်းက ဝင်လာခဲ့သော စိတ်ရိုင်းများအတွက် သူရှက်ရွံ့လာမိသည်။ ခင်အောင်ကြူမှာ သူမကို မျက်နှာလွှဲကာ သစ်ရွက်ကြွေများကို ကြည့်မိလိုက်၏။ သူ့ရင်ထဲတွင်လည်း မတည်ဆောက်ရသေးသည့် အချစ်တွေက တဖြုတ်ဖြုတ်ကြွေကျလျက် ရှိပါသည်။ ရှက်ရွံ့မှုနှင့် နာကျင်မှုတို့သည် သူ့ကိုတစ်လှည့်စီ ရောပြွန်း ဆိုတ်ခိုက်နေလေတော့သည်။ အရာရာကို လွှတ်ချလိုက်ရုံမှလွဲပြီး သူ





ဘာများတတ်နိုင်ဦးမည်နည်း။ ပင့်သက်ကိုရှိုက်၍ သူက ပြောလိုက် မိသည်။

"ကိုယ်နားလည်လိုက်ပါပြီလေ၊ ကျေးဇူးပြုပြီး ဒါတွေ ဘာမှ မဖြစ်ခဲ့ပါဘူးလို့သာ သဘောထားပေးပါ၊ ခက်ဆစ်ကားကို ယူသွား လိုက်တော့၊ ကိုယ်ဒီမှာပဲ ကျန်နေခဲ့မယ်"

ခင်အောင်ကြူက သူမကို ကားသော့လှမ်းပေးလိုက်ပါ၏။ တစ်စုံတစ်ခုအတွက် သူငြိမ်ငြိမ်သက်သက်လေး ကြေကွဲချင်နေသေး သည်။ အခုဆို ကျယ်ပြောလှသော ကောင်းကင်ကြီးအောက်မှာ သူ နိုလှုံချင်သော ရင်ခွင်ဆိုတာလည်း မရှိတော့ပြီ။ သွားပါတော့ ခက်ဆစ် ရယ်။ သူက မျက်စိကို စုံမှိတ်ထားလိုက်မိ၏။

သူမက သူလှမ်းပေးသော ကားသော့ကိုမယူဘဲ ရဲရင့်သည့် စကားတစ်ခွန်းကို ဆိုလိုက်ပြန်သည်။

"ဒီလိုနေရစ်ခဲ့လို့ မရဘူးလေ ကိုခင်အောင်ကြူရဲ့ . . ၊ ရှင့်ရဲ့ ဂုဏ်သိက္ခာအတွက် ကျွန်မချစ်သူဆီကို ရှင်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပေးမှဖြစ်မယ်၊ ဘယ်လိုလဲ . . ."

ခေါင်းငိုက်စိုက်ချ၍ သူက သော့ကမ်းပေးထားသော လက်ကို ပြန်ရုတ်သိမ်းလိုက်ပါသည်။ ဂုဏ်သိက္ခာအတွက်တဲ့ . . ။ မိဘတွေ လူကြီးချင်းသဘောတူပေးထားတာကို အားကိုးပြီး စိတ်ရိုင်းဝင်ခဲ့သည့် သူ့အပေါ် ခက်ဆစ်က သဘောထားကြီးစွာ နားလည်ခွင့်လွှတ်ပေး လေပြီ။ ခက်ဆစ်ကို သူမချစ်သူထံပို့ပေးရန် သူကားဆီလျှောက်သွား လိုက်၏။ သူမလည်း ပြုံးလျက်လိုက်ပါလာခဲ့၏။

သူ့ရင်ထဲမှာ ဆွတ်ပျံ့စွာ ကြေကွဲနေတော့သည်။ နောက် . . တဖြေးဖြေးနှင့် ကြည်နူးလာမိ၏။ ခွင့်လွှတ်ခြင်းဟာလည်း "အချစ်" ဆိုတာကို သူနည်းနည်းပါးပါး ရိပ်စားမိလာပါသည်။ ခင်အောင်ကြူမှာ မဲ့ပြုံးလေးပြုံးပြီး ကားစက်ကို နှိုးလိုက်၏။ ခဏနေတော့ သူမကို



www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်လာသော ကားလေးသည် အလင်းရောင်ရှိရာသို့ ဦးတည်လျက် ရွေ့လျားသွားနေလေသည်။

* * * *



## (၂၇)

"အလင်းရောင်" ဆိုသော ထိုကောင်လေးနှင့် "ခက်ဆစ်ချို" ဆိုသော ထိုကောင်မလေးတို့ထံ၌ သိပ်မကြာခင် လူသားဝတ်မှုန်တစ်မျိုး ထွန်းကားလာခဲ့ပါသည်။ ထိုလူသားဝတ်မှုန်လေးသည် အလင်းရောင်၏ အမိပွါယ်ကို ခက်ဆစ်အနက် ဖွင့်ဆိုထားခြင်းဖြစ်၍ "အလင်းခက်ဆစ်" ဟု အမည်တွင်၏။

လူသားဝတ်မှုန်လေးကို ဖခင်ဖြစ်သူက "ခက်ဆစ်" ဟုခေါ်တတ်ပြီး၊ မိခင်ကမူ "အလင်း" ဟုခေါ်လေ့ရှိသည်။ အနို့အလင်းခက်ဆစ်လေးသည် အထီးလား၊ အမလား။ ရုပ်ချောသလား၊ ရုပ်ဆိုးသလား။ ဖြူသလား၊ မည်းသလား။ ပိန်သလား၊ ဝသလား။ ပုသလား၊ ရှည်သလား။ . . . (စသ [illegible] ပြုရန် ခက်ခဲလှသည်။

ထိုလူသားလေးသည် အလင်းရောင်နှင့် ခက်ဆစ်ဆို [illegible] ကြားရှိ



www.burmeseclassic.com

www.burmeseclassic.com



"အချစ်" ပြယုဂ်တစ်ခုလည်း ဖြစ်နိုင်၏။ ဒါမှမဟုတ် "မေတ္တာတရား" ၏ ပေါင်းစပ်သင်္ကေတတစ်မျိုးလည်း ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။

လေးစားစွာဖြင့်

ဝေမှုးသွင်
Weihmuthwin @ gmail.com
အမှတ် (၇၇/၈၃)၊ အခန်း (၅၁)
မန္တလေးလမ်း၊ ကန်တော်လေး၊
ရန်ကုန်မြို့။



BURMESE CLASSIC .com
www.burmeseclassic.com